
www.burmeseclassic.com

# ဝေဝေအောင်

## ဂိပိပြောကျိန်ဘာ

လုံးချင်းဝတ္ထုသစ်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၁၅၅၉/ ၂၀၀၃ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၁၃၁/ ၂၀၀၄ (၂)

ထုတ်ဝေသူ

ဒေါ်ဝေဝေအောင်

ဝိုင်းစာပေ

၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၄ ခုနှစ် ဇွန်လ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါး ဖြစ်သူ ဖေဖေနှင့်မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူး ယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**

www.burmeseclassic.com

www.burmeseclassic.com



'လဝန်း' ဟု ခေါ်သော 'လဝန်းပြည့်' ကိုသာ ကျွန်မရဲ့အလုပ်မှာ အလုပ်မခန့်ဖြစ်ခဲ့လျှင်သော်လည်းကောင်း...

ဒါမှမဟုတ် 'လဝန်း' သီဆိုနေသော စားသောက်ဆိုင်ကိုသာ ကျွန်မ မရောက်ဖြစ်ခဲ့မိလျှင်သော်လည်းကောင်း...

ရောက်ဖြစ်ခဲ့ပြန်အုံးတော့ ကျွန်မ 'လဝန်း' ရဲ့သီဆိုမှုမှာမနစ်မျော မသာယာမိလျှင်ခဲ့သော်လည်းကောင်း...

သာယာမိခဲ့အုံးတော့ 'လဝန်းပြည့်' ရဲ့ ဒုက္ခတွေကို ကျွန်မ မကယ်တင်မိခဲ့လျှင်သော်လည်းကောင်း...

ကျွန်မ ဘဝကိုပိုင်စိုးသူ ဖြစ်လာမည့် 'ရှင်နေမင်း' ဆိုသော ဂျစ်ကန်ကန်ကောင်လေးနဲ့ ကျွန်မ ဆုံဆည်းမိမည်မထင်ပါ။

ဆုံဆည်းခဲ့အုံးတော့လည်း ကျွန်မ သူ့ဘဝလေးကိုစိတ်ဝင်စားခဲ့လျှင် ကျွန်မ ဘဝခုလို တစ်ဆစ်ချိုးပြောင်းလဲဖို့ ဖန်တီးလာမည်မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အကြောင်းပေါင်းစုံ တိုက်ဆိုင်စွာပင် ကျွန်မသည် 'လဝန်းပြည့်' ရွာကို ရောက်ရှိလာခဲ့မိပါတော့သည်။

ဒီလို ရောက်လာခဲ့ခြင်းက ကျွန်မအတွက် ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလားဆိုတာကို ထိုအချိန်က ဝေခွဲမရခဲ့ပါချေ။

ကျွန်မအဖို့ လုပ်နေကျအလုပ်တစ်ခုကို လုပ်နေခြင်းဟုသာ စိတ်မှာမှတ်ထင် ယုံကြည်နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁

" လာ 'ဒေါ်ဦးဦးသာ' ... ဒီနေ့ည ခုနစ်နာရီအရောက်လာမယ်ဆိုလို့ ကျွန်တော်စောင့်နေတာ"

စားသောက်ဆိုင်ရှေ့တွင် ကျွန်မ ကားရပ်သည်နှင့် ညွှန့်ကြိုက ဆီးကြိုကာ ကားတံခါးကိုဖွင့်ပေးပါသည်။

သူ ဖွင့်ပေးရာ ကားတံခါးမှတစ်ဆင့် အလိုက်သင့်လေးအဆင်း စားသောက်ဆိုင်အဝင်ဝတွင် 'ဦးမင်းသိုက်' က အသင့်စောင့်ကြိုနေတာဖြစ်ပါသည်။

ကျွန်မလက်တွင်ပတ်လာသော အိုမီဂါနာရီကိုစောင်းငဲ့ကြည့်ကာ စိတ်ထဲက 'ကိုသန်းဌေး' ကို အပြစ်တင်လိုက်မိပါသည်။

ကျွန်မနာရီရဲ့ လက်တံတိုက ခုနစ်ဂဏန်းကိုညွှန်ကာ လက်တံရှည်က ဆယ့်နှစ်ကိုကျော်လို့ တစ်ကွက်ပင်စွန်းလုလု ဖြစ်နေပြီမဟုတ်ပါလား။

ကျွန်မနေထိုင်ရာ တက္ကသိုလ်ရိပ်သာလမ်းမှ ဒီစားသောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှိရာ ကမာရွတ်ဘက်ကိုအရောက် သတ်မှတ်ချိန်ဆယ့်ငါးမိနစ်ပေးကာ အိမ်ကခြောက်နာရီ လေးဆယ့်ငါးမိနစ်တိတိမှာ ထွက်လာခဲ့တာဖြစ်ပါသည်။

အလုပ်ကြီးအကိုင်ကြီး လုပ်နေသော ကျွန်မအဖို့ အချိန်က အရမ်းကို အရေးကြီးလှပါသည်။ဘယ်အလုပ်ကိုပဲလုပ်လုပ် ကျွန်မ အချိန်ကို တိတိကျကျလုပ်လေ့ရှိပါသည်။ ခေါင်းဆောင်လုပ်သူ ကျွန်မက အချိန်ကိုတိတိကျကျလုပ်ပြတော့ ကျန်တဲ့လက်အောက်ငယ်သားတွေဖြစ်တဲ့ ကျွန်မရဲ့အလုပ်သမားတွေကလည်း အချိန်ကို မလေးစားတာ မဖြစ်တော့ပါ။

ဒီတော့ စီးပွားရေးလောကတွင် 'ဒေါ်ဦးဦးသာ' နဲ့အလုပ်လုပ်ရင် တိကျသည်၊ မှန်ကန်သည်၊ သေချာသည်ဆိုသော နာမည်ကောင်းတွေသာ အထွက်များတတ်ပါသည်။ ဒီလိုတိတိကျကျလုပ်တတ်တဲ့ ကျွန်မနဲ့မှ 'ကိုသန်းဌေး' လို ပေါ့တီးပေါ့ဆလူနဲ့လာတွေ့နေရလေသည်။

'ကိုသန်းဌေး' က လွန်ခဲ့သော တစ်လခန့်ကမှ ကျွန်မခန့်လိုက်တဲ့ ဒရိုင်ဘာအသစ်စက်စက်ပါ။

အသက်က လေးဆယ်ကျော်ကျော့်ရှိကာ အသားမည်းမည်း အရပ်ကပုပြတ်ပြတ်ဖြင့် မိခင်အိုကြီးကို လုပ်ကျွေးနေသူဟု ကျွန်မရဲ့ မန်နေဂျာ 'ဦးကျော်မြင့်' က မိတ်ဆက်ပေးလာ၍ ကျွန်မခန့်လိုက်မိတာဖြစ်ပါသည်။

ယခင်ဒရိုင်ဘာ 'ဦးအောင်မောင်း' ကအသက်ငါးဆယ်ကျော်ခန့်ရှိကာ ကျွန်မ ကုမ္ပဏီ စလုပ်တည်းက မောင်းလာခဲ့တာဆိုတော့ ကျွန်မရဲ့ စိတ်နေစိတ်ထားကို မှန်းဆမိနေပါသည်။

ကျွန်မ သွားလိုရာမှန်သမျှ နေ့တန်တာနေ့၊ မြန်တန်တာမြန် စသည်ဖြင့် ကျွန်မမျက်နှာ အမူအယာ၊ အရိပ်အကဲကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ ကျွန်မ၏စိတ်အလိုကို ဖြည့်ဆည်းပေးတတ်သူ တစ်ယောက် ဖြစ်ပါသည်။

လွန်ခဲ့သည့် တစ်လခန့်ကတော့ 'ဦးအောင်မောင်း' နာမကျန်းဖြစ်လာပါသည်။ပင်ပန်း၍ ဖြစ်ရသည်ဟုထင်ကာ ကိုယ့်ကားကိုယ်မောင်းပြီး ဆေးခန်းတွေလိုက်ပြပေးနေတဲ့ ကြားကပင် ကိုယ်တစ်ခြမ်းလေဖြတ်သွားပါတော့သည်။ ကျွန်မ ဟန်မဆောင်နိုင်အောင်ပင် စိတ်ညစ်သွားမိပါသည်။

အလုပ်လည်း လုပ်ရသည်၊ ကားကိုလည်း ကိုယ်တိုင်မောင်းရသည်ဆိုတော့ ကျွန်မအရမ်းကို ပင်ပန်းနွမ်းနယ်နေပါပြီ။ ဒီတော့ 'ဦးအောင်မောင်း' အစား နောက်တစ်ယောက်ကိုခန့်ဖို့ ကျွန်မရဲ့ မန်နေဂျာ 'ဦးကျော်မြင့်' ကို အကူအညီတောင်းရပါသည်။

" ကျွန်တော့်အစ်မအိမ်မှာ အရင်မောင်းဘူးတဲ့ ဒရိုင်ဘာတော့ ကျွန်တော့အစ်မကားရောင်းလိုက်လို့ အားနေတာရှိတယ် 'ဦးဦး' သုံးကြည့်မလား"

မန်နေဂျာ 'ဦးကျော်မြင့်' ကလည်း ကျွန်မရဲ့ဒရိုင်ဘာ 'ဦးအောင်မောင်း' လို လူဟောင်းကြီးတစ်ယောက်မို့ ကျွန်မအပေါ် ဖြူဖြူစင်စင်ဖြင့် တူမလေးတစ်ယောက်လို ကူညီတတ်သူဖြစ်ပါသည်။

မရှိတာထက်စာလျှင်တော့ ရှိမှကိုဖြစ်မှာမို့ ကျွန်မအလွယ်တကူပင် ခေါင်းညိတ်လိုက်မိပါသည်။ ဒီမှာတင် ပြဿနာစတက်ရသည်က 'ကိုသန်းဌေး' အိမ်နဲ့ ကျွန်မအိမ် အရမ်းကိုဝေးကွာလွန်းနေသည်ပင် ဖြစ်ပါသည်။

'ကိုသန်းဌေး' က ဒဂုံတောင်၏အဖျားပိုင်းတွင်နေကာ ကျွန်မအိမ်ရှိရာ တက္ကသိုလ်ရိပ်သာလမ်းကိုရောက်ဖို့ မနက်အစောကြီးထလာခဲ့ရပါသည်။ ဒါတောင် ကျွန်မအိမ်ကို ရှစ်နာရီကျော်ကျော်

www.burmeseclassic.com



လောက်မှရောက်သည်။ တစ်ခါတလေ ကားသိပ်ကျပ်လျှင် ရှစ်နာရီခွဲလောက်မှ ရောက်တတ်သည်။

ကျွန်မရဲ့ အကျင့်ကလည်း မနက်မိုးလင်းသည်နှင့် ကုမ္ပဏီကို အရင်ဦးဆုံးရောက်အောင် သွားချင်သည်။ ကျွန်မအိမ်မှ မြို့ထဲရှိ ကုမ္ပဏီကိုရောက်အောင်သွားဖို့က အနည်းဆုံးနာရီဝက်ခန့် အချိန်ပေးရတတ်ပါသည်။

ဒါတောင် မီးပွိုင့်မီးအနီ မမိမှ၊ ကျောင်းတက်ချိန်နဲ့ မဆုံမှပါ။ မီးပွိုင့်အနီနှင့်တိုး၊ ကျောင်းတက်ချိန်နဲ့ပါ တိုးနေလျှင်တော့ ကုမ္ပဏီကိုရောက်ဖို့ နောက်ထပ် ဆယ့်ငါးမိနစ်ခန့် အချိန်ဖြုန်းရပြန်ပါသည်။

ဆယ့်ငါးမိနစ်သည် တခြားလူတွေအတွက် အရေးပါချင်မှ အရေးပါမှာဖြစ်ပေမယ့် ကျွန်မအဖို့ကတော့ အရေးပါလှပါသည်။

ကုမ္ပဏီမှာ ဖက်စ်ဝင်ချင်ဝင်နေနိုင်သည်။ တဲလက်စ်လည်း ရောက်ချင်ရောက်နေနိုင်သည်။ ကျွန်မရှိလျှင် ချက်ချင်းအကြောင်းပြန်ချင်ပြန်နိုင်မှာ ဖြစ်ပေမယ့် ဝန်ထမ်းတွေက ကျွန်မ မဟုတ်ကြပါ။

ပြီးတော့ ဒီလုပ်ငန်းကြီးကလည်း သူတို့နဲ့ဆိုင်သာဆိုင်ပေမယ့် ပိုင်ဆိုင်သူ မဟုတ်ကြလေတော့ သူတို့မှာတာဝန်မရှိလှပါ။ ဆိုင်လည်းဆိုင် ပိုင်လည်းပိုင်တဲ့ ကျွန်မမှာသာ တာဝန်အရှိဆုံးမို့ ကျွန်မ စိတ်ရော၊ ကိုယ်ခန္ဓာပါ ဒီလုပ်ငန်းထဲ မြှုပ်နှံထားရတာဖြစ်ပါသည်။

ကျွန်မရဲ့ကုမ္ပဏီက အိတ်စ်ပို့ အင့်ပို့ကုမ္ပဏီကြီးမို့လည်း ပဲမျိုးစုံကို နိုင်ငံခြားတင်ပို့ကာ နိုင်ငံခြားမှတိုင်းပြည်ရဲ့ ငွေအပ်ချက်ဖြစ်သော သံချောင်းတွေ၊ဘိလပ်မြေတွေကို ပြန်သွင်းပေးတဲ့ ကုမ္ပဏီကြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီကကြီးသလို အလုပ်သမားတွေကလည်း များပြားတာကြောင့် ကျွန်မအောက်တွင် မန်နေဂျာအဆင့်ဆင့်ထားကာ အုပ်ချုပ်စီမံ ခန့်ခွဲရတာဖြစ်ပါသည်။

ဒီတော့ ကျွန်မအတွက် ကုမ္ပဏီကို အချိန်မှန်ရောက်ဖို့က အခါက အရေးကြီးနေတာကြောင့် 'ကိုသန်းငွေး' နဲ့ညှိရပါသည်။

" 'ကိုသန်းငွေး' က အမေတစ်ခု သားတစ်ခုဆို"

"ဟုတ်ပါတယ် ခင်ဗျ...အိမ်ထောင်ဘက်နဲ့ ကွဲသွားတာကြာပါပြီ... "

"အမေက အသက်ဘယ်လောက်ရှိပြီလဲ..."

"ခြောက်ဆယ်ကျော်လောက် ရှိပါပြီ"

"ဖြစ်နိုင်ရင် ကျွန်မအိမ်မှာ လာနေလို့ရမလား"

ကျွန်မ၏ တိုက်နောက်ဘက်တွင် Servant quarter သဘောမျိုး တိုက်ပုပုရှည်ရှည်လေးရှိကာ အလုပ်သမားမိသားစုသုံးစုလောက်တော့ ကိုယ့်အခန်းနှင့်ကိုယ် အေးအေးဆေးဆေးနေလို့ရပါသည်။

ခုလောလောဆယ် မာလီမိသားစုနှင့် ထမင်းချက် 'ဒေါ်တင်' တို့မိသားစုပဲ နေပါသည်။ အခန်းပိုတစ်ခန်းကို သော့ခတ်ကာ ဒီအတိုင်း ပိတ်ထားရတာကြောင့်လည်းပါသည်။

"ဘယ်နှယ့်လဲ 'ကိုသန်းငွေး' ... နေလို့ဖြစ်မလား"

"ဟို ကျွန်တော်က အရေးမကြီးဘူး နေလို့ဖြစ်ပါတယ်... အမေ့ဘက်ကအမျိုးတွေက ဝင်လိုက်ထွက်လိုက်နဲ့ဆိုတော့ ကျွန်တော် အားနာလို့ပါ"

'ကိုသန်းငွေး' ပြောတာလည်း ဟုတ်ပါသည်။ မနက်မိုးလင်းလျှင် ကျွန်မက အပြင်ကိုထွက်သွားတတ်သူပါ။ ကျွန်မ မရှိတုန်းခြံထဲကို သူစိမ်းတွေ ဝင်တာထွက်တာလည်း ကျွန်မ မကြိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက 'ကိုသန်းဌွေး' နဲ့ ကျွန်မနဲ့နီးမှ အလုပ်ဖြစ်မှာမို့

"ဒါဆိုလည်း ကမာရွတ်ဘက်နားမှာ ကျွန်မအိမ်ငှားပေးမယ် ဆိုရင်ကော 'ကိုသန်းဌွေး' ရယ်"

'ကိုသန်းဌွေး' ရဲ့ မျက်လုံးတွေ ဝင်းလက်လာပါသည်။

လစာလည်းကောင်း၊ နေစရာပါပေးမယ်ဆိုတော့ ဒဂုံတောင်တွင် ငှားနေရတဲ့ ဝဋ်ကကျွတ်ပြီပေါ့။

'ကိုသန်းဌွေး' ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်မိပါသည်။

"ဒါဆိုရင် အဆင်ပြေနိုင်ပါတယ်"

သည်လိုနှင့် 'ကိုသန်းဌွေး' တို့သားအမိအတွက် စဘော်တင်ကာ အိမ်လေးတစ်လုံး ငှားပေးလိုက်ပါသည်။

မနက် ခုနစ်နာရီဆို 'ကိုသန်းဌွေး' က အိမ်ကိုအရောက်လာရကာ ညနေငါးနာရီတွင် အိမ်ကိုပြန်ခွင့်ရှိသည်။

တစ်ခါတလေ အလုပ်နှင့်ပတ်သက်၍ သွားစရာရှိလျှင်အိုဗာတိုင်ကြေးပေးပါသည်။

'ကိုသန်းဌွေး' အလုပ်က ကျွန်မသွားလိုရာ အသင့်သွားနိုင်အောင် လိုက်ပါပို့ဆောင်ရုံလေးပါ။

ဒီလောက်ကလေး လုပ်ရတာကိုပင် 'ကိုသန်းဌွေး' သည်တာဝန်ကျေအောင် လုပ်ပေးချင်သူ မဟုတ်ပါ။

သွားကာနီးမှ ဓါတ်ဆီကပ်ထည့်တာမျိုး၊ သွားကာနီးမှ ဟိုစစ်ဒီစစ် လုပ်တာမျိုး...

ပိုင်ရှင်ဖြစ်သူ ကျွန်မကို သူကစောင့်နေတာမျိုးထက် ကျွန်မကသာ သူလုပ်သမျှ ထိုင်စောင့်နေရတာမျိုးတွေ ကြုံရပါများလာတော့ ကျွန်မ စိတ်မရှည်ချင်တော့ပါ။

ဒီနေ့လည်း ကျွန်မတို့ထွက်လာပြီး လမ်းကျမှဓါတ်ဆီမဖြည့်ခဲ့ရဟုဆိုကာ ရပ်ဖြည့်ခဲ့ပါသည်။ အဲ့ဒီတော့ ကျွန်မ ချိန်းထားတဲ့အ

www.burmeseclassic.com



ချိန်နှင့် မကိုက်တော့ဘဲ ငါးမိနစ်နောက်ကျသွားခဲ့ရပါတော့သည်။

ကျွန်မ စိတ်ကိုလျော့ကာ စားသောက်ဆိုင်တွင်းကို ဝင်လာခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၂

စားသောက်ဆိုင် အခန်းတွင်းတွင် မီးခပ်မှုန်မှုန်ထွန်း ထားကာ စားသောက်သူအချို့ ကိုယ့်စားပွဲနဲ့ကိုယ် ငြိမ်သက်စွာ ထိုင်စားနေကြပါသည်။

'ဦးမင်းသိုက်' ကျွန်မကို ခေါ်ခဲ့သည့်စားပွဲဝိုင်းက သီးသန့် ဝိုင်းဖြစ်ပုံရကာ ခန်းမကြီး၏ နောက်ဘက်တည့်တည့်တွင် သီး သန့်စင်မြင့်လေးဖြင့်ရှိ၍ ထိုနေရာကလှမ်းကြည့်လျှင် ဖျော်ဖြေ ဖြေရေးစင်မြင့်နှင့် တန်းနေပါသည်။

စင်မြင့်ထက်တွင် ကောင်မလေးတွေ တစ်ယောက်ပြီးတစ် ယောက် သီဆိုဖျော်ဖြေနေကြကာ ပန်းကုံးစွပ်သူတွေ ကရောင် ဆောင်းပေးသူတွေဖြင့် သူ့ပရိသတ်နဲ့သူ ရှိနေပါသည်။

သည်စားသောက်ဆိုင်ပိုင်ရှင် 'ဦးမင်းသိုက်' က ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆိုင်ရောင်းချင်နေတာ ကြာခဲ့ပါပြီ။ ကျွန်မဘက်က မအားရှိအ ချိုးမျိုး အကြောင်းပြကာဖြင့် ငြင်းနေခဲ့ရာမှ ခုတော့ ကျွန်မ မငြင်း သာဘဲ ရောက်လာခဲ့ရပါပြီ။

စားသောက်ဆိုင်က ပေတစ်ရာပတ်လည် မြေကွက်တွင် တစ်ထပ်တိုက်ပုလေးဆောက်ကာ ဖွင့်ထားခြင်းဖြစ်ပါသည်။

မူလက လူနေရန် တိုက်ဆောက်ထားပြီးမှ စားသောက်ဆိုင် အဖြစ် ပြောင်းလွဲကာ ဖွင့်လှစ်ထားခဲ့ပုံရပါသည်။ ကျွန်မလုပ်ငန်း ချဲ့ချင်နေမှန်းသိတဲ့ 'ဦးမင်းသိုက်' က ကျွန်မကို သူ့ဆိုင်အားခေါ် ပြနေခြင်းပါ။

"ဘယ်နှယ့်လဲ 'ဒေါ်ဦးဦးသာ'..."

ကျွန်မ ခေါင်းညိတ်လိုက်မိပါသည်။ ကုမ္ပဏီတစ်ခုတည်း လုပ်နေရတာထက်စာလျှင် ဒီလို ဆိုင်မျိုးလည်း ကျွန်မမှာရှိသင့် သည်ဟု ခံစားမိပါသည်။

နောက်ပိုင်း ဒီဆိုင်ကိုဖျက်ကာ ခေတ်မီဆယ်ထပ်တိုက် ကြီးဆောက်လိုက်၊ အပေါ်တွင် ဟိုတယ်ဖွင့်ကာ အောက်ထပ်ကို စားသောက်ဆိုင်ဖွင့်လျှင် ပိုပြီးတွက်ခြေကိုက်နိုင်ပါသည်။

ကျွန်မရဲ့ရှေ့ တစ်ပွဲပြီးတစ်ပွဲ ရောက်လာသော အစားအ သောက်တွေထက် ကျွန်မခေါင်းထဲမှာ ပိုမိုမြတ်စွန်းလာနိုင်သော အမြတ်အစွန်းတွေကိုပဲ တွက်နေမိတာဖြစ်ပါသည်။

" ဖြစ်နိုင်ရင် ကျွန်တော်ကို တစ်ပတ်အတွင်းလောက်အ ကြောင်းပြန်ပေးနိုင်မလား 'ဒေါ်ဦးဦးသာ' "

ကျွန်မ 'ဦးမင်းသိုက်' ကို လှမ်းကြည့်လိုက်မိပါသည်။ သူ့ ရဲ့ မျက်လုံးထဲတွင် ကျွန်မကို အတင်းကာရော ရောင်းချင်နေမှန်း သိသာနေပါသည်။

ဒဂုံတောင်စက်မှုဇုံတွင် 'ဦးမင်းသိုက်' တည်ထောင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ခေါက်ဆွဲခြောက်စက်ရုံ တိုးချဲ့ရန်အတွက် 'ဦးမင်းသိုက်' ငွေအရမ်း လိုနေတာ ကျွန်မ သိထားသည်လေ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မဆိုင်ကို အကဲခတ်ချင်သေးတာ ကြောင့်လည်း 'ဦးမင်းသိုက်' ကို ခေါင်းညိတ်ပြလိုက်မိသည်။

"ဖြစ်ပါတယ် 'ဦးမင်းသိုက်'... ဒါပေမယ့် အရမ်းကာရော လည်း မျှော်လင့်မထားစေချင်ဘူး"

"ဘာဖြစ်လို့လဲ 'ဒေါ်ဦးဦးသာ' "

"ကျွန်မ အေးအေးဆေးဆေး မလေ့လာရသေးလို့ပါ"

"လေ့လာပါ 'ဒေါ်ဦးဦးသာ' ... ကျွန်တော် မလောပါဘူး... ဖြစ်နိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ"

"ကျွန်မလည်း ဖြစ်ချင်ပါတယ်"

"ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါအုံး... သွားစရာရှိလို့ပါ"

"သွားပါ 'ဦးမင်းသိုက်' ... ကျွန်မ အေးအေးဆေးဆေးနေ အုံးမှာပါ"

'ဦးမင်းသိုက်' သူ့တပည့်တွေကို မှာစရာရှိတာမှာကာ ထွက် သွားချိန် ကျွန်မအဖို့ ပိုလို့တောင် လွတ်လပ်သွားခဲ့ရပါသည်။

မီးရောင်မှိန်နေတဲ့ စားပွဲဝိုင်းအလည်တွင် ကျွန်မတစ်ယောက် တည်း ငြိမ်သက်စွာထိုင်ကာ ဆိုင်ကြီးကိုငေးကြည့်နေမိပါသည်။

ကျွန်မ သဘောအရသာဆို အဲကွန်းဖွင့်ထား၍ အနည်းငယ် လှောင်ပိတ်နေတဲ့ ဒီလိုအခန်းမျိုးထက် သဘာဝလေရတဲ့ ဟင်း လင်းပြင် နေရာကြီးကိုသာ ပိုလိုလားပါသည်။

ဒီလို ညဘက်ဆို ဘေးနားက သစ်ပင်တွေရဲ့လေက အေး[illegible] နေကာ ဒီလို မှောင်ကျကျနေရာလေးမှာ သီချင်းကောင်း[illegible]င်း လေးကို နားထောင်လိုက်ရလျှင် ဘယ်လောက်ဇိမ်ရှိမိုက်မယ့် အဖြစ်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အလုံပိတ်အခန်းကျယ်ကြီးအတွင်းမှာ မွန်းကျပ်သော သလိုမို့ ကိုယ်ကိုအမတ် သီချင်းသံသာသာလေးတစ်ခုက လက်ရှိ ကျွန်မ ခံစားနေရတဲ့ မွန်းကျပ်မှုတွေကို တခဏအတွင်းပြေပျောက် သွားစေပါတော့သည်။

သီချင်းက ကျွန်မ အရမ်းကို နှစ်သက်တဲ့သီချင်းပါ။

MARIAN CAREY ၏ 'HERO' သီချင်းကို တင်ဇာမော် ပြန်ဆိုထားသော 'သူရဲကောင်း' လေးပါ။

သီချင်းကကောင်းသလို သီဆိုနေတဲ့ကောင်မလေး ပုံစံလေး ကလည်း နှစ်လိုစဖွယ်လေးပါ။

ဖြူဖွေးသောအသားတွင် အလယ်ခွဲ ဆံပင်ရှည်နက်နက်က လေးကခါးလယ်ခန့်ရှိကာ မျက်နှာလေးက ဖူးဖူးပြည့်ပြည့်နှင့်နှုတ် ခမ်းထူထူအိအိလေးက သူမရဲ့ ထူးခြားသော အမှတ်အသားတစ်ခု လို ထင်ရှား၍နေပါသည်။

တခြားသော ကောင်မလေးတွေက စကပ်တွေ၊ ဂါဝန်တွေ၊ ဘောင်းဘီရှည်တွေဖြင့် သီဆိုနေကြသော်လည်း ယခုကောင်မလေး ကတော့ မြန်မာဝတ်စုံအသားရောင်လေးနဲ့ ဆိုနေတာဆိုတော့ ပို လို့ထူးခြားနေရပါသည်။

သီချင်းတစ်ပုဒ်အပြီးတွင် ပန်းကုံးတွေ သူမ လည်ပင်းတွင် တသီကြီးရောက်သွားကာ တချို့ဝိုင်းတွေက 'crown' လေးတွေ သွားစွပ်ပေးတာကို တွေ့နေရပါသည်။

ကျွန်မကိုယ်တိုင်လည်း ချီးမြှင့်ချင်ပေမယ့် အခြေအနေကို အကဲခတ်၍နေဆဲ...

" 'လဝန်း' နောက်တစ်ပုဒ်"

"နောက်တစ်ပုဒ် ဆိုပါ... one more"

" To Love you more ဆိုပါ"



www.burmeseclassic.com

www.burmeseclassic.com


အားလုံး၏ တောင်းဆိုသံအဆုံး သူမ လက်ထဲကိုတယော လေး ရောက်လာတာ တွေ့လိုက်ရပါသည်။

တအံ့တသြလိုပင် ကျွန်မ ငေးကြည့်နေမိဆဲ ကျွန်မ ဘယ်လိုမှ ထင်မထားသော တယောသံချိုနွဲ့နွဲ့လေးကို မမျှော်လင့်ဘဲကြားလိုက်ရပါသည်။ ပြီးတော့ ခပ်သွက်သွက် တယောထိုးဟန်။ ဒီတယောသံကို ကျွန်မ အရမ်းနှစ်သက်ခဲ့တာပေါ့။

ဒါ Taro Hakase ရဲ့ တယောသံ။

အစက သီချင်းသံလောက်ကိုသာ ခံစားတတ်ခဲ့တဲ့ ကျွန်မသည် သူ့ရဲ့တယောသံမှာတော့ နစ်မျောပျော်ဝင် သွားလောက်အောင်ကို မိန်းမူးသာယာသွားခဲ့ပါသည်။

သီချင်းက 'To Love You More' ဖြစ်ကာ အဆိုရှင်က ကျွန်မ အရမ်းကို crazy ဖြစ်တဲ့ 'Celine Dion' ၏ သီချင်းဖြစ်နေပါသည်။

သီချင်းကိုရူးရူးနှစ်နှစ်ဆိုကာ တယောကို စိတ်ဝင်တစားထိုးနေတဲ့ ကောင်မလေးရဲ့ပုံစံက သူမရဲ့ အာရုံအားလုံးကိုစုစည်းကာ တယောထဲမှာ ပို့ထားပုံရပါသည်။

တော်လိုက်တာ...။ မူရင်းတယောသံကို မမီပေမယ့်လည်း ဒီလိုတီးခတ်နိုင်စွမ်းရှိတာ၊ ဆိုနိုင်တာက လေးစားအားကျ ဂုဏ်ယူစရာပါ။

ကြည်နူးပီတိဖြစ်စိတ်ဖြင့် ချက်စာအုပ်ကိုထုတ်ကာ ငွေတစ်သောင်းရေးပြီး ကောင်လေးတစ်ယောက်ကိုသွား၍ ချီးမြှင့်ခိုင်းလိုက်ပါသည်။

ကျွန်မကိုလှမ်းကြည့်ကာ အပြုံးဖြင့် ခေါင်းညွှတ်ပြတဲ့ ကောင်မလေးရဲ့မျက်ဝန်းတွင် မျက်ရည်ကြည်များ ဝေ့ဝဲနေတာ တွေ့ရပါ သည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီည အဖို့တော့ ဒီကိုရောက်လာရတာ


www.burmeseclassic.com

www.burmeseclassic.com



တန်သွားခဲ့ပြီမို့ ဟန်းဖုန်းကိုထုတ်ကာ 'ဦးမင်းသိုက်' ဆီ ဖုန်းခေါ
လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၃

“ ‘ဦးမင်းသိုက်’ လား...”

“ ဩော်... ‘ဒေါ်ဦးဦးသာ’ ပြောပါ”

“ ကျွန်မ သဘောကျသွားပြီ... ရှင့်ဆိုင်ကိုတော့ မဟုတ်ဘူး နော်... ရှင့်ဆိုင်မှာလာဆိုတဲ့ အဆိုတော်မလေး တစ်ယောက်ကိုပါ”

“ဘယ်သူလဲ”

“ ‘လဝန်း’ ဆိုလားပဲ”

“ ဩော်... ‘လဝန်းပြည့်’ နဲ့တူတယ်... violinist လေးလေ”

“ဟုတ်တယ်... ကျွန်မ အရမ်းကို သဘောကျတာပဲ”

“သဘောကျတယ်ဆိုရင်လဲဗျာ ဆိုင်ကိုပါဝယ်ဖို့ စဉ်းစား ပေးပါလား”

“ကျွန်မ ဒီလိုအဲကွန်းနဲ့ စိတ်ထွက်ပေါက်မရှိသလို မွန်းကြပ် နေရတဲ့အရသာကို သဘောမကျဘူး ‘ဦးမင်းသိုက်’... ဖြစ်နိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဟောတိုက်ပ်ပုံစံမျိုးနဲ့ ခမ်းမကျယ်ကျယ် တစ်ခုကိုပဲ လိုချင်တာ— စားသောက်ရင်း သဘာဝရဲ့အလှနဲ့အရသာကိုလည်း ခံစားစေချင် တာလေ"

"ဒါဆို အဲ့ဒီနေရာကို 'ဒေါ်ဦးဦးသာ' သဘောမကျဘူးပေါ့"

"ဟုတ်တယ် 'ဦးမင်းသိုက်'... စီးပွားရေးလုပ်တယ်ဆိုတာ ငွေရင်းနှီးမြှုပ်နှံရတဲ့အပြင် စိတ်ချမ်းသာဖို့ကလည်း အဓိကလေ"

"ဒါဆို အင်းယားလမ်းဘက်မှာ ကျွန်တော့် စားသောက်ဆိုင် တစ်ဆိုင်ရှိသေးတယ်...အဲ့ဒါဆို 'ဒေါ်ဦးဦးသာ' စိတ်တိုင်းကျမှာ ပါ"

"ဟုတ်လား... ကျွန်မ လိုချင်တဲ့ ပုံစံမျိုးလား"

ကျွန်မ စိတ်ဝင်စားစွာ မေးလိုက်မိပါသည်။

'ဦးမင်းသိုက်' တို့ရဲ့ မိရိုးဖလာလုပ်ငန်းက စားသောက်ဆိုင် လုပ်ငန်းပါ။

ရန်ကုန်မြို့ရှိ နာမည်ကြီး စားသောက်ဆိုင်အများစုက 'ဦး မင်းသိုက်' တို့ရဲ့ လုပ်ငန်းတွေဖြစ်သည်။

"ဒီ အင်းယားလမ်းက ဆိုင်ကိုတော့ ကျွန်တော့်သားကိုလက် ဖွဲ့ဖို့ ကျွန်တော် စဉ်းစားထားတာ"

" 'ဦးမင်းသိုက်' သားက အမေရိကားမှာ ခုမှ ကျောင်းတက် တုန်းရှိပါသေးတယ်ရှင်... သူ ကျောင်းပြီးသွားတဲ့ အချိန်ကျရင် ဒီ ထက်ကောင်းတဲ့နေရာတောင် ရှင်ဝယ်ပေးချင် ဝယ်ပေးနိုင်အုံးမှာ အဲ့ဒီနေရာကို ကျွန်မ အခုသွားကြည့်လို့ရမလား"

ကျွန်မ စိတ်အားထက်သန်စွာဖြင့် နေရာမှအထ ...

"ကျွန်တော် အခု စက်ရုံကိုသွားနေတာ 'ဒေါ်ဦးဦးသာ' — ဖြစ်နိုင်ရင် မနက်ဖြန်ကျမှ ဆုံကြရင် မကောင်းဘူးလား"

ကျွန်မ နာရီကို ငုံ့ကြည့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးနာရီခွဲနေပြီဆိုတော့လည်း ကျွန်မ အိမ်ပြန်သင့်ပါပြီ။

"အင်းလေ မနက်ဖြန်ပေါ့... ဘယ်အချိန်လာခဲ့ရမယ်ဆိုတာ ကိုတော့ 'ဦးမင်းသိုက်' ပဲ ကျွန်မဆီကို contact လုပ်လိုက်ပါနော်"

" ဟုတ်ကဲ့ပါ 'ဒေါ်ဦးဦးသာ'..."

" good night ... see you tomorrow "

" see you "

'ဦးမင်းသိုက်' နဲ့ဖုန်းပြောပြီးတာနှင့် ကျွန်မ ဆိုင်ထဲကထွက်လာခဲ့မိပါသည်။

ကျွန်မ ဆိုင်ထဲကထွက်လာသည်နှင့် 'ကိုသန်းဌေး' ကားပေါ်မှာ အသင့်စောင့်ကြိုရမှာပါ။ဒါပေမယ့် ကျွန်မကသာ ထုံးစံအတိုင်း 'ကိုသန်းဌေး' ကို ပြန်စောင့်နေရကာ ကျွန်မကိုတွေ့မှ ဘယ်ချောင်ကထွက်လာမှန်းမသိသော 'ကိုသန်းဌေး' က ပါးစပ်မှဝါးနေသော ကွမ်းတွေကို ထွေးထုတ်ကာ ကားကို ကပျာကယာမောင်းလာရင်း ကျွန်မ ရှေ့တွင်ထိုးရပ်လိုက်ပါသည်။

အဲ့ဒါကို ကျွန်မ မကြိုက်တာ။ တကယ်ဆို 'ကိုသန်းဌေး' အလုပ်က ကျွန်မရဲ့အရိပ်အကဲကိုပဲ အမြဲ စောင့်ကြည့်နေရမှာမဟုတ်ဘူးလား။

ပြီးတော့ ဒီကွမ်းစားတာကိုလည်း ကျွန်မ မကြိုက်။ ကားမောင်းနေတုန်း ကားတံခါးကြီးဖွင့်ကာ ဖွင့်ကာ ကွမ်းတံတွေးထွေးနေရတာက မမိုက်။

သူ ကွမ်းတံတွေးထွေးနေတုန်း ကားက ဒီပြင့်ကားကိုဝင်ကြုံးသွားပါက မခက်ပါလား။ ဒါကြောင့် အလုပ်ဝင်ပြီး တစ်ပတ်ခန့် အကြာမှာ ကားမောင်းနေတုန်း ကွမ်းမစားပါနှင့်ဟု ကျွန်မ အမိန့်ထုတ်ခဲ့ရပါသည်။

သူများတွေအမြင်မှာ ကျွန်မက အရမ်းကိုစည်းကမ်းကြီးပြီး

www.burmeseclassic.com



တိကျသလိုဖြစ်နေပေမယ့် သူတို့တွေကကော ဘာဖြစ်လို့များ ဒီလောက်တောင် ရှော့ရဲပြီး စည်းကမ်းမရှိ ဖြစ်သလို နေ့နေကြတာပါလိမ့်။

ကျွန်မ ကားပေါ်ကိုအတက် 'ကိုသန်းငွေ' က ကျွန်မကို လှမ်းမေးပါသည်။

"အိမ်ကိုပဲ မောင်းရမှာလား အစ်မ..."

ဒီအချိန်ရောက်မှ အိမ်ကိုပဲမောင်းတော့ပေါ့ဟု အငေါ်တူးလိုက်ချင်ပေမယ့်လည်း ကျွန်မ စကားမပြောချင်တာကြောင့်ခေါင်းကိုသာ ညိတ်ပြလိုက်မိပါသည်။

တစ်နေ့က ကျွန်မရဲ့မန်နေဂျာ 'ဦးကျော်မြင့်' က ပြောလာပါသည်။

"အလုပ်လိုချင်တဲ့ လူကများတယ်... လူကောင်းကရှားတယ် 'ဦးဦး' လို မိန်းမပျိုလေးတစ်ယောက်ကို ကားမောင်းပေးဖို့ဆိုတာ တော်ရုံလောက်နဲ့လည်း ဖြစ်မှာမဟုတ်ဘူးလေ"

မန်နေဂျာ 'ဦးကျော်မြင့်' ပြောတာလည်း ဟုတ်ပါသည်။ စီးပွားရေးလောကတွင် 'ဒေါ်ဦးဦးသာ' ဟုသာ ဒေါ်တပ်ခေါ်နေရသော်လည်း ကျွန်မအသက်က သုံးဆယ်ငါးနှစ်ပဲ ရှိပါသေးသည်။

လူလေးစားအောင် ဆံပင်အတိုကို နောက်လှန်သိမ်းခေါင်းစီးနှင့် စုစည်းထားပြီး မျက်မှန်တပ်ထားပေမယ့်လည်း ကျွန်မရဲ့နုနယ်တဲ့အလှအပတွေကို လုံခြုံအောင် မဖုံးကွယ်နိုင်ပါ။

အထူးသဖြင့် ကျွန်မရဲ့အရည်လဲ့နေသော မျက်လုံးတွေ၊ ထူထဲတင်းရင်းနေတဲ့ ကျွန်မရဲ့နှုတ်ခမ်းတွေက ယောကျ်ားတွေကိုဆွဲဆောင်နိုင်ဆဲပဲ မဟုတ်ပါလား။

ငယ်စဉ်တုန်းက ဒီအလှအပတွေကိုသုံးကာ ကျွန်မရဲ့လုပ်ငန်းမှာ အောင်မြင်စွာအသုံးချခဲ့ဘူးပေမယ့် ဒီနေ့အချိန်မှာတော့ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အလှအပတွေက ကျွန်မအတွက် မလိုအပ်တော့သောအရာပါ။

ဒီနေ့ ဒီအချိန်ခါမှာ ကျွန်မလိုချင်သောနေရာ ကျွန်မလိုချင်သော အနေအထားကို ရောက်နေပြီမို့ အလှအပဆိုတာ ကျွန်မဂရုစိုက်စရာ အရာတစ်ခုမဟုတ်တော့ပါ။

ဒီနေ့ကျွန်မ ခေါင်းထဲမှာရှိနေတာ ရှိရင်းစွဲနေရာမှ ပိုမိုမြင့်မားသောနေရာကို ရောက်အောင်သွားဖို့ပါ။

ဥပမာ ဆယ်ထပ်ရှိသောတိုက်ကို ကျွန်မတက်နေမိတာ ခုနစ်ထပ်ရောက်ပြီဆိုလျှင် ကျွန်မနောက်ထပ် သုံးထပ်ဆက်တက်ရအုံးမည်။ မောလို့ ဆက်မတက်ချင်လို့ဆိုပြီး ကျွန်မ အောက်ကိုပြန်မဆင်းနိုင်ပါ။

အပေါ်ဆုံးထပ်ရောက်လျှင် ကျွန်မအတွက် ရှု့ခင်းကောင်းကောင်းနှင့် လေကောင်းလေသန့်က ဆီးကြိုနေမှာသေချာပါသည်။

အဲ့ဒီနေရာကို ရောက်တော့မှ ကျွန်မ အေးအေးဆေးဆေးနားကာ အပေါ်စီးကနေ လူတွေကိုငုံ့ကြည့်မည်။

လူတွေ၊ တိုက်တွေ၊ ကားတွေက ကျွန်မရဲ့အောက်မှာ သေးကွေးမှုန်ဝါးစွာ ကျန်ရစ်ခဲ့လိမ့်မည်။

သူတို့က ကျွန်မကိုကြည့်ချင်လျှင် မော့ကြည့်ရကာ ကျွန်မက သူတို့ကိုကြည့်ချင်လျှင်တော့ မျက်လုံးစင်းကာ ငုံ့ကြည့်ရမှာသေချာပါသည်။

ထို အရသာကို ကျွန်မ နှစ်သက်သည်။ အရွယ်ရောက်စတည်းက လူတကာကို မော့ကြည့်ခဲ့ရသော ကျွန်မဘဝအတွက် နောက်ထပ် ဘယ်သူ့ကိုမှ မော့မကြည့်ချင်တော့ပါ။

ဒီလိုမော့ကြည့်ရအောင်လည်း ကျွန်မ မအိပ်မနေကြိုးစားခဲ့ရသည်။

ရန်ကုန်မြို့ကြီးတစ်မြို့လုံး မီးမှောင်မှောင်အောက်မှာ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောကျနေချိန်တွင် ကျွန်မသည် ဂိုဒေါင်တွေဆီသွားကာ ကွန်တိန်နာကားကြီးတွေပေါ်တင်နေတာကို အိပ်ချင်ရက်နဲ့ ထိုင်ကြည့်နေခဲ့ရဘူးပါသည်။

စင်ကာပူနဲ့ ပဲတီစိမ်း တန် (၆၀) ကွန်တိန်နာနဲ့ သုံးလုံးပို့ဆေးပါ့မယ် စာချုပ်ချုပ်ပြီးမှ ပဲတွေမရ၍ ခရမ်း၊ သုံးခွအထိသွားကာ ပဲအဝယ်တော်လည်း လုပ်ခဲ့ရဖူးပါသည်။

သွင်းကုန်အဖြစ် ဘိလပ်မြေတွေ သွင်းပြန်တော့ ဂိုဒေါင်မှာအလုပ်သမားတွေပေါင်းကာ နံ့းတွေနဲ့ ရောနေတာကို ကျွန်မကိုယ်တိုင် ညကြီးမိုးချုပ်လိုက်လံ ဖမ်းဆီးခဲ့ရဘူးပါသည်။

ဘယ်လိုနေရာ ဘယ်လိုအခြေအနေကိုရောက်ရောက် လူဆိုးနဲ့လူကောင်းကတော့ အစဉ်အမြဲရောနှောခွန်တွဲနေတတ်တာ သဘာဝမို့ ကျွန်မ 'ဦးကျော်မြင့်' ကိုအပြုံးဖြင့် ပြန်ပြောလိုက်မိပါသည်။

"အန်ကယ့်စေတနာကို ဦးဦးကျေးဇူးတင်ပါတယ်"

အလုပ်လုပ်တာ မသေသပ်တာ အချိန်ကိုမလေးစားတာကလွဲလျှင် 'ကိုသန်းငွေ' သည် ကျွန်မအပေါ်ကို သွေးသားရင်းတစ်ယောက်လို စောင့်ရှောက်တတ်သူပါ။

စကားသိပ်မပြောတတ်တာကလည်း ကျွန်မ သဘောကျမို့ဆော်ရုံကိစ္စလောက်ကိုလည်း ခွင့်လွှတ်နားလည်ပေးကာ ဘာမှမပြောတော့ပါဘူးအတွေးဖြင့် ကားပေါ်ပါအလာ မျက်ဝန်းထဲရှန်းရင်းဆန်ခတ်လို အပြုအမူတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရပါသည်။

ကားမီးရှောင်အောက်မှာ လှုပ်ရှားနေသူတွေက ကောင်မလေးကတစ်ယောက် ကောင်လေးကသုံးယောက်။

ကောင်မလေးက အတင်းရုန်းကာ ကောင်လေးသုံးယောက်က ကောင်မလေးနားမှာ အတင်းကာရော ဆွဲနေတာ ကျွန်မကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်က လှမ်းအကဲခတ်လိုက်မိပါသည်။

ကျွန်မ အကဲခတ်မှန်းသိတော့ 'ကိုသန်းငွေ' က လှမ်းပြော ပါသည်။

"ခုခေတ် ကောင်မလေးတွေက အဲ့ဒီလိုပါပဲ..."

ကျွန်မ ပြန်လှည့်ကြည့်ရင်း ကောင်မလေးရဲ့ အဝတ်အစား ကို သတိပြုလိုက်မိပါသည်။

ကောင်မလေး ဝတ်ထားတာ မြန်မာဝတ်စုံ အသားရောင် လေး။

သူမဆီက ချီးမြှင့်ငွေကိုအရ ဝမ်းသာစိတ်ဖြင့် မျက်ရည် ကြည်တွေ ဝေ့နေတဲ့မျက်လုံးလေးက အရိုးခံလေးပါ။

ဒီလိုမျက်ဝန်းမျိုးလေးနဲ့ ကောင်မလေးက ဒီလိုမျိုးအလုပ် ကို လုပ်စားမယ် မထင်ပါဘူး။

" 'ကိုသန်းငွေ' ကားကို နောက်ဆုတ်ပြီး ရပ်ပေးပါလား"

ကျွန်မ 'ကိုသန်းငွေ' ကိုအော်ကာ သူတို့အုပ်စုနားကို ကား ထိုးအရပ် ကောင်လေးသုံးယောက်အနည်းငယ် ရှဲသွားကာ ကား ပေါ်မှ ကျွန်မကို မိုက်ကန်းကန်းလှမ်းကြည့်ကြပါသည်။

"မင်းတို့ ဒါဘာလုပ်နေကြတာလဲ"

"ဒါ ကျွန်တော်တို့ ဖောက်သည်..."

"မဟုတ်ဘူး မမ...သူတို့ကို 'လဝန်း' လုံးဝမသိပါဘူး... သူ တို့ 'လဝန်း' ကိုအတင်း...."

ပြောရင်း 'လဝန်း' က မျက်ရည်ဝဲသော မျက်ဝန်းလေးဖြင့် ကျွန်မကို အားကိုးသလို ငေးကြည့်နေပါသည်။

အခြေအနေကို ကြည့်လိုက်တာနဲ့ ကျွန်မအားလုံးကို ရိပ်မိ တာကြောင့်လည်း ...

" ကဲ 'လဝန်း' ကားပေါ်တက်..."



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးကိုဖွင့်ပေးကာ ကျွန်မလည်း တစ်ဖက်ကိုတိုးပေး လိုက်ပါသည်။

စားရကာနီးမှ သားကောင်လွတ်ထွက်သွားတဲ့ အဖြစ်မို့ ကောင်လေးတွေက ကျွန်မကို မကျေမနပ်လှမ်းကြည့်ကြပါသည်။

ဒီလောက်ကြည့်တာလေးနဲ့များ ကျွန်မက ဖြုံမယ်ထင်လို့ သား။

" 'ကိုသန်းငွေး' မောင်းတော့လေ..."

ကြောင်အစွာကြည့်နေတဲ့ 'ကိုသန်းငွေး' ကိုလှမ်းအော်ကာ ထိုနေရာမှ ထွက်လာခဲ့လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၄

"တကယ်တော့ 'လဝန်း' သူတို့ကို သိလည်းမသိပါဘူး မ
ရယ်... ခါတိုင်း 'လဝန်း' ကို 'နေမင်း' က လာကြိုပေးနေကျပါ
ဒီနေ့ သူ့အမေနေမကောင်းဖြစ်နေတာနဲ့ လာမကြိုနိုင်တာနေမှာ"

ကားပေါ်တွင် ပါလာရင်း 'လဝန်း' က တရှုံ့ရှုံ့ငိုကာပြော
နေတာ ဖြစ်ပါသည်။

အနီးကပ်မြင်ရမှ 'လဝန်း' သည် မျက်ခုံးထူထူလေးဖြင့် ဘ
မှပြင်ဆင်စရာမလိုအောင် လှပသော မိန်းကလေးတစ်ဦးဖြစ်မှန်း
ကျွန်မ ရိပ်စားမိပါသည်။

"'နေမင်း' ဆိုတာက..."

"'လဝန်း' တို့ အိမ်နားက သူငယ်ချင်းပါ မမ"

"ဘာပဲဖြစ်ဖြစ် ဒီလိုအလုပ်မျိုးကို မိန်းကလေးတစ်ယော
တည်း လာလုပ်တယ်ဆိုတော့ သူတို့တွေက မလေးစားချင်ကြဘူး
'လဝန်း' မှာ မိဘ ညီအစ်ကို မောင်နှမတွေ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com


"အဖေရှိပါတယ် မမ... ဒါပေမယ့် အဖေက မကျန်းမာဘူး"

အဖေ့ကျန်းမာရေးအတွက် ဆေးဖိုးဝါးခရပါစေတော့အတွေး ဖြင့် 'လဝန်း' ဒီအလုပ်ကို လုပ်နေရခြင်းပါ။

အဖေ့ကိုတော့ စတိုးဆိုင်တစ်ဆိုင်မှာ ညဖက်အလုပ်ရသည် အကြောင်းပြကာ ဒီအလုပ်ကို ခိုးလုပ်နေရခြင်းဖြစ်ပါသည်။ အဖေ သာ သိလို့ကတော့ သူမကို ဘယ်လောက်များ စိတ်ဆိုးလိုက်ရှာမ လဲ။

အဖေမပြောနဲ့ 'နေမင်း' သိရင်တောင် စိတ်ဆိုးမှာအမှန်ပါ ပဲ။

'လဝန်း'ဒီအလုပ်ကို စလုပ်ကတည်းက 'နေမင်း'ကသဘော မတူခဲ့ပါ။

"နင်ကလည်းဟာ... ဒီပြင့်အလုပ်,လုပ်စမ်းပါ... ဒီအလုပ် ဆိုတာ စိတ်ဓါတ်ကြွခိုင်မှဖြစ်တာ... နင်တို့လို မိန်းကလေး ချော ချောလှလှလေးအတွက် ပိုလို့တောင် အန္တရာယ်ကြီးသေးတယ်"

" ငါလည်း လုပ်ချင်လို့ လုပ်ရတာမှ မဟုတ်တာဘဲ 'နေမင်း' ရယ် ... အဖေ့ အခြေအနေလည်း နင်သိသားပဲ"

အသည်းခြောက်ဝေဒနာ ခံစားနေရတဲ့ အဖေ့ဆေးဘိုးက မ နည်းမနောပါ။

ဂီတပညာရှင်တစ်ဦးဖြစ်သောအဖေသည် သူ့တယောပညာ ကို တစ်ဦးတည်းသော သမီးလေးအဖြစ် 'လဝန်း' တစ်ယောက် ဘည်းကိုပဲ သင်ပေးခဲ့တာဖြစ်ပါသည်။ ဒီပညာကို စသင်ကတည်း က အခကြေးငွေယူပြီး မဖျော်ဖြေရပါဘူးဟု ကတိပေးပြီးမှ သင် ပေးခဲ့ခြင်း ဖြစ်ပါသည်။

'လဝန်း'အဖေ့ပညာဖြင့် အခကြေးငွေယူကာ လုပ်စားနေတာ ကို အဖေသာသိလျှင် ဘယ်လောက်များ အသည်းနာရှာမလဲ၊


www.burmeseclassic.com

www.burmeseclassic.com


အဖေ့အကြောင်းတွေးကာ 'လဝန်း' ဝမ်းနည်းစွာမျက်ရည် အကျ...

" 'လဝန်း' အဖေက ဘာဖြစ်တာလဲ... "

" အသည်းခြောက်တဲ့ ရောဂါပါ မမ..."

အမေဆုံးပြီးတည်းက စိတ်ညစ်တိုင်း အရက်ကိုဖိသောက် နေတာနဲ့ ဒီရောဂါကို ရလာခဲ့တာပါ။

"ဘယ်သူနဲ့ ပြတာလဲ..."

"ရပ်ကွက်ထဲက ဆရာဝန်နဲ့ပါပဲ"

အသည်းအထူးကု ဆရာဝန်ကြီးတွေနဲ့ သွားပြချင်ပေမယ့် လည်း ဆေးဖိုးဝါးခကုန်မှာစိုး၍ အဖေက မပြခဲ့ပါ။

အဖေ ပိုက်ဆံမရှာနိုင်တော့တည်းက 'လဝန်း' တစ်ယောက် တည်း အိမ်အတွက်လုံးပမ်းဖန်တီး နေရတာကို အဖေနားလည် ပါသည်။

သမီးကို ဒုက္ခမပေးလို၍ သေချင်ပြန်တော့လည်း လောက အလယ်တစ်ယောက်တည်း ကျန်ရစ်ခဲ့မယ့် သမီးအတွက်အဖေ့ မှာမျက်စေ့ မမှိတ်ဝံ့ပါ။

ကိုယ့်အိမ်အကြောင်း ကိုယ်တွေးကာ မျက်ရည်ကျနေပြီးမှ အနားက ငြိမ်သက်စွာပါလာသော မမကို သတိရသွား၍ အားနာ သွားမိပါသည်။

" ဟို 'လဝန်း' မမကို ဒုက္ခပေးသလိုဖြစ်နေပြီ... 'လဝန်း' ဒီ ကနေပဲ ပြန်ပါ့မယ့် မမ"

ကားက လှည်းတန်းမီးပွိုင့်နားကို ရောက်နေပြီမို့ ကျွန်မ 'လဝန်း' ကို စူးစမ်းသလို မေးလိုက်မိပါသည်။

" 'လဝန်း' က ဘယ်မှာနေတာလဲ"

" သာကေတ မှာပါ မမ..."


www.burmeseclassic.com

www.burmeseclassic.com


" အဝေးကြီးပါလား"

ဒီ လှည်းတန်းမှ သာကေတကိုရောက်အောင် ကားဘယ်နှစ်ဆင့်များ စီးသွားရမှာပါလိမ့်။

ကျွန်မ စာနာစွာ 'လဝန်း' မျက်နှာလေးကိုအငေး 'လဝန်း' က မထူးဆန်းသလို မျက်နှာလေးဖြင့် ခေါင်းလေးငုံ့ကာပြောပါသည်။

" 'လဝန်း' အဖို့က ရိုးနေပါပြီ မမရယ်"

"ဒီအချိန်ပြန်ရင် အိမ်ကိုဘယ်အချိန် ရောက်မှာလဲ"

"ဆယ့်နှစ်နာရီ ဝန်းကျင်လောက်ဆို ရောက်ပါတယ်... လမ်းထိပ်မှာ အဖေထွက်ကြိုနေမှာပါ"

အဖေ လာမကြိုနိုင်ရင်လည်း 'နေမင်း' က ထွက်ကြိုပေးနေကျပါ။

အိမ်ခြင်းကပ်ရက်ဆိုတော့လည်း 'နေမင်း' တို့သားအမိအ က 'လဝန်း' တို့ အပူလိုခံစားရကာ 'လဝန်း' တို့သားအဖအပူ တွက်လည်း 'နေမင်း' တို့သားအမိသာပဲ နားလည်ခံစားပေးကြ သည်။

သည်လိုနဲ့ပဲ တစ်ဦးပေါ်ကို တစ်ဦးကနားလည်ခံစားပေ ရင်း အတူယှဉ်တွဲနေထိုင်ကြတာ လူ့သဘာဝပဲ မဟုတ်ပါလား။

ဘာလိုလိုနှင့် 'နေမင်း' တို့သားအမိ သူတို့ရပ်ကွက်ထဲ ပြောင်းလာတာ ငါးနှစ်နီးပါး တိုင်ခဲ့ပါချေပြီ။

ကိုယ့်အတွေးနှင့်ကိုယ် 'လဝန်း' သက်ပြင်းကိုအချ ကျွန် နာရီကို မသိမသာကြည့်လိုက်မိပါသည်။

ဆယ်နာရီ မိနစ်သုံးဆယ် ရှိနေပါပြီ။ သည်အချိန်မှာ မိန် ပျိုလေးတစ်ယောက်တည်း လိုင်းကားစီးရမယ်ဆိုတာ မသင့်ေ ပါ။

တခြားမိန်းကလေးဆို ထား။ 'လဝန်း' လို ချောချော


www.burmeseclassic.com

www.burmeseclassic.com



လေးအတွက်ကတော့ အန္တရာယ်ကြီးမားလှတာကြောင့်လည်း 'ကိုသန်းဌေး' ကို လှမ်းပြောလိုက်မိပါသည်။

" 'ကိုသန်းဌေး' အချိန်ရရင် သာကေတကို မောင်းပေးပါလား"

"မမ မလုပ်ပါနဲ့... 'လဝန်း' ဒီမှာပဲ ဆင်းပါ့မယ်"

'လဝန်း' ကအားနာစွာ လှမ်းတားပါသည်။

"မမလည်း အိမ်ပြန်ရင် အားနေရမယ့်အတူတူ သာကေတဘက် ရောက်ဖူးသွားအောင်လို့ပါ"

ကျွန်မ စကားကြောင့် 'လဝန်း' က ဘာမှမပြောတော့ဘဲ ကားပေါ်, ငြိမ်သက်စွာ ပါလာခဲ့ပါသည်။

ကျွန်မ ရင်ထဲမှာသာ ရုပ်လေးချောပါရဲ့နဲ့ ဆင်းရဲနွမ်းပါးရှာသော 'လဝန်း' အတွက် စိတ်မကောင်းဖြစ်နေမိပါသည်။

ကျွန်မ ညီမလေးသာဆို ဒီအလုပ်ကို ဘယ်လုပ်ခိုင်းမှာလဲ။

" 'လဝန်း' က နေ့လည်ဘက်မှာကော ဘာလုပ်လဲ"

"အိမ်နားက ကလေးတွေကို ကျူရှင်ခေါ်သင်ပေးပါတယ် မမ"

"ကျူရှင်ခေါ်သင်ပေးတယ်ဆိုတော့ 'လဝန်း' က ဘယ်နှစ်တန်းအောင်လဲ"

"စာပေးစာယူနဲ့ နောက်ဆုံးနှစ်တက်နေပါတယ်..."

"ဒါနဲ့များကွယ်... ကုမ္ပဏီတွေမှာဘာလို့ အလုပ်မလျှောက်တာလဲ"

"များသောအားဖြင့် ကုမ္ပဏီတိုင်းက စာရင်းကိုင်အောင်လက်မှတ်တို့ ကွန်ပျူတာအောင်လက်မှတ်တို့... ပြီးတော့လုပ်ငန်းကျွမ်းကျင်တဲ့လူတွေ ဘာသာစကားတစ်ခုခု ကျွမ်းကျင်တဲ့လူတွေမှသာ ရွေးခန့်တာဆိုတော့ 'လဝန်း' တို့လို ဘာသင်တန်းမှ မတက်နိုင်တဲ့

www.burmeseclassic.com



သူတွေက ရဖို့မလွယ်ပါဘူး မမရယ့်”

'လဝန်း' ပြောတာလည်း ဟုတ်နေ၍ ကျွန်မ ငြိမ်သက်စွာပဲ နားထောင်နေမိပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်မသာ 'ဦးမင်းသိုက်' နဲ့ အလုပ်ဖြစ်သွားလို့ကတော့ 'လဝန်း' အတွက် နေရာတစ်နေရာကတော့ သေချာနေပါပြီ။ ခက်တာက ဒီကောင်မလေးကို ညဘက် အလုပ်ဆင်းခိုင်းလို့လည်း ဖြစ်မည်မထင်ပါ။

ကျွန်မ 'လဝန်း' ဆိုသော မိန်းကလေးကို ဘယ်လိုကူညီရပါ့မလဲနော်။

ကားက တဖြည်းဖြည်းနှင့် သာကေတဘက်ကို ရောက်လာကာ ရပ်ကွက်တစ်ခု၏ လမ်းချိုးတစ်နေရာကိုအရောက် 'လဝန်း' က 'ကိုသန်းဌေး' က လှမ်းပြောပါသည်။

"ရပြီ ဦးလေး... အဲ့ဒီမှာပဲ ရပ်လိုက်ပါ...လမ်းထဲကို ကားဝင်လို့ရမှာမဟုတ်ဘူး"

'လဝန်း' ပြောရာနေရာတွင် ကားကိုထိုးအရပ် ကားဆီကိုစူးစမ်းသလို လှမ်းမျှော်ကြည့်နေသော လူနှစ်ယောက်ကို ကျွန်မသတိပြုလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ၅

တစ်ယောက်က ဆံပင်ဖြူဖြူ ပိန်ပိန်ရှည်ရှည်ဖြင့်အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက်ဖြစ်ကာ နောက်တစ်ယောက်က အသက်နှစ်ဆယ်ကျော်ကျော် အသားဖြူဖြူ အရပ်မြင့်မြင့်တွင်မျက်ခုံးကို အစွမ်းကုန်တွန့်ထားတဲ့ လူရွယ်တစ်ယောက်ပါ။

နှစ်ယောက်စလုံး ကျွန်မရဲ့ မာစီဒီးကားရှိရာကို စူးစမ်းသလိုကြည့်ကာ ကားပေါ်ကဆင်းလာသော 'လဝန်း' ကို ငေးကြည့်နေကြပါသည်။

နောက် အသက်နှစ်ဆယ်ကျော် ကောင်လေးက ကားနားကို ခြေလှမ်းကျဲဖြင့် လျှောက်လာကာ 'လဝန်း' ကို စိုးရိမ်သလို လှမ်းမေးပါသည်။

" 'လဝန်း' ... နင် ဘာဖြစ်လာတာလဲ"

" ဘာဖြစ်လို့လဲ... "

"ဘာမှမဖြစ်ရင် နင် ဘာဖြစ်လို့ ဒီကားနဲ့ပြန်လာခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



ထဲ"

'နေမင်း' ၏ အသံကျယ်ကျယ်အပြောကြောင့် အဖေပါကား နားကို လျှောက်လာ၍ 'လဝန်း' အသံကိုနှိမ့်ကာ 'နေမင်း' ကိုပြော လိုက်မိပါသည်။

"ငါ နင့်ကိုနောက်မှ ပြောပြပါ့မယ် 'နေမင်း' ရယ်... မမ 'လဝန်း' ကိုခွင့်ပြုပါအုံးနော်"

'လဝန်း' က 'နေမင်း' ဆိုတဲ့ ကောင်လေးကိုခပ်သွက်သွက် လှမ်းပြောပြီးမှ ကျွန်မကို ခေါင်းကိုညွတ်ကာ နှုတ်ဆက်နေတာ ကြောင့် ကျွန်မ ခေါင်းပြန်ညိတ်ပြရင်း 'ကိုသန်းဌွေး' အားပြန်ဖို့ လှမ်းပြောလိုက်ရသည်။

" 'ကိုသန်းဌွေး' ရေ... သွားရအောင်"

'ကိုသန်းဌွေး' ကားကို ကွေ့အထွက် သူတို့အားလုံးနေရာမှ ထွက်မသွားကြသေးဘဲ ကျွန်မကားကို ရပ်ကြည့်နေကြတာတွေ့ လိုက်ရပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မရဲ့ ညီမလေးအရွယ်၊ တူမကလေး အရွယ် မိန်းကလေးတစ်ယောက်ကို ကူညီလိုက်ရတာကြောင့်လည်း ကျွန်မ ရင်ထဲ ချမ်းမြေ့နေမိပါသည်။

ကျွန်မသာ မကူညီမိရင် 'လဝန်း' ဘဝ မည်ကဲ့သို့ဖြစ်သွား သည်ဆိုတာကို ကျွန်မလည်း မမှန်းဆတတ်ပါချေ။

အိမ်ကိုပြန်ရောက်ချိန်က ညဆယ့်တစ်နာရီခွဲနေပြီမို့ 'ကို သန်းဌွေး' ကို အိုဗာတိုင်ကြေးပေးကာ မနက်ဖြန် ကိုးနာရီလောက် မှ ကုမ္ပဏီကိုပဲ လာခဲ့ဖို့မှာပြီး ကျွန်မ ကားပေါ်ကအဆင်း မျက်ဝန်း ထဲ ကျွတ်ကျွတ်အိတ်တစ်လုံးဖြင့် ထည့်ထားသော ပစ္စည်းထုပ် တစ်ခုကို တွေ့လိုက်ရတာကြောင့် ထိုပစ္စည်းထုပ်ကို လှမ်းအယူ အထဲတွင်ပါလာသော ပစ္စည်းတွေကိုကြည့်ရင်း ရင်ထဲတွင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းခြင်းကြီးစွာ ဖြစ်သွားခဲ့ရပါသည်။

အိတ်ထဲမှာ ပါတာတွေက အိုဗာတင်းတစ်ဗူး၊ နို့ဆီနှစ်လုံးနဲ့ မုန့်ဘုံးတစ်ဘုံးပါ။

ဒီပစ္စည်းတွေပါတဲ့အိတ်လေးက 'လဝန်း' ရဲ့အိတ်လေးမဖြစ်လို့ ဘယ်သူ့အိတ်လေး ဖြစ်နိုင်မှာတဲ့လဲ။

ကြည့်ပါအုံး။ သူ ရလာတဲ့ ဆုကြေးလေးတွေဖြင့် သူမအတွက် အလုပြင်တဲ့ ပစ္စည်းအသုံးအဆောင် မဝယ်နိုင်ဘဲ အဖေကြီးအတွက် ဝယ်ထားတာ။ အဖေကြီးသာသိရင် ဘယ်လောက်များ ဝမ်းသာရှာမလဲ။

'ကိုသန်းဌေး' ကလည်း ပြန်သွားပြီဆိုတော့ 'လဝန်း' ဆီ ဒီပစ္စည်းတွေကို ချက်ချင်းပြန်မပို့ပေးနိုင်တော့ပါ။ မနက်ကျမှပဲ ပြန်ပို့ပေးတော့မည် အတွေးဖြင့် အထုပ်ကိုဆွဲကာ အိမ်ထဲကိုဝင်လာခဲ့လိုက်မိသည်။

စိတ်ထဲမှာတော့ 'လဝန်း' ရဲ့ မိဘအပေါ် သိတတ်ပုံလေးကိုတွေးကာ ကြည်နူးနေမိပါသည်။

ခုချိန် အဖေနဲ့အမေသာ ကျွန်မ အနားမှာရှိရင် ကျွန်မလည်း ဘယ်လောက်များ ပျော်ရွှင်ချမ်းမြေ့လိုက်လေမလဲ။

ခုလို မိုးကြီးချုပ်မှ ပြန်လာသောသမီးကို အမေက ကပျာကယာဆီးကြိုကာ အဖေက စိုးရိမ်ပူပန်စွာ ငေးကြည့်နေမှာ သေချာပါသည်။

ပြီးတော့ အဖေက အမေ့ကို လှမ်းပြောမည်။

"မင်း သမီး ထမင်းစားပြီးရဲ့လား မေးကြည့်အုံး"

ကျွန်မက စားပြီးပြီဟု ခေါင်းညိတ်လျှင် ဒါဆို ကော်ဖီဖျော်လိုက်ဟု အမေ့ကို ပြောမှာသေချာသည်။

ကော်ဖီသောက်ပြီးတဲ့ ကျွန်မကို အမေက ခြေလက်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကာ အိပ်ယာဝင်ခိုင်းမည်။

အိပ်ယာဝင်တဲ့ ကျွန်မကို အမေက စောင်ခြုံပေးကာ ခြင်ထောင်ချပေးပြီး အပြင်မှဖိပေးမည်။

ဒါကိုအဖေက ကျွန်မရဲ့အခန်းဝမှ ငေးကြည့်ကာ ကြည်ကြည်နူးနူးကြီး ပြုံးနေပေလိမ့်မည်။

ဒီအဖြစ်တွေက လွန်ခဲ့တဲ့ အနှစ်အစိတ်ခန့်မှာ ကျန်ရစ်ခဲ့ပါပြီ။ နှစ်တွေ ဘယ်လောက်ပဲကြာကြာ ကျွန်မရဲ့ရင်ထဲမှာတော့ အဖေနဲ့အမေရဲ့ အကြင်နာတွေကို ဘယ်လိုမှမေ့၍ မရနိုင်သေးပါ။

ဒီဖက်နှစ်အစိတ်မှာတော့ ကျွန်မ အပြင်ကပြန်လာလျှင် ဆွေမျိုးနီးစပ်တော်သော 'ဒေါ်အုံး' က တံခါးထဖွင့်ပေးကာ ပြီးလျှင် တံခါးကို ပြန်ပိတ်ပြီး သူ့အခန်းကို သူပြန်သွားကာ အိပ်မည်။

ကျွန်မက အပေါ်ထပ်ရှိ ကျွန်မရဲ့အခန်းရှိရာကို တက်လာရပါ။

ကျွန်မ အပြင်ကပြန်လာတာ မိုးချုပ်၍ ဘယ်သူကမှ မပူသလို ဘယ်သူကမှလည်း ကျွန်မကို ယုယကြင်နာစွာ ထွေးပွေ့မယ့်သူမရှိလှပါ။

ဒီလို အထီးကျန်ဘဝကို ကျွန်မ တစ်ယောက်တည်းကျော်ဖြတ်ခဲ့ရတာ နှစ်တွေဘယ်လောက်တောင် ကြာမြင့်ခဲ့ပြီလဲ။

ကျွန်မရဲ့ အိပ်ခန်းတွင်းကို ဝင်လာကာ မှန်ရှေ့မှာ အဓိပ္ပါယ်မဲ့ရပ်နေလိုက်မိပါသည်။

မှန်ထဲတွင် ဆံပင်ကို နဖူးပြောင်သိမ်းကာ မျက်မှန်တပ်ထားသော မိန်းမတစ်ယောက် ကျွန်မကို အူကြောင်ကြောင်နိုင်လှစွာပြန်ငေးကြည့်၍ နေပါသည်။

ဒီ မိန်းမတဲ့လား။ 'ဒေါ်ဦးဦးသာ' ဆိုတာ ကြည့်ပါဦး။ ပုံစံကြီး၊ အဖွားကြီးပုံကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတဲ့ အဝတ်အစားတွေကလည်း ရှိရင်းစွဲအသက်အရွယ်ထက်ကို ပိုကြီးရင့်သလို ညိုမှောင်နေကာ ကျွန်မရဲ့ နဂိုနုပျိုတဲ့ ဟန်ပန်တွေ ပျောက်ဆုံးနေခဲ့ရလေသည်။

ကျွန်မ ဒီဘဝကြီးမှာ ဒီလိုပုံစံ ဒီလိုဟန်ပန်ကြီးနဲ့ ဘယ်လောက်များ ကြာရှည်စွာလျှောက်လှမ်းရအုံးမှာလဲ။

ကျွန်မ စိတ်ပျက်စွာ မျက်မှန်ကို ဆွဲချွတ်ကာ စုစည်းထားတဲ့ဆံပင်ကိုလည်း ဆွဲဖြုတ်ပြီး ခေါင်းကိုရမ်းပစ်လိုက်မိပါသည်။

တစ်လက်စတည်း ကိုယ်ပေါ်မှ အဝတ်အစား ရင့်ရင့်ရော်ရော်တွေကို ချွတ်ပစ်ကာ ပန်းနုရောင်ဇာ ညဝတ်အင်္ကျီကို ထပ်ဝတ်လိုက်ပါသည်။ နောက် မှန်ရှေ့မှာကိုယ်ကို တစ်ပတ်လှည့်လိုက်မိသည်။

ကြည့်ပါအုံး။ မှန်ထဲမှာ မြင်နေရတဲ့ ကျွန်မရဲ့ရုပ်သွင်က ဘယ်လောက်များ နုပျိုလှပလိုက်ပါသလဲ။

ကျွန်မရဲ့ မျက်လုံးလေးတွေက ရွှန်းစိုတောက်ပကာ ပျောင်းနွဲ့တဲ့ ဆံပင်မည်းမည်းပျော့ပျော့လေးတွေနဲ့ ကျွန်မရဲ့ မျက်နှာသွယ်သွယ် မေးချွန်ချွန်လေးက မှန်ထဲမှာ ထင်ရှားလှပစွာ ပေါ်လွင်နေရပါသည်။

ဒီ အလှတွေနဲ့ ကျွန်မကို အမေမွေးစတည်းက အဖေက ချီးမွမ်းခဲ့ဘူးပါသည်။

အဖေ့သမီးလေးက ကြီးလာရင် အရမ်းကိုချော အရမ်းကိုလှတဲ့ မိန်းမချောလေးဖြစ်မှာ အဖေ မြင်ယောင်သေးတယ်။

ငါ့သမီးရဲ့ မေးစေ့လေးက သွယ်သွယ်လေး၊ ငါ့သမီးလေးရဲ့ ခြေဆန်လက်ဆန်လေးတွေက ရှည်ရှည်သွယ်သွယ်လေးတွေ။

အမေလို ချစ်စရာကောင်းပြီး အဖေလို ချောမယ့် ငါ့သမီးလေးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ကျောင်းနေစအရွယ်မှာ အမေ ပြန်ပြောပြဘူးတဲ့ စကားအချို့ပါ။

အဖေပြောသလိုပါပဲ၊ အရွယ်ရောက်စကတည်းက ဖြူဖြူ သွယ်သွယ်မြင့်မြင့်မားမားနဲ့ ကျွန်မသည် မိန်းမချောလေးတစ် ယောက် ဖြစ်ခဲ့ရပါသည်။

သောက်ရှူးကြယ်ညီနောင်လို ကျွန်မရဲ့ မျက်လုံးနှစ်လုံးက အရောင်လက်နေကာ ပါးပြင်တွင် သွေးကြောမျှင်လေးများ လက် ကြာနေသော ကျွန်မသည် ရွယ်တူကလေးများ အလယ်တွင် မျက်နှာ ပန်းပွင့်ခဲ့ရပါသည်။

" 'သင်းထုံ' တို့များ မွေးတတ်ပါတော့... တစ်ယောက်ဆို တစ်ယောက်ပဲ"

အိမ်နီးချင်း 'ဒေါ်အေးဘုံ' က ပြောတာဖြစ်ပါသည်။

"ဟုတ်တယ်နော်... မမ 'သင်းထုံ' တို့များ ကံကောင်းလိုက် တာ... 'မိမှူ' တို့လည်း မမ 'သင်းထုံ' လို သမီးလေးတစ်ယောက် ချင်လိုက်တာ"

ရွာကိုခုမှ ပြောင်းလာကာစ လင်မယားဖြစ်သော 'ဒေါ်လေး မင်းမှူ' က ဝင်ပြောလိုက်တာဖြစ်ပါသည်။

"ရချင်ရင် 'ထွန်းရှင်' ကို ပြောပေါ့တော့"

"ပြောတာပဲ... အဖြစ်မှ မရှိတာ"

လူကြီးတွေ ဝါးကနဲ ပွဲကျသွားတာကို နားမလည်သလို ကြည့်ရင်း ကျွန်မ 'ဒေါ်လေးမင်းမှူ' ကို ငေးကြည့်နေမိပါသည်။

အသားကမည်းမည်း၊ နှုတ်ခမ်းက လန်လန်နှင့် 'ဒေါ်လေး မင်းမှူ'သည် သူကရုပ်ဆိုးသလောက် ယောကျ်ားကိုတော့ ချောချော လှလှ ရှာ၍ ယူတတ်လေသည်။

'ဒေါ်လေးမင်းမှူ'ယောကျ်ား 'ဦးလေးထွန်းရှိန်' က 'ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



မင်းမှူ’ ထက် သုံးနှစ်ခန့် ငယ်ကာ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ချောမောသော လူရွယ်တစ်ယောက်ပါ။

‘ဒေါ်လေးမင်းမှူ’ ကကျတော့ အသားက မည်းရတဲ့အထဲ ဖင်ကလည်း ကောက်ပါသေးသည်။

‘ဒေါ်လေးမင်းမှူ’ မှာ လှတာဆိုလို့ ခြေလေးတွေ လက်လေးတွေက သွယ်ဆင်းနေကာ မျက်လုံးကြီးနှစ်လုံးက အရောင်တလက်လက်နှင့် တစ်ဖက်သားကို လွှမ်းမိုးယူလောက်အောင် လှပပါပေသည်။

သည်မျက်လုံးနှစ်လုံးနဲ့ပဲ ‘ဦးလေးထွန်းရှင်’ ကို ညှို့ယူဖမ်းစားခဲ့တာလား မသိနိုင်ပါ။

ကျွန်မတို့ ဘေးနားကအိမ်ကို ပြောင်းလာခဲ့တာမို့ သူတို့လင်မယားနှစ်ယောက်လုံး၏ အကျင့်စရိုက်များကို မကြားချင်လည်းကြားရ၊ မမြင်ချင်လည်း မြင်နေရတတ်ပါသည်။

‘ဒေါ်လေးမင်းမှူ’ က ‘ဦးလေးထွန်းရှင်’ ကို မတရားနိုင်ကာ သူမကတော့ ရွာရိုးကိုးပေါက် လျှောက်လည် နေတတ်သူတစ်ယောက် ဖြစ်လေသည်။

ရုပ်ကဆိုးသလို၊ အပြောအဆိုကလည်း ကြမ်းတမ်းတာမို့ အဖေကော၊ အမေပါ ‘ဦးလေးထွန်းရှင်’ ကို အသနားပိုမိကြပါသည်။

“မင်းနှယ့်ကွာ... ယူစရာမိန်းမ ဒီလောက်ရှားသလား... ရုပ်ကလည်းဆိုး... အပြောကလည်းကြမ်း... ငါ့မိန်းမ ‘သင်းထုံ’ နဲ့များ ကွာပါ့”

‘ဦးလေးထွန်းရှင်’ က ပင်ကိုယ်အေးသူဖြစ်ကာ ‘ဒေါ်လေးမင်းမှူ’ အဝတ်အစားကအစ လျှော်ပေးရသူဖြစ်ပါသည်။

တစ်ခါတလေ ရွာရိုးကိုးပေါက် လျှောက်လည်၍ ပြန်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ထမင်းမကျက်သေးလျှင် 'ဦးလေးထွန်းရှင်' ကို ဂေါ်တုတ်တာတ်ခါ သေးသည်။

"သေနာကျ... တစ်နေကုန် အိမ်မှာဘာလုပ်နေလည်း ကျုပ်မှာ မောကြီး ပန်းကြီးပြန်လာတာ"

"ငါထင်းလည်းခွဲ... ရေလည်းခပ်နေရသေးတယ် 'မင်းမှူ' "

"ဒါတော့ တော် ယောကျ်ားအလုပ်ပဲ လုပ်ရမှာပေါ့တော့"

"ဒါဖြင့် မိန်းမအလုပ်ကဘာလဲ... လျှောက်လည်အတင်းပြောအဲဒါပဲလား"

"ဟင်... သေနာကောင်... နင်က ငါ့ကို ပြန်ပြောတယ်...ပြောအုံး... ပြောအုံး"

'ဒေါ်လေးမင်းမှူ' က 'ဦးလေးထွန်းရှင်' ကျောကို တဖုံးဖုံးနဲ့ ထုနေတာ နားထောင်ရင်း အဖေက အမေ့ကို တီးတိုးပြောပါသည်။

"ကောင်လေး သနားပါတယ်"

"ဘယ်တတ်နိုင်ပါ့မလဲ တော်... သူတို့ကြိုက်လို့ သူတို့ယူလာတဲ့ဥစ္စာပဲ"

"ငါ ဒီတစ်ခေါက် ဖားကန့်သွားရင် 'ထွန်းရှင်' ကို ခေါ်သွားရ ကောင်းမလားလို့"

ကျွန်မတို့ရွာက ပခုက္ကူမြို့နဲ့ အလှမ်းဝေးသော ရွာလေးတစ်ရွာမို့ ယာအလုပ်၊ ကိုင်းအလုပ်ကလွဲ၍ အခြားစီးပွားရေးအလုပ်သိပ်မရှိလှပါ။

ဒီယာအလုပ် ကိုင်းအလုပ်တွေဆိုတာကလည်း သိပ်စီးပွားဖြစ်လှတာမဟုတ်၍ ရွာကယောကျ်ားမှန်သမျှ စီးပွားဖြစ်သော မြို့တွေကို တက်ကာ အလုပ်လုပ်ကြတာ ရွာရဲ့ အကျင့်လို ဖြစ်နေကြပါသည်။

အဖေနဲ့ သူ့သူငယ်ချင်းအုပ်စုက ဖားကန့်ဘက်ကို ထွက်



www.burmeseclassic.com

www.burmeseclassic.com



ကာ ကျောက်တူးကြသလို အမေနဲ့ရွာက မိန်းကလေးအုပ်စုတွေကလည်း ကျောက်မဲဘက်တက်၍ ရွှေဖီချိန်ဆို လက်ဖက်ခူးထွက်ကြပါသည်။

ကျွန်မက အိမ်မှာ အဖွားနဲ့နေရကာ ကျောင်းတက်ရလေသည်။

"ဖြစ်ပါ့မလားတော်... သူ့မိန်းမက အပေါက်ဆိုးပါဘိသနဲ့ ကျောက်ရရင် ကောင်းရဲ့... မရရင် ရှင်တို့ကိုပါ ကလော်ဆဲတာ ခံနေရမှါအုံးမယ်"

"ကောင်လေးကို သနားလို့ပါ 'သင်းထုံ' ရယ်... ကောင်လေးကလည်း လိုက်ချင်တယ်လို့ ငါ့ကို တဂျီဂျီပြောနေတယ်"

ထိုအချိန်က ကျွန်မရွာကျောင်းမှာ ကျောင်းစတက်နေရပါပြီ။ ကျွန်မကိုယ်တိုင်လည်း သဘောကောင်းသော 'ဦးလေးထွန်းရှင်' ကို ခင်မင်ရတာကြောင့်လည်း အဖေ့ကို လှမ်းပြောလိုက်မိပါသည်။

"ခေါ်သွားလိုက်ပါ အဖေရယ်... ဒီမှာဆို 'ဒေါ်လေးမင်းမှူ' နှိပ်စက်တာ တစ်ချိန်လုံး ခံနေရတာ"

ရုပ်မလှရတဲ့အထဲ စိတ်ထားပါ မလှသော 'ဒေါ်လေးမင်းမှူ' ကို ကျွန်မ ကြည့်မရပါ။

ပြီးတော့ ကိုယ့်အိမ်ဦးနတ်လို လေးစားအားကိုးရမယ့် ယောကျ်ားကို နိုင်လိုမင်းထက် ဆက်ဆံနေတာကိုလည်း ကျွန်မ မနှစ်ခြိုက်ပါ။

အိမ်မှာဆို အဖေ့ကို အမေက ရိုသေလေးစားကာ အမေ့ကိုလည်း အဖေက ကြင်နာတတာမို့ ကျွန်မတို့ မိသားစုလေးက ချမ်းသာသော်လည်း နွေးနွေးထွေးထွေးရှိလှပါသည်။

လသာသော ညများဆို အိမ်ရှေ့က ကွပ်ပျစ်လေးမှာ ရေနွေး



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းနဲ့ လက်ဘက်သုတ်ပန်းကန်ချကာ မိသားစုဝိုင်းဖွဲ့ စကား ပြောရတာ ကျွန်မဘဝမှာ အပျော်ရွှင်ဆုံးသော အချိန်များဖြစ်ပါ သည်။

ဒီအချိန်များတွင် အဖေက ဖားကန့်မှာ သူတွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ပြန်ဖောက်သည်ချ ပြောပြကာ အမေက သူ လက်ဘက်ခူးထွက်ချိန်ကအကြောင်းလေးတွေ ပြန်ပြောပြတတ် တာမို့ ကျွန်မအဖို့ အမေ့ပေါင်ပေါ် ခေါင်းတင်ရင်း နားထောင်ရတာ အရသာ ရှိလှပါသည်။

ဒီလို အရသာမျိုးကို ကျွန်မ ယခုအချိန်မှာ ဘယ်မှာလိုက်ရှာ ရမှာလဲ။

ကျွန်မအသက် ဆယ်နှစ်အရွယ်တွင် အဖေ ကျွန်မဘဝထဲက လုံးဝထွက်ခွာသွားခဲ့သလို ကျွန်မအသက် နှစ်ဆယ်အရွယ်မှာ တော့ အမေကိုယ်တိုင်လည်း ကျွန်မကို ထားခဲ့ကာ အဖေ့နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားခဲ့ပါလေပြီ။

အမေနဲ့ ရေ့ဆင့်နောက်ဆင့်လို အဖွားလည်း ဆုံးပါးခဲ့ပြီ ဆိုတော့ ကျွန်မဘဝမှာ ကျွန်မတစ်ယောက်တည်း အထီးကျန် ဖြစ် ခဲ့တာ ကြာခဲ့ပါပြီ။

ပြန်မတွေးချင်သော အကြောင်းတွေ ဖြစ်သော်လည်း လူခြေ တိတ်တိုင်း အတိတ်ဟောင်းကို ပြန်လည်ကာ လွမ်းတမ်းတမိတာ အကျင့်လိုဖြစ်နေခဲ့ပါပြီ။

ခုလို တိုက်ဆိုင်မှုရှိလျှင် ပိုသတိရမိပါသည်။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကျလျှင်တော့ ကျွန်မသည် 'ဒေါ်ဦးဦးသာ' အဖြစ် လူတွေ ကြားထဲ မာန်ချီကာ လျှောက်သွားရပါအုံးမည်။

လူကွယ်ရာမှာ ကျွန်မသည် ပျောင်းနွဲ့ကာ မိဘရင်ခွင်ကို မှီခို ချင်သော သမီးငယ်လေးတစ်ယောက် ဖြစ်ပေမယ့် လူတွေရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မသည် ထက်မြက်သော သွက်လက်သော မိန်းမရွယ် တစ်ယောက်အဖြစ် သဏ္ဍာန်လုပ်ကာ ဟန်လုပ်ပြရပါအုံးမည်။

ဒါ ကျွန်မရဲ့လက်ရှိ ဘဝအစစ်အမှန်ပဲ မဟုတ်ပါလား။

သက်ပြင်းကိုချကာ ကျွန်မ အိပ်ရာထဲကို ဝင်လာခဲ့လိုက်မိပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၆

ကားကို လမ်းထိပ်တွင်ရပ်ကာ လမ်းထဲကို ဝင်လာခဲ့မိသော်လည်း 'လဝန်း' ရဲ့အိမ်ဆိုတာ ဘယ်မှာရှိမှန်း ကျွန်မ မသိခဲ့ပါ။ အိမ်လေးတွေအားလုံးက သစ်သားအိမ်လေးတွေ အများစုပါ။

သည်လို အိမ်လေးတွေထဲကမှ 'လဝန်း' ရဲ့အိမ်ဘယ်မှာဖြစ်နိုင်မလဲ လျှောက်ကြည့်နေဆဲ ကျွန်မ မျက်ဝန်းထဲကို အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ ကောင်လေးတစ်ယောက် တိုးဝင်လာခဲ့ပါသည်။

တီရှပ်အဖြူရောင်လက်တိုနှင့် ပုဆိုးခပ်တိုတို ဝတ်ပြီး လက်ထဲ ကျွတ်ကျွတ်အိတ်တစ်လုံးဆွဲထားတဲ့ ကောင်လေးက မနေ့ညက 'လဝန်း' ကို လာကြိုတဲ့ ကောင်လေးဆိုတာ မှတ်မိတာကြောင့် ကျွန်မပြုံးအပြ ကောင်လေးက အူကြောင်ကြောင်ဖြစ်သွားသော ပုံစံလေးဖြင့် ကျွန်မကို ပြန်စိုက်ကြည့်လာခဲ့ပါသည်။

"မင်း 'မောင်နေမင်း' မဟုတ်လား"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



'နေမင်း' အံ့ဩသွားရပါသည်။

သူတစ်ခါမှပင် မမြင်ဘူးတဲ့ မိန်းမတစ်ယောက်က သူ့ နာမည်ကို ခေါ်နေတာပါလား။

"မရဲ့ နာမည် 'ဦးဦးသာ' ပါ... 'လဝန်း' ရဲ့အိမ်များ ပြပေးနိုင်မလားလို့"

"ဟာဗျာ"

ခုမှ 'နေမင်း' အံ့ဩသွားရပါသည်။

မနေ့ညတည်းက 'လဝန်း' ပြောပြခဲ့ပါသည်။ ဒါပေမဲ့မှောင်ထဲမှာ ထိုင်နေသော 'ဒေါ်ဦးဦးသာ' ကို သူကောင်းစွာမမှတ်မိခဲ့ပါ။

ဒါကြောင့်လည်း ကျွတ်ကျွတ်အိတ်တစ်လုံးဆွဲကာ ဟိုကြည့်ဒီကြည့် ကြည့်နေသော မိန်းမကို သူကျော်ဖြတ်ဖို့ ကြိုးစားခဲ့တာပေါ့။

ခုတော့ 'ဒေါ်ဦးဦးသာ' ဆိုတာ သိသွားခဲ့ပြီမို့ 'လဝန်း' တို့ အိမ်ရှိရာ ခေါ်လာခဲ့မိပါသည်။

"လာပါ ခင်ဗျ... 'လဝန်း' တို့အိမ်က ဟိုဘက်က အိမ်ပါ"

သုံးပင်နှစ်ခန်းသစ်သားအိမ်လေး၏ ခေါင်းရင်းခန်းရှိရာကို 'နေမင်း' လျှောက်လာကာ အိမ်ထဲကို လှမ်းအော်လိုက်မိပါသည်။

" 'လဝန်း' ရေ... ဒီမှာ ဧည့်သည် 'ဒေါ်ဦးဦးသာ' တဲ့"

အိမ်ထဲမှ ပြေးထွက်လာသော အရိပ်နှင့်အတူ 'လဝန်း' ၏ ဝမ်းသာအားရ အသံလေး ထွက်လာခဲ့ပါသည်။

"မမလာတယ်"

"ဟုတ်တယ် 'လဝန်း' ... ညတည်းက လာပို့ပေးချင်တာ အရမ်း မိုးချုပ်သွားလို့"

'လဝန်း' က ကျွန်မလှမ်းပေးသော အထုပ်ကိုယူကာ အားနာစကားဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အားနာလိုက်တာ မမရယ်... 'လဝန်း' လည်း အဖေတို့ကို တွေ့တာနဲ့ ဝမ်းသာပြီး ဆင်းလိုက်တာ ပစ္စည်းကျန်ခဲ့မှန်းတောင် သိဘူး... အိမ်ရောက်မှ သိရတာ"

ကျွန်မရပ်နေဆဲ အိမ်ထဲမှ 'လဝန်း' ရဲ့ဖခင်ထွက်လာခဲ့ပါသည်။

"သမီး... သမီးရဲ့မမကို နေရာပေးအုံးလေ"

"ဟုတ်ပါရဲ့... မမ လာလေ"

'လဝန်း'က ဖျာချောတစ်ချပ်ကို ခေါင်းရင်းဘက်တွင်အခင်း ကျွန်မ အားနာစွာ ငြင်းလိုက်မိပါသည်။

"နေပါစေ ဦးလေး... ကျွန်မ ကုမ္ပဏီကို သွားရအုံးမှာမို့လို့ ပါ"

"မနေ့က သမီးလေးကို လိုက်ပို့ပေးတာ ကျေးဇူးတင်ပါ တယ် တူမကြီးရယ်... ဦးလေး အသက်ရှင်နေရတာ ဒီသမီးလေး အတွက်ကြောင့်ပါ"

ပြောရင်းအဖိုးကြီးက မျက်ရည်အကျ ကျွန်မ အဖေ့ကိုသတိ ရကာ စိတ်မကောင်းဖြစ်သွားခဲ့ရပါသည်။

'လဝန်း'ကမှ အဖေရှိ၍ ပြုစုစောင့်ရှောက်နိုင်ပါသေးသည်။ ကျွန်မကတော့ ပြုစုစောင့်ရှောက်ချင်ပါရက်နဲ့ အဖေမရှိတော့ပါ။

'လဝန်း' က ကျွန်မနားရပ်ကာ တီးတိုးပြောသည်။

"ဒီမှာလေ... မမပေးထားတဲ့ ချက်လက်မှတ်... ဒါလေးကို 'လဝန်း' ဒီနေ့ပဲ ဘဏ်မှာသွားလဲပြီး အဖေ့ကို ဆေးခန်းပြပေးမ လို့"

"ဒါလေးများ 'လဝန်း' ရယ်... မမနဲ့ တစ်ခါတည်း လိုက်ခဲ့ လိုက်ပါလား... မမလည်း မြို့ထဲသွားရမှာ"

"နေပါစေ မမ... 'လဝန်း'က ကလေးတွေ ကျူရှင်ပြရအုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



မို့လို့ပါ"

"ဒါဆိုလည်း မမ ပြန်အုံးမယ်နော်... ကုမ္ပဏီမှာ အလုပ်တွေ အများကြီး ရှိသေးတယ်"

ကျွန်မ 'လဝန်း' တို့အိမ်ပေါ်မှအဆင်း ...

"ဟဲ့ 'နေမင်း' လက်ဘက်ရည်ဘယ်မှာလဲ... မိုးလင်းတည်းက ငါပြောနေတာ ကြာလှပြီ"

"ဒီမှာ ဝယ်လာခဲ့ပါပြီ အမေရယ်"

"ဆေးလိပ်ကော"

"ပါ ပါတယ် အမေရာ... ရော့... ရော့"

ကပ်ရက်အခန်းကမို့ အားလုံးကို ကြားနေရတာ ဖြစ်ပါသည်။ 'လဝန်း' က အသံလေးကို မြှင့်ရင်း လှမ်းပြောသည်။

" ကြီးဒေါ် ခဏစောင့်အုံးလေ... 'လဝန်း' အိုဗာတင်း လာပို့မယ်"

"သောက်ချင်ပါဘူးတော်... ဒါတွေ ကျုပ် တစ်ချိန်လုံး သောက်ခဲ့ရတာ"

"အဲဒါဆို မုန့်ပို့ပေးမယ်လေ... ကြီးဒေါ် ရဲ့"

"မုန့်ပုံးထဲက မုန့်လား... ကြည့်တောင် မကြည့်ချင်ဘူး"

တစ်ဖက်မှ စကားသံ ခပ်စီးစီးကို နားထောင်ကာ ကျွန်မ အပြုံး 'လဝန်း' က လေသံကို နှိမ့်ကာ ကျွန်မကို တီးတိုးပြောပြပါ သည်။

"အဲဒါ 'နေမင်း' ရဲ့အမေပေါ့ မမရဲ့... 'နေမင်း' က လိမ္မာ သလောက်... အဖွားကြီးက ဆိုးလိုက်တာ တာတေကို လန့် တာပဲ"

ရုပ်မမြင်ရပါဘဲ အသံကြားရရုံနဲ့တင် ကျွန်မ ခန့်မှန်းမိပါ သည်။ ဒါဆို 'နေမင်း' ဆိုတဲ့ ကောင်လေးရဲ့ဘဝက သနားစရာ

www.burmeseclassic.com



သားပေါ့။

မျက်ဝန်းထဲ မျက်ခုံးထူထူ မျက်လုံးစူးစူးရဲရဲနဲ့ ကောင်လေး ကို မြင်ယောင်ကာ စိတ်မကောင်းဖြစ်အသွား။ 'လဝန်း' က ကျွန်မ အားရှိရာကို လိုက်ပို့ပေးရင်း 'နေမင်း' အကြောင်း ပြောပြပါသည်။

" 'နေမင်း' က နေ့လည်ဆို ကားဝပ်ရှော့မှာ အလုပ်လုပ် တယ်... ညဖက်ဆို သူ့အမေကို ပြုစုရတယ် မမရဲ့"

"သူ့အမေက နေမကောင်းလို့လား"

"နေမကောင်းတာလည်း မဟုတ်ပါဘူး မမရယ်... အဖွား ကြီးက ဘဝင်မြင့်ရူး ရူးနေတာလေ... ပန်းသီးစားချင်တာနဲ့ ကီလို စပျစ်သီးစားချင်တာနဲ့... ချိ(စ်) ကိတ်မုန့် စားချင်တာနဲ့ မမရယ်... တစ်ခါတလေ 'လဝန်း' တောင် မကြားဘူးတဲ့မုန့်တွေ 'နေမင်း' ကို ပူဆာတတ်သေးတာ"

" 'နေမင်း' ကကော ဝယ်ပေးတာပဲလား"

ကျွန်မ စိတ်ဝင်တစား မေးလိုက်မိတာဖြစ်ပါသည်။ ခုခေတ် မှာ 'နေမင်း' လို မိဘကို သိတတ်သော သားသမီးမျိုးက အတော် ရှားသည်။

" 'နေမင်း' က သူ့အမေကိုသိပ်ချစ်တာ မမရဲ့... ဘယ်လောက် ဈေးကြီးကြီး ဝယ်လာပေးတယ်... တစ်ခါကလည်း 'နေမင်း' က ပန်းသီးဝယ်လာပေးတာ ချင်းတောင်ပန်းသီးကြီး မစားဘူးဆိုပြီး ဒေါင့်ပစ်လိုက်တယ်လေ... သူက အကောင်းစား ပန်းသီးမှ စားချင် တာတဲ့"

ကျွန်မ သက်ပြင်းရှိုက်လိုက်မိပါသည်။

တချို့မိဘများသည် တောင်မှမြောက်သို့ စီးဆင်းသော မြစ် ကြီးသဖွယ် သားသမီးအတွက်ဖြစ်ကာ တချို့မိဘများကတော့ သား သမီးအတွက်မဟုတ်ဘဲ သူတို့အတွက် သူတို့ကြည့်ကြသူများသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြပါသည်။

ကျွန်မ ကံကောင်းတာက ကျွန်မမိဘများသည် ကျွန်မ
တွက် ဖြစ်ခဲ့ပါသည်။ ပခုက္ကူလို မြို့နဲ့ဝေးသော ရွာလေးမှာ နေ
တာကြောင့် အဖေသည် ကျွန်မအတွက် ကာဖီ၊ နို့ဆီ၊ သကြား
ကို မပြတ်စတမ်း ဝယ်ပေးကာ မုန့်ပုံးဆိုတာ ကျွန်မအတွက်
များကလေးတွေ လာငေးမောကြည့်ရလောက်အောင် စားခဲ့ရသေ
စားစရာဖြစ်ခဲ့ပါသည်။

ကျွန်မတို့ ချမ်းသာသလားဆိုတော့လည်း ချမ်းသာသ
မဟုတ်ပါ။

ဒါပေမယ့် ကျွန်မသည် ငယ်စဉ်တည်းက မိဘမေတ္တာ ချ
သာကြွယ်ဝခဲ့သူ ဖြစ်ပါသည်။ ကျွန်မ ဆယ်နှစ်အရွယ်တွင် အ
ကွယ်လွန်သွားခဲ့သော်လည်း မကွယ်လွန်ခင် တစ်လျှောက်
ကျွန်မတစ်သက်တာ မမေ့နိုင်အောင် အဖေသည် ကျွန်မအပေါ်
ချစ်ခင် ကြင်နာသွားခဲ့သူ ဖြစ်ပါသည်။

အတွေးများဖြင့် ကျွန်မ ဝိုင်အသွား 'လဝန်း' က မျက်
ငယ်လေးဖြင့် ကျွန်မကို လှမ်းပြောပါသည်။

" 'လဝန်း' ပြောတာနဲ့ မမလည်း စိတ်ညစ်သွားပြီနဲ့တူပါ
'လဝန်း' လည်း ဘာတွေ လျှောက်ပြောနေမိမှန်းမသိပါဘူး မမရယ

အိမ်နေရင်း မျက်နှာပြောင်လေးနဲ့ပေမယ့်လည်း 'လဝ
သည် ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်ပါ။

ဆံပင်ကို နောက်ဖက်မှာ ဖြစ်သလို လိပ်တင်ကာ ညှ
ညှပ်ထားတဲ့ကြားက မျက်ခုံးထူထူ၊ မျက်နှာဝိုင်းဝိုင်းလေး
ချောမောနေရလေသည်။

ကျွန်မအနားမှာလည်း 'လဝန်း' လို တိုင်ပင်ဖော် တိုင်
ဖက် 'Secretary' တစ်ယောက်လိုတာမို့ 'လဝန်း' ကို မေးလို



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

" 'လဝန်း' မမကုမ္ပဏီမှာ အလုပ်လုပ်မလား"

" 'လဝန်း' ဘာလုပ်ရမှာလဲ မမ"

"အော်... မမရဲ့ စက္ကက်ထရီလေ... အတွင်းရေးမှူးလေ"

" 'လဝန်း' မှာ ဘာ 'Satificate' မှ မရှိဘူးမမ"

"မမဆီမှာ အလုပ်လုပ်ရင်းနဲ့ သင်တန်းတက်လို့လည်းရ ပါးပဲ 'လဝန်း' ရယ်"

"မမရယ် 'လဝန်း' ဘယ်လို ပြောရမယ်မှန်းတောင် မသိတော့ ပါဘူး... မမနဲ့တွေ့ရတာ မဏိမေခလာ နတ်သမီးနဲ့ တွေ့ရသလို ပါပဲ"

ပြောရင်း 'လဝန်း' ပါးပြင်ပေါ် မျက်ရည်များ စီးကျလာ၍ ကျွန်မ စာနာစွာ နှစ်သိမ့်လိုက်မိပါသည်။

"ကဲပါ... 'လဝန်း' လည်း စိတ်ချမ်းသာတော့ ဒီမှာ မမရဲ့ Business ကဒ်... မနက်ဖြန်သာ ကုမ္ပဏီကို စောစောလေး လာခဲ့ လိုက်နော်"

"ဟုတ်ကဲ့ပါ မမ"

ကဒ်ပြားလေးကို ငုံ့ကြည့်ကာ ကျန်ခဲ့သော 'လဝန်း' ရဲ့ ပုံ ရိပ်လေးကို နောက်ကြည့်မှန်မှတစ်ဆင့် ငေးကြည့်ရင်း ကျွန်မကျေ နပ်စွာ ပြုံးလိုက်မိပါသည်။

ကျွန်မ ဒုက္ခရောက်နေတုန်းကလည်း ကျွန်မ 'လဝန်း' လိုပဲ မျက်ရည်ကျခဲ့ရတာပါပဲလေ။

အဖြစ်ချင်းတူတာမို့ ကျွန်မ 'လဝန်း' ကို စာနာနိုင်မိတာ ပေါ့ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



၇

"နင့်ဥစ္စာ အင်ကြီးများလား 'လဝန်း' ရာ... အလု
ခန့်တာ ဒီလောက် မလွယ်ပါဘူး"

မမ ပေးခဲ့သော Business ကဒ်လေးကို 'နေမင်း' ကို ဝ
သာအားရအပြ 'နေမင်း' က ပြောတာဖြစ်ပါသည်။

'လဝန်း' ချက်ချင်းလို စိတ်တိုသွားရရင်း 'နေမင်း' ကို ပြ
အငေါ်တူးလိုက်မိသည်။

"ဟဲ့... အရှင်မွေးရင် နေ့ချင်းကြီးသတဲ့... နင်က 'ရှင်နေမင
ငါက 'လဝန်းပြည့်' တူလို့လား"

'လဝန်း' 'နေမင်း' မခံချင်အောင် မျက်နှာကို တမင်မော
အပြော 'နေမင်း' ကခေါင်းတညိတ်ညိတ်နဲ့ ပြုံးနေလိုက်မိသည

တကယ်တော့လည်း 'လဝန်း' ကို မခံချင်အောင် 'နေမင်း'
နေမိခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



'လဝန်း' ဒီအလုပ်ကို ရသွားတာ 'နေမင်း' ဝမ်းမသာဘဲနေပါ့မလား။ 'လဝန်း' လို ရိုးသားအေးဆေးသော မိန်းကလေးတစ်ယောက် ညဖက်ကြီး သီချင်းထွက်ဆိုနေရတာကို 'နေမင်း' မလိုလားပါ။

ဒါပေမယ့် 'လဝန်း' တို့ အိမ်အခြေအနေကို သိနေ၍ 'နေမင်း' မတားသာခဲ့ပါ။

'လဝန်း' 'နေမင်း' ကို လှမ်းကြည့်လိုက်ပါသည်။

အရယ်အပြုံးနည်းပါးသူမို့ 'နေမင်း' ပြုံးလျှင် အရမ်းကို ချစ်စရာကောင်းပါသည်။

မိခင်ဖြစ်သူက အရုပ်ဆိုးအကျည်းတန်သလောက် 'နေမင်း' ကတော့ ဖြူဖြူစင်စင် သန့်သန့်ပြန့်ပြန့်လေးနှင့် မွန်ရည်သူလေးတစ်ဦးပါ။

ဒါပေမယ့် ဘယ်သူနဲ့မှအရောမဝင်ချင်သလို ခပ်တည်တည်နေတတ်တဲ့ မျက်နှာပေးကြောင့်လည်း မျက်နှာက ရှုတင်းတင်းဖြစ်နေရကာ သူတို့ရပ်ကွက်ထဲကို ပြောင်းလာပြီး နှစ်နှစ်ခန့်ကြာမှ 'လဝန်း' တို့ ခင်မိကြတာ ဖြစ်ပါသည်။

ဒါတောင် 'နေမင်း' က စခေါ်တာမဟုတ်ပါ။ 'လဝန်း' ကသာ စာပေးစာယူ အနီးကပ်သင်တန်းတွင် အတူတက်ရင်း စခေါ်ခဲ့ရတာပါ။

အမေက 'လဝန်း' တစ်ဦးတည်းကို ရှားရှားပါးပါး မွေးခဲ့တာဆိုတော့ တွေ့ရာလူတိုင်းကို ရင်နှီးခင်တွယ်တတ်တာ 'လဝန်း' ရဲ့ အကျင့်လို ဖြစ်နေခဲ့ပါပြီ။

ပြီးတော့ 'လဝန်း' က ရပ်ကွက်ထဲက ကလေးတွေရဲ့ ကျူရှင်ဆရာမဆိုတော့ ကလေးတွေကတစ်ဆင့် 'နေမင်း' တို့ရဲ့သတင်းတွေ ပြန်ကြားနေရတာလည်း ပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က 'လဝန်း' တို့အိမ်တစ်ခြမ်းကို လူငှားမတင်ရသေးသလို 'နေမင်း' တို့ကလည်း 'လဝန်း' တို့နဲ့ ငါးအိမ်ကျော်ခန့်မှာနေတာပါ။

'နေမင်း' တို့ကို ငှားထားတဲ့အိမ်ရှင်ရဲ့ သားလေးက 'လဝန်း' ဆီမှာ ကျူရှင်လာတက်တာဆိုတော့ 'နေမင်း' အကြောင်းကို မစုံစမ်းရဘဲ 'လဝန်း' အားလုံးသိနေရလေသည်။

ဒီလိုသိနေတာကြောင့်လည်း 'နေမင်း' ကို 'လဝန်း' ပိုခင်မင်မိတာ ထင်ပါရဲ့။

" သားတို့ အိမ်အောက်ထပ်မှာ ငှားထားတဲ့သားအမိကို ဆရာမ သိတယ်မဟုတ်လား"

"အေးလေ... အမေက အသားမည်းမည်းနဲ့ အရုပ်ဆိုးသလောက် သားက ချောတယ်လေ"

"အဲ့ဒီ အစ်ကိုကြီး နာမည်က 'နေမင်း' တဲ့ ဆရာမရဲ့... 'ရှင်နေမင်း' ဆိုလားပဲ"

" 'ရှင်နေမင်း' တဲ့လား"

ရှားရှားပါးပါး တောက်ပနေသော မျက်ဝန်းတစ်စုံကို မြင်ယောင်ကာ 'လဝန်း' ခေါင်းညိတ်လိုက်မိပါသည်။

နာမည် ပိုင်ရှင်နဲ့ လိုက်ဖက်သော နာမည်လေးပါပဲ။

"အစ်ကိုကြီးက အေးသလောက် သူ့အမေကြီးက ဆိုးသလား မမေးပါနဲ့ ဆရာမရယ်... ဟင်းချက်လည်း အဲ့ဒီအစ်ကိုကြီးကချက် အဝတ်လျှော်လည်း အဲ့ဒီအစ်ကိုကြီးပဲ လျှော်ရတာ... ဒါတောင်ဘာဂျီးများသလဲ မပြောနဲ့... သူ မစားချင်တဲ့ဟင်းဆို လွှင့် လွှင့်ပစ်တာ... ည ညဆိုလည်း ဒါ ချသေးတာ"

ကောင်လေးက ရှုံ့မဲ့ရင်း လက်မကိုကော့ကာ ပါးစပ်ထဲ ထည့်ပြတာကြောင့် 'လဝန်း' အံ့သြသွားခဲ့ရပါသည်။

www.burmeseclassic.com



ဘုရား၊ ဒီအလုပ်က ယောကျ်ားတွေလုပ်တာ မဟုတ်ဘူး လား။

"နေ့လည်ဘက် ဟိုအစ်ကိုကြီး အလုပ်သွားရင် အဲ့ဒီအဒေါ်ကြီးက ဖဲလည်းရိုက်သေးတာ"

"ဘုရားရေ"

'လဝန်း' အံ့သြပြီးရင်း အံ့သြရပါသည်။ ဒီလို မိခင်မျိုး ရှိသေးလို့လား။

'လဝန်း' တို့ရပ်ကွက်ထဲကို ပြောင်းလာတာမှ မကြာသေး ဖဲလည်ရိုက်တတ်နေပြီလား။

"အဲ့ဒီ အစ်ကိုကြီးကတော့ သူ အပြင်သွားရင် သူ့အမေကို စိတ်မချလို့ ဟိုအိမ်မှာ ဒီအိမ်မှာနဲ့ အဖွားကြီးက အစ်ကိုကြီးသွားတာနဲ့ ဖဲထုပ်ကိုင်ပြီး အိမ်ထဲက ထွက်တော့တာပဲ"

'လဝန်း' သက်ပြင်းချကာ 'နေမင်း' ဆိုတဲ့ လူအကြောင်း ဆက်နားထောင် နေမိပါသည်။

"ည ညဆိုလည်း သူ့အမေအတွက် အဲ့ဒါဝယ်လာခဲ့ရသေးတာ... ဝယ်မလာတဲ့နေ့ဆိုရင် တစ်အိမ်လုံးရှိသမျှပစ္စည်းတွေ ပေါက်ခွဲနေတာ အဖေတို့တောင် မနေနိုင်ဘူး... နားကိုညီးနေတာပဲ... ဟို အစ်ကို့မျက်နှာနဲ့ အဖေတို့ သူတို့ကိုအိမ်ဆက်ငှားနေရတာ... အဖွားကဆို တစ်နေ့တစ်ရက်တောင် မထားချင်တော့ဘူးတဲ့"

ဒါကြောင့် 'လဝန်း' နဲ့တွေ့တဲ့အခါတိုင်း ညှိုးနွမ်းနေတတ်သော 'နေမင်း' ရဲ့ မျက်နှာက ဘာဖြစ်လို့ဆိုတာ 'လဝန်း' ရိပ်စားမိချေပါပြီ။

အဖေလည်း အရင်တုန်းက အရက်သောက်ခဲ့တာပဲ။ ဒါပေမဲ့ အဖေကအေးသည်။ အရက်သောက်ပြီးတော့ အိပ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ရောဂါရပြီးနောက်ပိုင်းမှာ ဆရာဝန်ကိုယ်တိုင်က ဖြတ်ခိုင်း၍ အရက်ပြတ်ခဲ့ပါပြီ။

သို့ပေမယ့် အဖေရဲ့ကျန်းမာရေးက တစ်စတစ်စ ယိုယွင်း ပျက်စီးလာခဲ့သည်။ အဖေ့အကြောင်းကို စဉ်းစာမိရာမှ 'နေမင်း' ကို လှမ်းပြောလိုက်မိပါသည်။

"မမက အလုပ်လုပ်ရင်း စက္ကူထရီသင်တန်းပါ တက်ခိုင်းမ လို့တဲ့"

ပြုံးပျော်နေသော 'လဝန်း' မျက်နှာလေးကို ငေးကြည့်ကာ 'နေမင်း' လည်း ကြည်နူးနေမိပါသည်။

သူ့လိုယောကျ်ားသားတစ်ယောက်တောင် မိသားစုလေးနှစ် ဦးရဲ့ တာဝန်ကို မနည်းထမ်းပိုးထားရလျှင် 'လဝန်း' လိုနုနယ်သော မိန်းကလေးဆိုရင်တော့ မပြောပါနဲ့တော့။

ကံကောင်းတာက ခုခေတ် မိန်းကလေးတွေက ယောကျ်ား လေးတွေထက် အလုပ်အကိုင် အခွင့်အလမ်းတွေပေါသည်။

ကုမ္ပဏီမှာလုပ်မလား၊ အရောင်းစာရေးမ လုပ်မလား၊ အဆို တော်လုပ်မလား၊ ကစားဝိုင်းမှာလုပ်မလား၊ သူတို့ယောကျ်ားလေး တွေထက် အခွင့်အရေးသာသည်။

ရုပ်ချောကာ သွက်သွက်လက်လက် ချက်ချက်ခြာခြာရှိလျှင် ပို သဘောကျကျသည်။

သူတို့ရုပ်ကွက်ထဲက ကောင်မလေးတွေ ဒီလိုပဲ အလုပ်တွေ လုပ်နေတာ တွေ့ရသည်။

တချို့လည်း ရိုးရိုးသားသား၊ တချို့လည်း မရိုးမသား၊စုံနေ အောင် 'နေမင်း' တွေ့ဖူးပါသည်။

'လဝန်း' ကိုတော့ ထိုမိန်းကလေးတွေနဲ့ တစ်တန်းတစား တည်း သူ မထားရက်ပါ။


www.burmeseclassic.com

www.burmeseclassic.com



ဒီရပ်ကွက်ထဲကို စပြောင်းလာတည်းက သူ့ အထင်ကြီး လေးစားမိတဲ့ မိန်းကလေးက 'လဝန်းပြည့်' တစ်ယောက်တည်းပဲ ရှိခဲ့ပါသည်။

ဒါပေမယ့် ကိုယ့်ဘဝနဲ့ကိုယ်မို့ 'နေမင်း' 'လဝန်း' ကိုလည်း မခင်မင်ရဲပါ။ 'လဝန်း' ကိုတင်မက တစ်ရပ်ကွက်လုံးကို 'နေမင်း' ရဲရဲမကြည့်ဝံ့ပါ။

ကိုယ့်အမေအကြောင်း ကိုယ်ပဲ သိသည်မဟုတ်ပါလား။

'လင်ဆိုးမယား၊ တဖါးဖါး' 'သားဆိုးအမေ၊ တပေပေ' ဆိုပေမယ့် အမေဆိုးတဲ့အကြောင်းတွေကို 'နေမင်း' ဘယ်သူ့ကိုရင်ဖွင့်ရဲမှာလဲ။

ဒီသာကေတကို ပြောင်းမလာခင်က 'နေမင်း' တို့ ကျောက်မြောင်းဘက်မှာ ငှားနေခဲ့ကြသေးတာပါ။ ထိုအချိန်က 'နေမင်း' တက္ကစီဆွဲသည်။

အလုပ်က မောမောပန်းပန်းနဲ့ ပြန်လာတဲ့သားကို အရက်ဆိုင်မှာထိုင်ကာ အမေသည် အရက်မူးစွာ ဆီးကြိုနေတတ်ပါသည်။

အမေ့အစား 'နေမင်း' က ရှက်၍ အိမ်မှာဝယ်ပေးထားပြီးတော့လည်း အားလုံးသောက်ပစ်ကာ အေးအေးဆေးဆေး မနေဘဲ မူးရူးသောင်းကျန်းနေလေသည်။

နောက်ဆုံး တစ်ရပ်ကွက်လုံးနဲ့ အမေနဲ့ မတည့်တော့တကြောင့် 'နေမင်း' တို့ ဒီသာကေတကို ပြောင်းလာခဲ့ကြရတာဖြစ်ပါသည်။

ဒီမှာလည်း အမေ့အကျင့်တွေပေါ်မှာစိုး၍ 'နေမင်း' ဘယ်သူ့ကိုမှလည်း လိုက်လိုက်လဲလဲ မဆက်ဆံရဲပါ။ အမေ့ကိုတော့ ဇ တိုးတိတ်တိတ် ကြိတ်မှာထားခဲ့ရပါသည်။

www.burmeseclassic.com



"အမေ ဒီမှာမှ ဘယ်သူနဲ့မှမတည့်ရင် သားတို့ သင်္ချိုင်းကုန်းမှာပဲ ပြောင်းနေဖို့ရှိတော့တယ်"

သည်လိုဆိုတော့လည်း အမေသည် 'နေမင်း' စကားကိုနားထောင်ကာ ငြိမ်သက်စွာ နေခဲ့ပါသည်။

ဒါပေမယ့် တစ်သက်လုံးစွဲလာတဲ့ အမေ့အကျင့်ကို 'နေမင်း' ဘယ်လိုလုပ် ဖျောက်နိုင်ပါ့မလဲ။ တစ်နှစ်ခန့် ငြိမ်သက်စွာနေပြီး နှစ်၊နှစ်ခန့်ကြာလာတဲ့အခါမှာတော့ အမေ့ရဲ့ဗီဇဟောင်းက ပြန်ပေါ်လာကာ တစ်ရပ်ကွက်လုံးကြားအောင် 'နေမင်း' ကို ကလော်ဆဲပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၅

"အောင်မယ်လေး... သူ့ထမင်းစားရတာနဲ့ မကာမိဘူး... လူကိုပါးစပ် ပိတ်ထားရမယ်တဲ့... မပိတ်နိုင်ပါဘူး ပါးစပ်ဆိုတာ သေတာတောင် ပိတ်လို့ရတာမဟုတ်ဘူး... ငါက ရှင်နေတာ ပိုလို့တောင် ဖွင့်ထားရအုံးမယ်... ဒီ ဘဲဥတွေကဟင်းလား... ငါ ဒီဘဲဥ ဘယ်တုန်းက စားဘူးလို့လဲ... မစားဘူး"

"အမေရယ် အရင်က မစားဘူးပေမယ့် အခု စားဘူးအောင် စားကြည့်လိုက်ပါလား... ချက်ထားတာ ကောင်းပါတယ်"

"မစားဘူး ဘဲချိုးစော်နံတယ်... ငါ့ကို ဘဲကင်ဝယ်ပေး... ငါ ဘဲကင် စားချင်တယ်... မန္တလေးက ငါဝယ်နေကျဆိုင်မှာ သွားဝယ်ပေး"

'နေမင်း' အမေ့ကို စိတ်ပျက်စွာကြည့်ကာ သက်ပြင်းချလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ပုံစံက ငယ်စဉ်ကရှေထီးဆောင်းခဲ့တာကို မေ့နိုင်သေးပုံမပေါ်ပါ။ 'နေမင်း' ပင် အားလုံးကို မေ့ထားခဲ့ပြီးပြီပဲ။ အမေဘာလို့မမေ့နိုင်ရမှာလဲ။

"အမေကလည်းဗျာ... ဘယ်လိုလုပ် ဘဲကင်ဝယ်လို့ရမှာလဲ စားလိုက်ပါ... သားကောင်းအောင် ချက်ထားပါတယ်... မဆာလခတ်ထားလို့ ဘဲချိုးစော်မနံပါဘူး"

"နင် မနံပေမယ့် ငါ နံတယ်"

အမေက ဒူးကိုလက်နှစ်ဖက်နဲ့ ပိုက်ထားတဲ့ကြားက နှာခေါင်းကို ပိတ်ထားပါသေးသည်။

"သားခွံကျွေးမယ်လေ... အမေ စားကောင်းမှာပါ စားကြည့်ပါလား"

'နေမင်း' အမေ့ကို ချော့မော့ကာပြောပြီး ပါးစပ်ထဲအခွံ့...

"ဖူး..."

"ဟာ အမေ ဘယ်လိုလုပ်လိုက်တာလဲ"

အမေထွေးထုတ်လိုက်သော ထမင်းအားလုံးက 'နေမင်း' မျက်နှာပေါ်ကို ပြန့်ကျဲသွားပါတော့သည်။

ပိုက်ဆံရှာရတာကတစ်ဖက်၊ အမေ့ကို ပြုစုစောင့်ရှောက်ရတာကတစ်ဖက် 'နေမင်း' အမေ့ကို စိတ်တိုသလို အော်ပစ်လိုက်မိပါတော့သည်။

"အမေ အဲ့ဒီလိုဆိုးလို့သာ အဖေ အမေ့ကို ပစ်သွားတာနေမှာ"

"ဘာ 'နေမင်း'... နင် ငါ့ကို ပြန်ပြောစမ်း"

အမေ့အသံက မိုးကြိုးပစ်သလို ကျယ်လောက်ထင်ရှန်းမြည်ဟီးနေကာ အမေ့ရဲ့ ရုပ်သွင်ကလည်း မိုးကြိုးအပစ်ခံရသူလို ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'နေမင်း' သူ စကားပြောတာ မှားသွားမှန်းကို ချက်ချင်းရိပ်မိလိုက်ပေမယ့် ဒီတစ်ခါတော့ အမေ့ကို အလျှော့မပေးချင်တော့ပါ။

ဘဝတစ်လျှောက်လုံး အမေစိတ်ချမ်းသာအောင် သူကသာ အလျှော့ပေးနေသမျှ အမေက 'နေမင်း' ကို ဘယ်တုန်းက ငဲ့ညှာခဲ့ဖူးလို့လဲ။

အဖေ့တုန်းကလည်း အမေဒီလိုပဲ အမြဲအနိုင်ကျင့်ခဲ့ဖူးလေသည်။ အမေ့သဘောဆန္ဒအတိုင်း မဖြစ်,ဖြစ်အောင် အမေလုပ်ခဲ့သည်ချည်းသာ ဖြစ်လေသည်။

'နေမင်း' အံကြိတ်ကာ အမေ့ကို ပြန်အကြည့် အမေက 'နေမင်း' ကို ရူးရူးဝါးဝါး စိုက်ကြည့်၍နေပါသည်။

အမေ့ရဲ့ တစ်ကိုယ်လုံးမှာ အင်အားအကြီးမားဆုံးက ဒီမျက်လုံးဖြစ်သလို အလှပဆုံးကလည်း ဒီမျက်လုံးပါပဲ။ ခုလည်း ဒီမျက်လုံးနှစ်လုံးကို အစွမ်းကုန်ပြူးကာ 'နေမင်း' ကို စိုက်ကြည့်ရင်း ရူးရူးဝါးဝါး အော်ပါတော့သည်။

" ပြန်ပြောစမ်း 'နေမင်း' ... နင့်အဖေအိမ်ပေါ်ကဆင်းသွားတာ ငါ့ကြောင့် ဟုတ်လား"

"ဟုတ်တယ်... အမေ့ဒဏ်ကို မခံနိုင်လို့ အဖေအိမ်ပေါ်ကဆင်းသွားတာ... အမေသာ အဖေနဲ့သင့်မြတ်အောင်နေခဲ့မယ်ဆို ကျွန်တော်ကော အခုလို ဘဝနဲ့နေရမှာလား"

ပြောရင်း 'နေမင်း' ပါးပေါ် မျက်ရည်များစီးကျလာခဲ့ပါသည်။

ဒါကို အမေက ခက်ထန်စွာစိုက်ကြည့်ရင်း 'နေမင်း' ကို နာကြည်းသလို အော်ပါတော့သည်။

"တော်စမ်း 'နေမင်း' ... သူ့ဖါသာ သူရဲဘောကြောင်ပြီးအိမ်ပေါ်ကဆင်းသွားတာကို ငါက လိုက်ခေါ်ရမှာလား"

"အမေ လိုက်မခေါ်လို့သာ အဖေ နောက်အိမ်ထောင်ပြုသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပေါ့... အမေသာ အဖေ့နောက်လိုက်သွားခဲ့မယ်ဆိုရင် ဒီလို အဖြစ်တွေ ဖြစ်လာမလား... သားကော ဒီလိုနေရမလား"

"တိတ်စမ်း 'နေမင်း' နင့်အဖေအကြောင်း နင်က ဘယ်လောက်သိလို့ ငါ့ကို လာပြောနေရတာလဲ"

'ဒေါ်မှူ' ဆေးလိပ်ကို ငေါ့ကာ ငေါ့ကာ ဖွာရင်း သားဖြစ်သူကို မေးလိုက်မိတာဖြစ်ပါသည်။

"အမေ့ထက်စာရင် အဖေက သဘောလည်းကောင်းတယ် စိတ်သဘောထားလည်း ပြည့်ဝတယ်"

"အဲဒါဆို နင်က အဲဒီအဖေနောက် ဘာလို့ လိုက်မသွားခဲ့တာလဲ... လိုက်သွားခဲ့လေ"

သူ လိုက်သွားဖို့ ကြိုးစားနေချိန်မှာပဲ အဖေနောက်အိမ်ထောင် ပြုသွားခဲ့ပါသည်။

အိမ်ထောင်ပြုပြီး မကြာခင် အဖေကား အက်စီးဒင့်ဖြစ်ကာ ရုတ်တရက် ဆုံးပါးသွားခဲ့လေသည်။

အဖေ့ အသုဘမို့ သူသွားချင်ပေမယ့်လည်း အမေက သူ့ကို လုံးဝသွားခွင့်မပြုခဲ့ပါ။

'သူ့ဘဝကို သူဖန်တီးလို့ သေရတာ မင်းနဲ့လည်းမဆိုင်ဘူး ငါနဲ့လည်း မဆိုင်ဘူး... မင်းသွားစရာလည်း မလိုဘူး'

သည်လိုနှင့် 'နေမင်း' ဘဝမှာ အဖေလုံးဝကွယ်ပျောက်ခဲ့တာ ဆယ့်ငါးနှစ်တိုင်ခဲ့ပါပြီ။

အဖေနဲ့ပတ်သက်တာဆိုလို့ သူ့မှာ ဓါတ်ပုံလေးတစ်ပုံပဲ ရှိဆိုင်ပါသည်။ ထိုဓါတ်ပုံလေးကိုလည်း အမေမမြင်အောင် သူ ဖွက်ထားခဲ့ရတာ ဖြစ်ပါသည်။

အဖေ့ကို သတိရကာ သူ့ ဂျော်ဒါးနီးပိုက်ဆံအိတ်ထဲထည့်ထားသော ဓါတ်ပုံလေးကို ထုတ်အကြည့် ....



www.burmeseclassic.com

www.burmeseclassic.com



"နင့်အဖေလားဟင်"

သူ 'လဝန်း' ကို ခေါင်းညိတ်ပြလိုက်မိပါသည်။

"ချောတယ်နော်... နင့်လိုပဲ"

သဘောကောင်း အေးဆေးပုံရသော အဖေသည် ဓါတ်ပုံထဲမှာ ပြုံးနေပါသည်။

"နင့်တို့အဖေကြည့်ရတာ သဘောကောင်းပြီး ရိုးသားအေးဆေးမယ့်ပုံပဲနော်"

"ငါတို့ အမေကျတော့ကော"

'လဝန်း' ပြုံးကာ ဘာမှမပြောဘဲ ငြိမ်နေလိုက်မိပါသည်။

ရပ်ကွက်ထဲ ပြောင်းလာပြီး နှစ်နှစ်မှ မပြည့်ခင် 'နေမင်း' တို့အိမ်ရှင်က 'နေမင်း' တို့သားအမိကို လုံးဝ လက်မခံနိုင်ဘူးအကြောင်းပြကာ အိမ်ပေါ်မှ နှင်ထုတ်ပါဟောသည်။

တစ်ရပ်ကွက်လုံးကလည်း 'နေမင်း' တို့ သားအမိကို လက်ခံချင်ကြပါ။

'နေမင်း' ထက် 'နေမင်း' ၏ အမေကြီးကို ရွံ့မုန်းကြတာ ပိုဆိုးပါသည်။

'နေမင်း' အမေကြီးကလည်း 'နေတော့သာ အောက်က အာဒီးကလည်း မလျှော့' ဆိုတာလို သူကပဲ တပြန်တလဲ အသံကောင်းဟစ်နေပြန်ပါသေးသည်။

"ကျုပ်ကလည်း တိုက်နဲ့နေလာတာ... ညည်းတို့လိုအိမ်စုတ်မျိုး လုံးဝနေချင်တာမဟုတ်ဘူး"

"အဲဒါဆိုလည်း ရေဝေးမှာ တော့်အတွက် တော့်သားတိုက်ဆောက်ပေးထားတယ် သွားနေပါလား"

"ဟင်... ကောင်မ... ညည်း ငါ့ကို ဘာပြောတာလဲ... အဲဒီတိုက်မျိုးက ညည်းတို့လည်း နေရမှာ... ကျုပ်က နှစ်ထပ်တိုက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နေလာတာ"

ပြောရင်း အမေက အပေါ်ထပ်တက်ကာ အိမ်ရှင်နဲ့ နပမ်းလုံး နေတာကြောင့် အလုပ်ကပြန်လာသော 'နေမင်း' အမေ့ကို အတင်း ပဲ ဆွဲခေါ်လာခဲ့ရပါသည်။

နဂိုတည်းက အမေ့ကို မကြည့်ချင်၍ မထားချင်ရတဲ့အထဲ အပေါ်ထပ်တက်ကာ စော်ကားသည်ဆိုတော့ 'နေမင်း' တို့အဖို့ ဒီ အိမ်က ဆင်းပေးရုံကလွဲ၍ ဘာမှလုပ်စရာ မရှိတော့ပါ။

"ဒင်းအိမ်မနေရလည်း ဘာအရေးလဲ သားရယ်... ပိုက်ဆံရှိရင် ဘယ်နေရာမှာနေနေ နေလို့ရတယ် မဟုတ်လား"

အမေကသာ ပြောနေပေမယ့် 'နေမင်း' တို့ ပိုက်ဆံမရှိ၍ သာကေတပြောင်းလာရတာ မဟုတ်ဘူးလား။

ကျောက်မြောင်းမှာနေတုန်းက နှစ်ချုပ်ဖြင့် ငှားနေတာမို့တစ် နှစ်စာ စာချုပ် ချုပ်လိုက်လျှင် ပြီးသွားပေမယ့် ဒီမှာက စပေါ်နဲ့ နေ ရတာ။

ဒီတော့ 'နေမင်း' ကားအုံနာဆီက စဘော်ပြန်ယူကာ အိမ် ငှားလိုက်ရတာဆိုတော့ 'နေမင်း' လည်း တက္ကစီ မဆွဲနိုင်တော့ပါ။

ဒါတွေကို အမေသိရဲ့လား။

ခုလည်း 'နေမင်း' အလုပ်ပင် မဆင်းနိုင်ဘဲ အိမ်လိုက်ငှားနေ တာ နှစ်ရက်ရှိပါပြီ။ ဘယ်မှာမှ အဆင်မပြေပါ။

နောက်ဆုံး 'လဝန်း' ကို ဖွင့်ကာ တိုင်ပင်လိုက်မိပါသည်။

ဒီရပ်ကွက်ထဲမှာ 'နေမင်း' ယုံကြည်အားကိုးမိတာ 'လဝန်း ပြည့်' ဆိုသောမိန်းကလေးတစ်ယောက်ပဲ ရှိပါသည်။

"နင့်အသိထဲမှာ နည်းနည်းပါးပါးစုံစမ်းပေးပါလား 'လဝန်း' ရယ်... အိမ်ရှင်က ငါတို့ကို အတင်းဖယ်ခိုင်းနေပြီ"

'လဝန်း' အသိတွေ ရှိပေမယ့်လည်း 'နေမင်း' အမေကြီးကို



www.burmeseclassic.com

www.burmeseclassic.com


အော်ကြောလန်ကာ ဘယ်သူကမှ အဖက်လုပ်ပြီး အိမ်ငှားမထောင်ချင်ကြပါ။

"ငါ့ဘဝကို နှိပ်စက်နေတာ ဒီအမေပဲ... ငါ့မှာ အလုပ်သာ လုပ်နေရတယ် တစ်စက်မှကို နောက်ကြောင်း မအေးဘူး"

ပြောရင်း 'နေမင်း' ရဲ့မျက်ဝန်းတွင် မျက်ရည်တွေ စိုစွတ်လာ၍ 'လဝန်း' လည်း စိတ်မကောင်းပါ။

ဒီလောက် လိမ္မာပြီး သိတတ်သော သားတစ်ယောက်ရထားပါလျက် ဒီမိန်းမကြီး ဘာဖြစ်လို့များ ဒီလောက်တောင် ဆိုးသွမ်းနေရတာပါလိမ့်။

"အေးလေ... နင်တို့အိမ်ရှာမရဘူးဆိုတော့လည်း ငါ အဖေ့ကို ပြောကြည့်ပါအုံးမယ်"

သုံးပင်နှစ်ခန်း 'လဝန်း' တို့အိမ်လေးက သားအဖနှစ်ဦးအတွက် အတော်လေးကို ကျယ်ဝန်းပါသည်။ ဒီအိမ်လေးက 'လဝန်း' တို့ အပိုင်အိမ်လေးပါ။

ဒီအိမ်လေးကို ငှားလိုက်လျှင် 'လဝန်း' တို့လည်း အဆင်ပြေနိုင်တာကြောင့် အဖေ့ကို ပြောပြတော့ အဖေက 'နေမင်း' ကို သနားသည်။

"အင်း... ဒုက္ခ... ဒုက္ခ ကောင်းလေးမှာ ပိုက်ဆံရှာရတာက တစ်မျိုး... အမေ့ဒုက္ခပေးတာက တစ်မျိုး... တချို့များ သားသမီး မလိမ္မာလို့ ဒုက္ခရောက်လိုက်ကြတာ... ဒီမိန်းမကျတော့လည်း ဘာဖြစ်လို့များ လိမ္မာတဲ့သားသမီးကို ဒုက္ခပေးနေရတာပါလိမ့်နော်"

သူတို့အနောက်ဖက်က ရပ်ကွက်တွင် သားသမီးတွေ ဆိုးလွန်း၍ အဖေကော အမေပါ ဘုန်းကြီးနဲ့ မယ်သီလရှင် ဝတ်သွားတာရှိသလို သူတို့တစ်လမ်းကျော်တွင်လည်း သားသုံးယောက်မွေးထားရာ သုံးယောက်လုံး ဆေးစွဲနေ၍ သူငယ်ချင်း လင်မယား


www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး မွဲခြာနေတာကို တွေ့ခဲ့ရဖူးပါသည်။

ကိုယ့်မှာတော့ သိတတ် လိမ္မာသော သမီးလေးရထား၍ စိတ်ချမ်းသာရပါသည်။

ခက်တာက သူ့ရောဂါက ဘယ်လောက်ကြာအောင် ခံစားနေရအုံးမှာလဲ ဆိုတာကို သိချင်သည်။ မခံစားရတော့ဘူးဆိုလျှင်လည်း သမီးလေးကို သူနှစ်သက်သော သူနှင့်ပေးစားခဲ့ချင်သည်။

ခုလောလောဆယ် သမီးလေး 'မောင်နေမင်း' ကို သဘောကျနေတာ သူရိပ်မိသလို 'မောင်နေမင်း' လေး ကိုယ်တိုင်လည်း သမီးလေးကို နှစ်သက်နေတာ အကဲခတ်မိပါသည်။

သမီးလေးပြောသလို သူတို့အိမ်တစ်ခြမ်းကို ငှားလိုက်လျှင် သူတို့အတွက်လည်း အဆင်ပြေ 'မောင်နေမင်း' အတွက်လည်း အဆင်ပြေသွားနိုင်ပါသည်။

ကြားထဲက ဝင်ရှုပ်နေတာက 'မောင်နေမင်း' လေးရဲ့အမေကြီးပါ။ ဒီအဖွားကြီးရဲ့ဒဏ်ကို သူ့ခံနိုင်ပါ့မလား။

"အဖေ 'မောင်နေမင်း' ရဲ့အမေနဲ့ စကားပြောကြည့်ချင်တယ်"

"ဖြစ်ပါ့မလား အဖေရယ်"

'လဝန်း' 'နေမင်း' အမေနဲ့ အဆင်မပြေမှာ စိုးရိမ်မိသည်။

"'မောင်နေမင်း' က အချိန်တန် အလုပ်သွားလုပ်ရင် ကျန်ခဲ့မှာ အဖေနဲ့ ဒီမိန်းမကြီးပဲ ကျန်ရစ်ခဲ့မှာ... အဖေနဲ့မှ အဆင်မပြေရင် သူတို့ကို အဖေ ဘယ်လိုလုပ် အိမ်ငှားတင်မလဲ"

အဖေပြောတော့လည်း ဟုတ်နေ၍ 'နေမင်း' သူ့အမေ့ကို ခေါ်လာခဲ့ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၉

"'ဒေါ်မှုံ' ဆိုတာ ခင်ဗျားလား"

'နေမင်း' ဘယ်လို စည်းရုံးပြီး ခေါ်လာခဲ့သည် မသိပါ
အဖွားကြီးပုံစံက ငြိမ်ကုပ်နေပါသည်။

"ကျုပ်သမီးက ပြောလို့... ဟိုအိမ်ရှင်နဲ့ အဆင်မပြေဘူးဆိ
ဘာဖြစ်လို့လဲ"

"အလကားပါရှင်... ကျုပ်သားကို ကျုပ်ဆူတာ နားငြီးလ
တဲ့"

"'မောင်နေမင်း' က ဆူရအောင် ဘာဖြစ်လို့လဲ... အရ
သောက်လို့လား ဖဲရိုက်လို့လား... ဒါမှမဟုတ် မိန်းမရှုပ်လို့လား"

'ဒေါ်မှုံ' ခေါင်းခါပြလိုက်မိပါသည်။ သူ့သား ဒီအလုပ်
ဘာတစ်ခုမှ မလုပ်တတ်တာ သူသိသည်။

"ဒါဖြင့် ခင်ဗျားက ဘာလို့ဆူတာလဲ... အရက်သောက်
ချင်လို့လား... ဖဲရိုက်စေချင်လို့လား... ဒါမှမဟုတ် မိန်းမရှုပ်စေချ



www.burmeseclassic.com

www.burmeseclassic.com



လို့လား"

"အို... ကျွန်မသား ဒါတွေ မလုပ်ရပါဘူး"

"ဒါဖြင့်ရင် ခင်ဗျားပဲ လုပ်မယ်ပေါ့... ဒီလိုလား"

'ဦးအောင်ပြည့်' ၏ စကားကြောင့် 'ဒေါ်မှုံ' ငြိမ်သက်သွားရပါသည်။

"ဒီခေတ်ကြီးထဲမှာ 'မောင်နေမင်း' လို ရိုးသားတဲ့ လူငယ်လေးတွေ အတော်ရှားတာ... ဒါကို ခင်ဗျားနှိပ်စက်နေရတယ်လို့ဗျာ"

အဖေ့စကားအဆုံးမှာတော့ 'ဒေါ်မှုံ့' မျက်နှာတွင် မျက်ရည်တွေ ရစ်ဝဲကာ သည်းထန်စွာ ရှိုက်ငိုပါတော့သည်။

"ကျွန်မ မှားပါတယ်ရှင်... မပြေလည်ခဲ့တဲ့ ကျွန်မရဲ့အိမ်ထောင်ရေးကြောင့် ကျွန်မဘဝလည်း ဒီလိုဖြစ်ပြီး ကျွန်မရဲ့ သားလေးလည်း ကြားထဲက သက်သက် မြေစာပင်ဖြစ်ခဲ့ရပါတယ်... ကျွန်မအမှားကို ပြင်ပါတော့မယ်"

"ဘယ်လို ပြင်မှာလဲ"

'ဦးအောင်ပြည့်' 'ဒေါ်မှုံ' ဆိုတဲ့ မိန်းမကို စိုက်ကြည့်နေမိပါသည်။

ရပ်ဆင်းအင်္ဂါမလှပသော်လည်း 'ဒေါ်မှုံ' ၏ ခြေတွေလက်တွေက လှပလှပါသည်။

ဘာအလုပ်မှ မလုပ်ခဲ့ရသူမို့လား မသိပါ။ အသက်သာကြီးလာသော်လည်း ခြေတွေလက်တွေက ဖေါင်းဖေါင်းအိအိ သွယ်သွယ်ရှည်ရှည်လေးတွေ ...

သူ ရပ်ကွက်ထဲက တစ္စန်းတစကြားလာခဲ့ရတာတော့ 'မောင်နေမင်း' တို့သားအမိက ယခင်က မန္တလေးတွင်နေကာ စီးပွားပျက်၍ ရန်ကုန်ကို ပြောင်းလာခဲ့သည်ဟု ကြားသိခဲ့ရပါသည်။

www.burmeseclassic.com



မန္တလေးမှာ နေစဉ်တလျှောက်လည်း ခြေမွေးမီးလောင် လက်မွေးမီးမလောင်နှင့် 'ဒေါ်မှုံ' ပြည့်စုံစွာ နေခဲ့ရပုံလည်း ရပါ သည်။

ဘာပဲဖြစ်ဖြစ် ခုလိုအချိန်မှာတော့ ပါတ်ဝန်းကျင်နှင့် သင့် တင့်မျှတအောင် နေတတ်ဖို့ အရေးကြီးတာကြောင့် 'ဦးအောင်ပြည့်' 'ဒေါ်မှုံ' ကို လှမ်းမေးလိုက်မိပါသည်။

"ပြောလေ... ခင်ဗျား ဘယ်လိုပြင်မှာလဲလို့"

"ကျွန်မ ဖဲမရိုက်တော့ပါဘူး... အရက်လည်း မသောက်တော့ ပါဘူး... အိမ်လည်း လျှောက်မလည်တော့ပါဘူး... ကျွန်မနဲ့ ကျွန်မ ရဲ့သားလေးအတွက် အေးချမ်းတဲ့နေရာလေး တစ်နေရာပဲ ပေးပါ ရှင်"

"ဒီအတွက်က ဖြစ်ပါတယ်... ကျုပ်တို့ အိမ်တစ်ခြမ်းကို ကန့် ပေးလိုက်ရင် ရတယ်... ဒါပေမယ့် ကျုက်က တစ်သက်လုံး နား အေးပါအေး နေလာတာဆိုတော့ ခင်ဗျား အဲဒီဘက်က ဆူပူနေရင် ကျုပ် ဒီဘက်က နေလို့ရမှာ မဟုတ်ဘူး"

"စိတ်ချပါရှင်... ကျွန်မ ကတိပေးပါတယ်... ကျွန်မသား လေးနဲ့ ကျွန်မ နေဖို့ပဲ စီစဉ်ပေးပါ... ကျွန်မ နားမငြီးအောင် နေပါ့မယ်"

"တကယ်လို့ နားငြီးလာခဲ့ရင်ကော"

"ကျွန်မ ဒီအိမ်ပေါ်က ဆင်းပေးပါ့မယ်"

'ဒေါ်မှုံ' သည် သူမကိုယ်တိုင်ပေးခဲ့တဲ့ ကတိမို့ ကတိတည် အောင်နေရှာပါသည်။

သည်တော့လည်း 'နေမင်း' တင်မက အားလုံးစိတ်ချမ်းသာ ရသည်။

စိတ်အချမ်းသာရဆုံးက 'လဝန်း' ပါ။ သူမ ခင်ဘွယ်



www.burmeseclassic.com

www.burmeseclassic.com


သော 'နေမင်း' ကို ကူညီပေးနိုင်ခဲ့ပြီ မဟုတ်ပါလား။

"ဒါနဲ့ နင်ရဲ့အလုပ်ကော အဆင်ပြေရဲ့လား... 'နေမင်း' "

နွေတုန်းက အဲကွန်းတပ်သူ၊ ဆေးသူတွေနှင့် သူ မအားရ မနားရအောင် အလုပ်များခဲ့ပေမယ့် မိုးရွာပြီးသည့်နှင့် အဲကွန်းသမားတွေ အလုပ်ပါးသွား၍ 'နေမင်း' ပင် ကားဝပ်ရှော့တစ်ခုတွင် အလုပ်ဝင်ဖို့ စကားစထားပြီးပါပြီ။

ကိုယ့်တစ်ကိုယ်စာအတွက်ဆို အရေးမကြီးပေမယ့် အမေ့အတွက် 'နေမင်း' အလုပ်မလုပ်၍ မဖြစ်ပါ။ ဒီကမ္ဘာလောကကြီးမှာ 'နေမင်း' အတွက် အရေးအကြီးဆုံးက အမေပဲမဟုတ်လား။

'နေမင်း' အတွက် အမေက အရေးကြီးသလို အမေ့အတွက်လည်း 'နေမင်း' မှ မရှိရင် မဖြစ်ပါ။

"ဒီလိုပါပဲဟာ... အလုပ်ဆိုတာကတော့ မသေမချင်း လုပ်ရမယ့် ဝတ္တရားကြီးပဲ... အဆင်မပြေလည်း အဆင်ပြေတဲ့ဘက်လှည့်လုပ်ရမှာပေါ့"

"တို့လိုဆင်းရဲတဲ့သူတွေသာ ဆင်းရဲတာပါ... ငါသိချင်းသွား သွားဆိုတဲ့ စားသောက်ဆိုင်မှာဆို ပိုက်ဆံပေါတဲ့လူတွေပေါမှပေါပဲ"

တစ်ည တစ်ည ပန်းကုံးဖိုးကတင် လေးငါးထောင် အသားတင်ရတာဆိုတော့ ထိုအလုပ်ကိုလည်း 'လဝန်း' လက်မလွှတ်ချင်ပါ။ ဒါပေမယ့် မနေ့ကလိုမျိုး ဒုက္ခရောက်မှာလည်း ကြောက်သည်။

အဲဒီနေ့ကတောင် မမကယ်လိုက်၍ သူဒုက္ခမရောက်ရတာပါ။ မမသာ ရောက်မလာလို့တော့ တွေးပင် တွေးရဲစရာမရှိပါ။

တကယ်တော့ မမက သူမရဲ့ ကျေးဇူးရှင် စင်စစ်ပါ။

မမအကြောင်းကို တွေးမိတော့ မနက်ဖြန် အလုပ်သွားဖို့သတိရကာ 'နေမင်း' ကို အကူအညီတောင်းလိုက်မိပါသည်။


www.burmeseclassic.com

www.burmeseclassic.com


"မနက်ဖြန် နင်အားလား"

"ဘာဖြစ်လို့လဲ"

"ငါ တစ်ယောက်တည်း အလုပ်သွားရမှာ မသွားရဲလို့ နင့်ကို လိုက်ပို့ခိုင်းမလားလို့ပါ"

'လဝန်း' အတွက်ပဲ မအားလည်း အားအောင် လုပ်ရမှာပေါ့

'နေမင်း' ရင်ထဲက စကားပါ။ အပြင်ဘက်မှာတော့ ခေါင်းသာ ညိတ်ပြလိုက်မိပါသည်။

ချစ်သူလေးလို 'လဝန်း' ကို ချစ်မိပေမယ့်လည်း သူ့အဖြစ်က ဖွင့်မပြောသာတဲ့ အဖြစ်ပါ။ 'လဝန်း' မကျေနပ်၍ သူတို့သားအမိကို အိမ်ပေါ်က နှင်ချလျှင် သူဘယ်ကိုပြေးရပါ့။

အမေကတော့ သူ့ရင်ထဲက အဖြစ်ကို နားလည်စွာ သူ့ကို တီးတိုးပြောပါသည်။

"'လဝန်း' နဲ့ဆို အမေ သဘောတူပါတယ်ကွယ်... နေနဲ့လ ရွှေနဲ့မြ တဲ့... 'ကမ္ဘာ' နဲ့ဆိုရင်တော့ အမေလုံးဝပဲနော် သား"

"'ကမ္ဘာ' ဟုတ်လား အမေ... ဘယ်က ကမ္ဘာလဲ"

သူ တအံ့တသြမေးတော့ အမေက ခေါင်းသာခါနေပါသည်။

သူနဲ့အမေ့ကြားမှာ 'ကမ္ဘာ' ဆိုတာ ဘာဖြစ်လို့ ပေါ်လာရတာပါလိမ့်။

"သူက အမေပိုင်ဆိုင်တာတွေ အားလုံးရအောင် ယူမတဲ့... သားကိုတော့ ရအောင်ယူလို့ မရပါဘူးကွယ်"

အမေဘာတွေ ပြောနေတာလဲဆိုတာကို သူလုံးဝ နားမလည်ပါ။

"အမေကတော့ ဘုရားမှာ နေ့တိုင်းဆုတောင်းတယ်... သားနဲ့ ကမ္ဘာနဲ့ ဘယ်တော့မှ မဆုံပါစေနဲ့လို့... အမေဆုတောင်းနေတဲ့ကြားက ဆုံခဲ့ကြတယ်ဆိုရင်လည်း ဘယ်တော့မှ မပေါင်းရပါစေ


www.burmeseclassic.com

www.burmeseclassic.com



နဲ့လို့ ကျိန်ထားတယ်"

"အမေရယ်... ဘာတွေလဲ... သားလည်း နားမလည်ပါလား"

"နားမလည်တာဘဲ ကောင်းပါတယ် လူလေးရယ်... ဒါက အမေတို့ လူကြီးတွေရဲ့ ပြဿနာပါ"

အမေတို့ လူကြီးတွေရဲ့ ပြဿနာက သူ့ဆီကိုကော ကူးစက်မလာနိုင်ဘူးဟု ဘယ်သူပြောနိုင်မလဲ။

"ဒါနဲ့ သားနဲ့ 'လဝန်းလေး' တို့ရဲ့ အခြေအနေကကော ဘယ်လိုရှိပြီလဲ"

အမေက တစ်ဖက်ခန်းက 'လဝန်း' ရဲ့အဖေကြားသွားမှာစိုး၍ သူ့အနားကပ်ကာ တီးတိုးမေးသည်။

"ဘယ်လိုရှိရမလဲ အမေရဲ့... ဒီလိုပဲပေါ့"

"ဒီလိုပဲ မနေနဲ့လေ... သားရဲ့... ဖွင့်ပြောစရာရှိတာ ဖွင့်ပြောမှ 'လဝန်း' လည်း အဖြေပေးလို့ရမှာပေါ့... သားတို့အသက်လည်း ငယ်တော့တာမှ မဟုတ်တာ"

'နေမင်း' ကော 'လဝန်း' ပါ နှစ်ဆယ့်ငါးတွင်းကို ချဉ်းနင်းဝင်ရောက်ခဲ့ကြပါပြီ။

"သားအဖေတုန်းကဆို သားအရွယ်မှာ သားကိုလည်း မွေးပြီးခဲ့ပြီ... ပိုက်ဆံလည်း အရမ်းကို ချမ်းသာနေခဲ့ပြီ"

သည်စကားကို ပြောတဲ့အချိန်တွင် အမေ့မျက်ဝန်းတွင် မျက်ရည်ကြည်တို့ ဝေ့ဝဲနေတာကို တွေ့ရပါသည်။

အမေ အဖေ့ကို သတိရနေပြီနဲ့တူပါရဲ့။

အဖေနဲ့ အမေနဲ့ စကွဲကြတုန်းက 'နေမင်း' မှာ ငါးနှစ်သာ ကျော်ကျော် သူငယ်တန်းတက်နေတဲ့ အရွယ်လေးပါ။ အဖေက အမေ့ခြေထောက်ကိုဖက်မတတ် တောင်းပန်နေတာကို 'နေမင်း' မှတ်မိနေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားလေးနဲ့ ငါ မခွဲပါရစေနဲ့ကွာ"

"မခွဲချင်ရင် ရှင် မသွားနဲ့ပေါ့"

အမေ့မျက်နှာက မာထန်ကာ အမေ့မျက်ဝန်းတွေကလည်း မီးတောက်မီးလျှံလို အလျှံတငြီးငြီး တောက်လောင် နေတာကို မနေမင်း' မြင်နေရပါသည်။

"မသွားလို့တော့ မဖြစ်ဘူး 'မှုံ'... ကိုယ်ဒီမှာ နေရတာ လိပ်ပြာမသန့်ဘူး"

"ရှင် မသန့်ပေမယ့် ကျုပ်တော့ သန့်တယ်... ကိုယ်ရှာလို့တွေ့တာ ကိုယ့်ပစ္စည်းပေါ့"

"မဟုတ်ဘူး 'မှုံ'... ဒါ ကိုယ်တွေ့ခဲ့တာမှ မဟုတ်တာ"

"ဘာလိုပဲ ဖြစ်ဖြစ် ကျုပ်တို့ ပိုင်နေပြီပဲ... ဘာကို လိပ်ပြာမသန့်စရာလိုလဲ... ဘာလဲ... ဟိုမိန်းမ ထပ်လာမှာကို ရှင်စိုးရိမ်နေတာ မဟုတ်လား"

အမေငြိမ်သက်နေခြင်းက အမေပြောတာကို လက်ခံလိုက်တဲ့ ပုံစံပါ။

အမေပြောတဲ့ မိန်းမကို ကျွန်တော်လည်း မြင်လိုက်ပါသည်။

ထိုနေ့က အိမ်ခြံဝန်းထဲတွင် ကျောင်းပိတ်၍ ကျွန်တော် ဆောလုံးကန်နေတဲ့ အချိန်ဖြစ်ပါသည်။

ဒရိုင်ဘာ 'ကိုဖိုးထွေး' က ကျွန်တော့်ရဲ့ ကစားဖော်ပါ။

ဒီအချိန်မှာပဲ အမေပြောတဲ့ ဟိုမိန်းမ ရောက်လာခဲ့တာဖြစ်ပါသည်။ အဖေကသာ ကြောက်နေပေမယ့် ထိုမိန်းမပုံစံက ရိုးရိုးအေးအေးပုံစံမျိုးပါ။ ဝတ်ထားစားထားတာကလည်း နွမ်းနွမ်းပါးပါးပါ။ အရိပ်ပန်းအင်္ကျီ အဖြူလေးနဲ့ ပါတိတ်ထမီ ပန်းနုရောင်လေး ဝတ်ထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၀

"လူလေးက 'မောင်ထွန်းရှင်' ရဲ့ သားလေးလား"

ခြံဝကို ဘောလုံးရောက်သွားတာကြောင့် လာကောက်သော ကျွန်တော့်ကို ခြံပြင်ကနေ ကဲကြည့်ရင်း မေးလိုက်တာ ဖြစ်ပါ သည်။

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ချစ်စရာလေးပါလားကွယ်... လူလေးက ကျောင်းနေ,နေပြီ လား"

"ဟုတ်ကဲ့ပါ...ဒီနေ့က ကျောင်းပိတ်လို့ ဆော့နေတာပါ"

"လိမ္မာလိုက်တာကွယ်... လူလေး ဖေဖေကော အိမ်မှာရှိလား 'မောင်ထွန်းရှင်' လေ"

"ဖေဖေရှိပါတယ်... ဖေဖေနဲ့တွေ့ချင်လို့လား"

"အေးကွယ်... ဒေါ်ကြီး တွေ့ချင်လို့ပါ"

" 'ကိုဖိုးထွေး' ခြံတံခါး လာဖွင့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘောလုံးကိုပိုက်ထားရင်းမှ 'ကိုဖိုးထွေး' ကိုအော် ပြောလိုက်မိပါသည်။

တစ်လက်စတည်း ထို အဒေါ်ကြီးနဲ့အတူ တိုက်ထဲကို လျှောက်ဝင်လာခဲ့မိပါသည်။ လမ်းတွင် ထို အဒေါ်ကြီးက သူ့ကို လှမ်းမေးပါသေးသည်။

" လူလေးနာမည်က ဘယ်လိုခေါ်လဲ"

" 'ရှင်နေမင်း' တဲ့ ဒေါ်ကြီး ... 'နေမင်း' လို့လည်းခေါ်တယ်"

"ဩော် ကောင်းလိုက်တဲ့ နာမည်လေးကွယ်"

"ဒေါ်ကြီး နာမည်ကကော ဟင်"

" 'မသင်းထုံ' တဲ့..."

"ဖေဖေရေ ဒီမှာ ဖေဖေ့ကို တွေ့ချင်လို့တဲ့... ဒေါ်ကြီး 'သင်းထုံ' လာတယ်"

ခါတိုင်းလည်း အမေ့ဘက်မှ အမျိုးတွေ တစ်ယောက်ပြီးတစ်ယောက် ဒီလိုပဲလာနေကျမို့ အိမ်ထဲကိုအော်ဝင်သွားတဲ့ ကျွန်တော် ဘုန်လှုပ်ခြောက်ခြားနေတဲ့ ဖေဖေ့ရဲ့ မျက်နှာဟန်ပန်ကြောင့် နေရာမှာတင် တုန့်ကနဲရပ်သွားမိပါသည်။

ဖေဖေ့ရဲ့မျက်နှာက ဖြူဖွေးကာ သွေးကင်းမဲ့ပြီး အပြင်ထွက်တော့မယ့် ပုံစံလို ပိုက်ဆံအိတ်ကိုဆွဲလာရာမှ ထို အဒေါ်ကြီးကိုအတွေ့ ပိုက်ဆံအိတ်က လက်ထဲမှလွတ်ကျကာ ဧည့်ခန်းအလယ်တွင် ကြောင်ကြောင်ကြီး ရပ်နေရှာပါသည်။

နောက်မှ သတိရသွားသလို အဒေါ်ကြီးကို လှမ်းနှုတ်ဆက်လိုက်ပါသည်။

" 'မမသင်းထုံ' နေကောင်းတယ်နော်"

"အေး ကောင်းပါတယ်ကွယ်... 'မှူ' ကော"

" သူ ဈေးချိုထဲ ခဏသွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးက ဧည့်ခန်းတွင်းရှိ ဆိုဖာတွင်ဝင်ထိုင်ကာ သူ့မျက်နှာကို ခေါင်းတွင်ပေါင်းလာသော တဘက်ကိုဖြုတ်၍ ယပ်ခပ်နေသဖြင့် ဖေဖေက အိမ်တွင်းကို လှမ်းအော်လိုက်ပါသည်။

"'မအေး' ရေ... အအေးတစ်ခွက်လောက် ယူခဲ့ပေးပါလား"

"နေပါစေ 'မောင်ထွန်းရှင်' ရယ်... ခဏနေ အစ်မပြန်မှာပါ မင်း အစ်ကိုဆုံးသွားတဲ့ သတင်းကော မင်းကြားသေးလား"

"ဟုတ်ကဲ့ ကျွန်တော် ကြားပါတယ် အစ်မ... အဲ့ဒီအချိန်က ကျွန်တော်လည်း ခရီးလွန်နေလို့ မရောက်နိုင်ခဲ့ဘူး"

"အေးပေါ့လေ... လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ်ပါပဲ"

အဒေါ်ကြီးပုံစံက တည်ငြိမ်အေးချမ်းနေသလောက် အဲကွန်းဖွင့်ထားတဲ့ကြားက အဖေ့မျက်နှာတွင် ချွေးသီးချွေးပေါက်တွေ စီးကျနေခဲ့ပါသည်။

အဖေ ဘာဖြစ်နေတာပါလိမ့်။ ဘောလုံးပင် ဆက်မကစားနိုင်တော့ဘဲ ကျွန်တော် အဖေ့ကိုငေးကြည့် နေမိပါသည်။

"အခု 'မမသင်းထုံ' ဘယ်လိုလာတာလဲ"

"အမေ မျက်စိခွဲလို့ ဆေးရုံလာပြတာပါ"

"ကျွန်တော် လာကြည့်မယ်လေ အစ်မ... ဘယ်ဆေးရုံမှာလဲ"

"ရပါတယ်ကွယ်... ဒီနေ့ နေ့လည်ပဲ ဆေးရုံကဆင်းရမှာပါ"

"ဒါ အစ်မနဲ့ အမေ့ကို ကျွန်တော် ကန့်တော့တာပါ"

အဖေက ထောင်တန်တစ်အုပ်ကို စားပွဲပေါ်တင်ကာအပေါ် ခြံထဲတွင် ကားရပ်သံနှင့်အတူ မေမေ ဈေးချိုက ပြန်လာတာကို တွေ့လိုက်ရပါသည်။

အိမ်ထဲကိုအဝင် ဖေဖေက မေမေ့ကို လှမ်းပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



" 'မှုံ' ဒီမှာကြည့်ပါအုံး... ဘယ်သူလဲလို့"

အပြင်ဘက်မှ အထုပ်အပိုးပိုက်ကာ ပြုံးချိုပြီးဝင်လာသော အမေ့မျက်နှာထားက ချက်ခြင်းလို တင်းမာသွားကာ ဒေါ်ကြီး 'သင်းထုံ' ကို မာရေကျောရေ လှမ်းပြောပါသည်။

"ဘယ်သူလဲ ကျွန်မ မသိဘူး"

" 'မှုံ' ဒါ 'မမသင်းထုံ' လေ"

" ကျွန်မ မသိဘူး... 'မိအေး' ငါ့ကို ရေခဲရေအေးအေးတစ်ခွက် မြန်မြန်ပေးစမ်း... မြင်ရတာ ရင်ပူလိုက်တာ"

မေမေ့ရဲ့ ဆိုးဆိုးဝါးဝါး ပုံစံကြောင့် 'ဒေါ်ကြီးသင်းထုံ' က အလိုက်တသိ နေရာမှထကာ နှုတ်ဆက်လိုက်ပါသည်။

"ဒါဆို အစ်မ ပြန်အုံးမယ် 'မောင်ထွန်းရှင်' "

ဒေါ်ကြီး အိမ်ပေါက်ဝကို ထွက်အသွား...

" အစ်မ ပိုက်ဆံယူသွားလေ"

" နေပါစေကွယ်"

" အလကား လိုချင်လို့ရောက်အောင် လာခဲ့ပြီးမှများ မူယာမာယာ များနေရသေးတယ်"

" 'မှုံ' မင်းဘယ်လို ပြောလိုက်တာလဲ"

ဖေဖေ့အသံက ဒေါသကြောင့် တုန်ရီနေပါသည်။

" မှန်တာ ပြောတာလေ... သူ ဒီကိုလာတာ လိုချင်လို့လာတာ မဟုတ်ဘူးလား... ဒါဆို ဘာရည်ရွယ်ချက်နဲ့ လာတာလဲ"

" သူ့အမေ မျက်စေ့ခွဲလို့ ကြုံတုန်းဝင်လာတာတဲ့"

" အို မသိပါဘူး... ရှုပ်ရှုပ်ယှက်ယှက်... သူ့ကို အိမ်ထဲဘယ်သူ ခေါ်သွင်းလာတာလဲ"

" သား ခေါ်လာခဲ့တာ မေမေ"

ကျွန်တော် ကပျာကယာ ဝင်ပြောလိုက်မိတာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာလည်း ဒေါ်ကြီးကို သနားနေမိပါသည်။

“နောက်ကို မှတ်ထား… မေမေ့အမျိုးတွေကလွဲရင် ခြံထဲကို ဘယ်သူမှ မလာစေနဲ့… ‘ဖိုးထွေး’ ကြားလား ခြံထဲကို နောက်ဘယ်သူမှ မလာစေနဲ့… ငါ ဘယ်သူ့မျက်နှာမှ မတွေ့ချင်ဘူး”

မေမေ့ရဲ့ ဒေါသသံက ဟိန်းထွက်နေကာ ခြံဝကိုလျှောက်သွားသော ဒေါ်ကြီးလည်း ကြားမှာသေချာပါသည်။

“အားနာစရာ ကောင်းလိုက်တာ ‘မှုံ’ ရယ်”

ဖေဖေ့မျက်နှာက ပြုံးတော့မယ့်မိုးလို ညို့နေပါသည်။

“မနာနိုင်ပါဘူး… အစရှိ အနေခုင်နှောင်တဲ့ ဒါမှ နောက်မလာရဲမှာ”

ထိုနေ့ ထိုအချိန်ထဲက ဖေဖေ့မျက်နှာက အိုမင်းကာ စိတ်မချမ်းမြေ့စရာ အသွင်ကို အမြဲဆောင်နေရာမှ ယခုလို အခြေအနေမျိုးကို ရောက်လာခဲ့ရတာ ဖြစ်ပါသည်။

“အဲဒီမိန်းမကို ရှင်ပဲ ကြောက်… ကျုပ်ကတော့ ကြောက်လည်း မကြောက်နိုင်ဘူး… ဒီနေရာကလည်း တစ်ဖဝါးမှ ထွက်မသွားနိုင်ဘူး”

“မင်း… စဉ်းစားပါအုံး ‘မှုံ’ ရယ်… ဒီလုပ်ငန်းကို စလုပ်ဖို့ ဘယ်သူက စခေါ်ခဲ့တာလဲ”

“အိုရှင်… ဘယ်သူကပဲ စခေါ် စခေါ်ပါ… ကိုယ့်ကံပါလို့ ကိုယ်ချမ်းသာတဲ့ဟာ ဘယ်သူ့ကိုမှ ကြောက်မနေနိုင်ပါဘူး… ရှင်ကြောက်ရင် ရှင့်ဖာသာ ရှင်ထွက်သွား ကျွန်မသားကိုတော့ လုံးဝ ထိဖို့ ရှင်မကြိုးစားနဲ့… သားလေး… မေမေ့ဆီလာ”

ကျွန်တော့်ကို ပွေ့ချီတော့မည့် ဖေဖေရဲ့လက်တွေက မေမေ့ရဲ့ လုပ်ရပ်ကြောင့် နေရာမှာတင် ရပ်တန့်သွားရှာပါသည်။

သည့်နောက်ပိုင်း အဖေ ရန်ကုန်တွင်နေကာ ပွဲရုံထောင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သတင်းကြားရပါသည်။

မန္တလေးကိုလည်း လိုက်လာကာ အမေ့ကို နှစ်ကြိမ်တိတိ လာခေါ်ပါသေးသည်။

ဘူးဆို ဖရုံမသီးတဲ့ အမေကလည်း ခါးခါးသီးသီးငြင်းကာ အဖေ မလုပ်စေချင်တဲ့ ကျောက်လုပ်ငန်းကို ဆက်လုပ်နေတာကြောင့် အဖေ နောက်ပိုင်းလာတာ မတွေ့ရတော့ပါ။

အဖေ့ကို မေ့နိုင်လောက်အောင်လည်း အမေ့ရဲ့ ကျောက်လုပ်ငန်းက တိုးတက်အောင်မြင်နေသည်ဆိုတော့ အမေ့ရဲ့မာနက မိုးထိအောင်ကို လေ့ကားထောင်နေပါတော့သည်။

"ကြည့်နေ သား... တစ်နေ့ အမေတို့ဆီကို မင်းအဖေ ပြန်ရောက်ကို ရောက်လာလိမ့်မယ်... မင်းအဖေ အမေ့ကို သိပ်ချစ်တယ်ဆိုတာ အမေယုံကြည်တယ်"

အမေ မျှော်လင့်နေသော နေ့တစ်နေ့မှာပင် အဖေမန္တလေးကို ရောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၁

ထိုနေ့က ကျွန်တော်ဆယ်တန်းအောင်စာရင်း ထွက်တဲ့နေ့ပါ။ ဂုဏ်ထူး (၃) လုံးလည်း ပါတာကြောင့် အမေကော ကျွန်တော်ပါ အရမ်းကို ပျော်နေကြပါသည်။

အဖေပါ ရောက်လာတော့ ပိုပျော်သွားကာ အမေက ကျွန်တော့်ကို တီးတိုးပြောပါသည်။

"အမေပြောတာ ဟုတ်တယ် မဟုတ်လား သား... မင်းအဖေ မနေနိုင်ပါဘူးဆိုတာလေ"

ညနေဖက်မှာတော့ အမေသည် သူ့စကား တကယ်တကယ်စင်အောင် မှားကြောင်းကို သိရှိလိုက်ရပါသည်။

ဒီတစ်ခါ အဖေလာတာ အမေ့ဆီကို လာတာမဟုတ်ပါ။အမေ့ဆီက ကွာရှင်းလက်မှတ် လာယူကာ မကြာခင် အဖေနောက်မိန်းမ ထပ်ယူတော့မတဲ့။

အမေ့မျက်နှာ ချက်ခြင်းလို ပျက်ယွင်းကာ ငိုင်ကျသွားပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



အမေက ပြုံးကာ ကွာရှင်းစာချုပ်တွင် လက်မှတ်ရေးထိုးပေးလိုက်ပါသည်။

အဖေကသူပိုင်ဆိုင်သမျှထဲက တစ်ဝက်တိတိကို ကျွန်တော့်နာမည်နဲ့ ဘဏ်မှာ ထည့်ပေးထားမည်ပြောပေမယ့် အမေကလုံးဝလက်မခံခဲ့ပါ။

ကျွန်တော့်ကို အမေတစ်ယောက်တည်းကပဲ တာဝန်ယူမည်တဲ့။ ကျွန်တော်နဲ့ ပတ်သက်ဖို့ လုံးဝမစဉ်းစားပါနဲ့တဲ့။

ထိုနေ့ညနေ အဖေပြန်သွားပြီးနောက် အမေက အိမ်မှာရှိသမျှ အဖေ့ဓါတ်ပုံတွေကို မီးတင်ရှို့ကာ ကျွန်တော့်ဘဝမှာ အဖေဆိုတာ လုံးဝသေသွားခဲ့ပြီဟု ကြေငြာခဲ့လေသည်။

ကျွန်တော့်ကိုလည်း သူမ မသိဘဲ အဖေဖြစ်သူနဲ့ လုံးဝ အဆက်အသွယ် မလုပ်ရဟု တားမြစ်ခဲ့ပါသည်။

အမေတားမြစ်ပြီးလို့မှ မကြာခင် အဖေ ကျွန်တော်တို့ ဘဝထဲက အပြီးအပိုင် ထွက်ခွာသွားပါတော့သည်။ ရုတ်တရက် ကားအက်စီးဒင့်ဖြစ်ကာ ဆုံးပါးသွားခဲ့တာတဲ့။

ထိုနေ့တစ်နေ့လုံး အမေအပေါ်ထပ်ရှိ သူ့အခန်းက ဆင်းမလာဘဲ အခန်းအောင်းနေခဲ့ပါသည်။ မာနနှင့်သာ အဖေ့ကို စွန့်လွှတ်ခဲ့ပေမယ့် အမေ့ရင်ထဲမှာ အဖေ့အပေါ် သံယောဇဉ်ကုန်နိုင်သေးပုံ မပေါ်ပါ။

နောက်ပိုင်း အမေ အလုပ်ကိုသာ ကြိုးစားပြီး လုပ်ပါတော့သည်။အဖေ မဆုံးခင်က လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့သောအမေ့ရဲ့ စီးပွားရေးလုပ်ငန်းတွေက အဖေဆုံးပြီးနောက်ပိုင်းတဖြည်းဖြည်း ကျဆင်းလာခဲ့လေသည်။

'လှေမျှောရင် လှေနဲ့လိုက်၊ ငွေမျှောရင် ငွေနဲ့လိုက်' ဆိုတဲ့အတိုင်း အချိုးကြီး အပွကြဲတဲ့အနေနဲ့ ရှိသမျှ ငွေကြေးအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပုံအောကာ ကျောက်ဝယ်ခဲ့ပေမယ့် ထိုကျောက်က အတုကြီးဖြစ်နေလေသည်။ 'နေမင်း' တို့ စီးပွားရေးလည်း ပျက်ခဲ့ရပါလေပြီ။

လက်ရှိနေတဲ့ ခြံနဲ့တိုက်ကို ရောင်းကာ ကြွေးရှင်တွေ လက်ထဲ ထိုးဆပ်ခဲ့ရပြီး ကျန်တဲ့ ငွေလေးဖြင့် မန္တလေးမြို့စွန်နားတွင် အိမ်လေးတစ်လုံး ဝယ်နေလိုက်ကြပါသေးသည်။

အမေ ချမ်းသာနေစဉ်က လာလိုက်ကြတဲ့ အမေ့အမျိုးတွေ အဆွေတွေ အားလုံးကလည်း အမေဆင်းရဲသွားတဲ့အခါမှာတော့ တစ်ယောက်မှပင် ဆေးဖော်ကြောဖော် လာ မလုပ်ကျတော့ပါချေ။

သည်တော့ အမေလည်း သူ့အမျိုးတွေကို နာကြည်းကာ အမျိုးတွေ မလိုက်နိုင်မယ့် နေရာကို ပြောင်းချင်လာသည်။

'နေမင်း' ရန်ကုန်ကို ပြောင်းနေဖို့ အမေ့ကို တိုက်တွန်းလိုက်မိပါသည်။

အမေ့အသိစိတ်မှာသာ အဖေ့ကို နာကြည်းမုန်းတီးနေသော်လည်း အမေ့မသိစိတ်မှာတော့ အဖေ့ကို သတိရတမ်းတနေမှာ သေချာပါသည်။

အဖေကိုယ်တိုင်လည်း မသေခင် အမေ့ကို ဘယ်လောက်များ နာကြည်းမုန်းတီးခဲ့ရှာလေမလဲ။

အမေကလည်း အဖေမုန်းလောက်အောင်ကို ခေါင်းမာခဲ့သည်။ လုပ်ချင်တာ ဇွတ်လုပ်ခဲ့သည် မဟုတ်ပါလား။

နောက်ကြောင်းများကို သတိရကာ သူငိုင်အသွား 'လဝန်း' ၏ မျက်နှာလေး အိမ်ပေါက်ဝတွင် ထွက်ပေါ်လာခဲ့ပါသည်။

" 'နေမင်း' နင်အပြင်သွားမှာ မဟုတ်လား... သွားရအောင်လေ"

"အေး.. ငါလာပြီ"

'နေမင်း' ပုဆိုးအဟောင်းကို ချွတ်ကာ အသစ်နဲ့လဲပြီး အိမ်

www.burmeseclassic.com



ခြင်ကိုအတွက် 'လဝန်း' က သူ့အဖေနဲ့အတူ အိမ်ရှေ့တွင် ဆောင့်နေပါသည်။

အပြာရောင် မြန်မာဝတ်စုံလေးနဲ့ 'လဝန်း' သည် ကျွန်တော့်ရင်ထဲက လမင်းလေးရယ်ပါ။

"ကဲ... 'ဒေါ်မှုံ' ရေ... ခင်ဗျားတစ်ယောက်တည်း ကျန်ခဲ့မှာဆိုတော့ ကျုပ်တို့အခန်းဘက်လည်း ကြည့်လိုက်ပါအုံးနော်... ကျုပ်က ဆေးခန်းပြရမှာဆိုတော့ ကြာအုံးမှာ"

"စိတ်ချပါရှင်"

အမေက အိမ်ရှေ့ဝရံတာတွင် မတ်တပ်ရပ်ကာ ခေါင်းညိတ်ပြသည်။အသက်ငါးဆယ်သာ ရှိသေးသော်လည်း အမေသည် ခရာထောင်းကာ စိတ်ဖိစီးမှုကြောင့် ခေါင်းတစ်ခေါင်းလုံး ဆံပင်တွေ ဖြူဖွေးနေပါသည်။

'နေမင်း' အမေ့ရဲ့အိုစာနေသော ရုပ်သွင်ကိုငေးကြည့်ကာ အမေ့ကို စာနာစွာ မေးလိုက်မိပါသည်။

"အလုပ်က ပြန်လာရင် သား ဘာဝယ်ခဲ့ရမလဲ... ဘဲကင်ဝယ်လာခဲ့ရမလား အမေ"

"နေပါစေ သားရယ်"

ခုတလော သား အလုပ်ပင်ပင်ပန်းပန်း လုပ်နေရတာကို သိနေ၍ 'ဒေါ်မှုံ' ဘဲကင်လည်း မစားရက်ပါ။

ဖြစ်နိုင်ရင် 'လဝန်းလေး' နဲ့ပဲ အမြန်နီးစပ်စေချင်တာကြောင့်လည်း ...

"အမေ့အတွက် ဘာမှ ဝယ်မလာပါနဲ့... ပိုက်ဆံပဲ စုပါသားရယ်"

တစ်ခါမှ မပြောဘူးသော အမေ့စကား အဆန်းကြောင့် 'လဝန်း' ကော 'လဝန်း' ၏ ဖခင်ပါ သဘောကျသလို ပြုံးနေကြ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ဒီတစ်ခါပဲ အမေ့ပါးစပ်က ကောင်းတဲ့စကား ထွက်သေး တယ် မဟုတ်ပါလား။

"'နေမင်း'မဝယ်လည်း 'လဝန်း'ဝယ်ခဲ့မယ်လေ… ဒေါ်ကြီး ဘာစားချင်လဲ"

'လဝန်း'က သူ့အိတ်ထဲက ချက်လက်မှတ်လေးကို ထုတ်ပြ ကာ ပြောလိုက်တာ ဖြစ်ပါသည်။

"နေပါစေကွယ်… ဒေါ်ကြီး ဘာမှ မစားချင်ပါဘူး"

ခုတလော သူမရင်ထဲ သားလေးအတွက်ပဲ ပူပန်နေမိပါ သည်။ စီးပွားပျက်ပြီးနောက်ပိုင်း သူမစိတ်လေကာ နေချင်သလိုနေ ဖြစ်ချင်သလိုဖြစ်နေခဲ့ပေမယ့်လည်း သားလေး 'နေမင်း'က သူမကို စိတ်ပျက်ကာ ပစ်မသွားတာဘဲ ကျေးဇူးတင်ရပါသည်။

သည်သားလေးသာ မရှိလို့ကတော့ သူမ ဘယ်သူနဲ့ နေရ ပါ့မလဲ။

ခင်ပွန်းသည် ပစ်သွားပြီး နောက်ပိုင်းမှာတည်းက သူ့ဘဝ ရဲ့ 'နေမင်း'ဟာလည်း သား။ လမင်းဟာလည်း သား။ ဒီသားလေး ရှိလို့သာ သူ့ဘဝဖြစ်နေခဲ့ရတာမို့ 'ဒေါ်မှုံ'ဒီသားလေးနဲ့ မဝေးပါရ စေနဲ့။

အသက်သာကြီးလာသော်လည်း ဘုရား၊ တရားလုပ်ဖို့ဝေး လို့ ဘုရားပန်းကိုပင် မှန်အောင် မလဲချင်ခဲ့သော 'ဒေါ်မှုံ'သည် ဘုရားစင်ရှေ့တွင် ထိုင်ကာ ဆုတောင်းလိုက်မိပါသည်။

"ဘုရားတပည့်တော်မသည် ချစ်သော ဒီသားလေးနဲ့ ဘယ် တော့မှ မခွဲခွာပါရစေနဲ့ အရှင်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

ဒီနေ့အဖို့ကတော့ ကျွန်မအတွက် အတော်ကြီးကို ပင်ပန်းခဲ့ရသော နေ့တစ်နေ့ပင် ဖြစ်ပါတော့သည်။ မိုးလင်းတည်းက နားကို မနားရသေးပါ။

ကျွန်မစီးနေသောကား ကားတိုက်မှုဖြစ်တာကြောင့် ယာဉ်မှုစစ်ကိုသွားရ၊ တစ်ဖက်မှ ကားပိုင်ရှင်ကို သွားတောင်းပန်ရ၊ သူတို့ကျေနပ်ပြန်တော့လည်း ယာဉ်ပိုင်ရှင်အပ်နှံရာ ကားဝပ်ရှော့ကို လိုက်အပ်ပေးရ၊ ကုန်ကျသမျှကို တာဝန်ယူဖို့ ကျွန်မရဲ့ Business ကဒ် ကို ပေးရနှင့် ကျွန်မမှာ မျက်လုံးနှစ်လုံးဖွင့်တည်းက အားရသည်ပဲ မရှိပါ။

ဒီလိုအဖြစ်တွေ မဖြစ်ခင်တည်းက 'ကိုသန်းဌေး' ကို ကားမောင်းလျှင် စိတ်ရှည်ဖို့ တစ်ဖက်ကို ပြိုင်မမောင်းဖို့ ကျွန်မပြော ပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောနေတဲ့ကြားထဲကမှ 'ကိုသန်းဋ္ဌေး' က ကျွန်မလက်လျှင် လစ်သလို ကားကို အနိုင်မခံ အရှုံးမပေး လိုက်လိုက်ကာပြိုင်မောင်းတတ်ပါသည်။

လူပုသလောက် စိတ်ကလည်း လက်တစ်ဆစ်မို့ သူ့ကားကို နည်းနည်းလေး လမ်းမပိတ်နှင့် လမ်းပိတ်သည်နှင့် မရရအောင် ကျော်တက်ကာ လည်ပြန်လှည့်ဆဲတတ်တာကလည်း အကျင့်လို ဖြစ်နေခဲ့ပါပြီ။

တော်သေးတာက လူမထိခိုက်မိလို့သာ။ ကျွန်မရဲ့ကား ဘယ်ဘက်အခြမ်းကတော့ မီးလုံးလည်းကွဲကာ ကားဘော်ဒီ လည်း အတော်လေးကို တွန့်ရှုံ့သွားပါသည်။

ဒါတောင် ကျွန်မ မာစီဒီးက အတော်မာသော ကားအမျိုးအစားပါ။

အတော်ပါးသော ဆန်နီစူပါဆလွန်းလိုကားမျိုးဆို အတော်ကြီးကို စုတ်ပြတ်သတ်သွားမှာ သေချာသည်။

လောလောဆယ် ကျွန်မရဲ့ မာစီဒီးကို ဝပ်ရှော့တွင်ထိုးကာ ကျွန်မပထမသုံးသော ကိုရိုလာ ဗင်အဖြူလေးကို မောင်းလာခဲ့ရတာ ဖြစ်ပါသည်။

လုပ်စရာအလုပ်တွေ များပြားရတဲ့ကြားထဲ ဒီလိုအလုပ်ပိုတွေ ဖြစ်လာတော့ ကျွန်မ 'ကိုသန်းဋ္ဌေး' ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်မိပါသည်။ ဒါတောင် ကားတိုက်မှုဖြစ်စဉ်က ကားပေါ်တွင် ကျွန်မ ပါမသွားခဲ့၍သာ ကျွန်မ ခုလို လိုက်လုပ်ပေးနေနိုင်တာပါ။

ကျွန်မသာ ပါသွားခဲ့လို့ကတော့ ခုချိန် ဘယ်ဆေးရုံပေါ်မှာ အမိန့်သား ရောက်နေမည်ဆိုတာ မသိနိုင်ပါ။

စိတ်မောမောဖြင့် ရုံးခန်းတွင်းက ကျွန်မစားပွဲတွင်အထိုင် 'လဝန်း' က စိုးရိမ်သော မျက်ဝန်းလေးဖြင့် ကျွန်မကို ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com


နေပါသည်။

"အဆင်ပြေခဲ့လား မမ"

မနက်ရုံးကို စရောက်တည်းက မမရဲ့ကား ကားတိုက်မှုဖြစ်တာကို 'လဝန်း' ကြားခဲ့ပြီးပါပြီ။

"အင်း... အဆင်ပြေအောင်တော့ ညှိလာခဲ့ရတာပါပဲကွယ်... ဘယ်လောက်ကျမယ်ဆိုတာတော့ ဘီ(လ်) ထွက်လာမှပဲ သိရတော့မယ်"

ကျွန်မ အထင် ကားနှစ်စီးပေါင်း ပြင်ဆင်စရိတ်က ငါးသိန်းအောက်တော့ လျော့မည်မထင်ပါ။

ကျွန်မရဲ့ မာစီဒီးကားပစ္စည်းက ရှားပါးသလို၊ ဟိုဖက်ကကားကလည်း အမျိုးကောင်း 'Mark II' ကြီးဆိုတော့ ကျွန်မ သက်ပြင်းချရုံကလွဲ၍ ဘာမှ မတတ်နိုင်တော့ပါ။

'ကိုသန်းဌေး' ကတော့ သူ့အပြစ်ကို သူ သိသလို ကျွန်မရဲ့ ရှေ့မှာ မျက်နှာငယ်နဲ့ လာလုပ်နေပေမယ့် ကျွန်မ 'ကိုသန်းဌေး' ကို စိတ်မဝင်စားတော့ပါ။

ငွေကြေးဆုံးရှုံးသွားရတာထက် အလုပ်ကို အလုပ်နဲ့တူအောင် လုပ်သူကိုပဲ ကျွန်မ ခန့်ချင်ပါသည်။

လောလောဆယ် ကျွန်မ ဘာလုပ်ရပါ့။

အရေးထဲ 'ဦးမင်းသိုက်' က သူ့အင်းယားလမ်းက ခြံကိစ္စကို ဖုန်းဆက်ကာ မေးနေပါသည်။

အင်းယားရေပြင်နှင့် ထိစပ်နေသော သူ့ခြံကြီးကို ကျွန်မနှစ်သက်ပါသည်။

ခြံအလယ်မှ စားသောက်ဆိုင်ကိုလည်း ကျွန်မ နှစ်သက်သည်။ ဒါပေမယ့် 'ဦးမင်းသိုက်' ခေါ်ထားတဲ့ ဈေးက ပေါက်ဈေးထက် များလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း 'ဒေါ်ဦးဦးသာ' ပေးနိုင်တဲ့ဈေးကိုပဲပြောပါဗျာ ကျွန်တော်ဖြစ်နိုင် မဖြစ်နိုင် အကြောင်းပြန်ပါ့မယ်"

ကျွန်မ ပေးနိုင်တဲ့ဈေးကိုပြောကာ ဖုန်းပိတ်လိုက်ပါသည်။

မန်နေဂျာ 'ဦးကျော်မြင့်' ကို ဒီနေ့ဆိပ်ကမ်းတွင် ဆိုက်ကမ်း မည့်နိုင်ငံခြား သင်္ဘောဖြင့် ပါလာသော သံချောင်းများကို ဂိုဒေါင် ထဲထားဖို့ ညွှန်ကြားပြီး သံချောင်းမှာထားသည့် အမှာစာများကို စစ်ဆေးရသည်။

အားလုံး စစ်ဆေးပြီးအချိန်တွင် ညနေ (၄) နာရီထိုးနေပါပြီ။

ကျွန်မဗိုက်ထဲတွင် ရေသန့်တစ်ခွက်ကလွဲ၍ ဘာမှ မရှိသေး ပါ။

ဒီလိုအစားအသောက် မမှန်ဘဲ အလုပ်ကို မဲလုပ်တတ်၍ ကျွန်မဗိုက် မကြာခဏ အောင့်တတ်ပါသည်။

ခုလည်း ဗိုက်ကအောင့်ချင်ချင်မို့ 'လဝန်း' ကို ကာဖီတစ် ခွက် ဖျော်ခိုင်းလိုက်မိပါသည်။

'လဝန်း' က ကာဖီတင်မက အသားညှပ် ဆင်းဒဝစ်လေးပါ ယူလာပေး၍ ကျွန်မ ကျေးဇူးတင်စွာ ပြောလိုက်မိပါသည်။

"ကျေးဇူးတင်ပါတယ် 'လဝန်း' ရယ်… မုန့်က 'လဝန်း' ယူ လာတာလား"

"ဟုတ်ကဲ့ပါ မမ… မနက်တည်းက မမအတွက် 'လဝန်း' ဝယ်လာခဲ့တာပါ"

ခုနောက်ပိုင်း မမဆီမှာ 'လဝန်း' အလုပ်ဝင်နေရပြီဆိုတော့ အဖေလည်း စိတ်ချမ်းသာကာ 'နေမင်း' ကလည်း ကျေနပ်ပေ သည်။

'နေမင်း' အလုပ်လုပ်တဲ့ ဆားဗစ်ဇင်ကလည်း မြို့ထဲမှာမို့ တော့ 'လဝန်း'အပြန် 'နေမင်း' က ကားဂိတ်မှာလာစောင့်ကြိုပေး၍



www.burmeseclassic.com

www.burmeseclassic.com



'လဝန်း' အတွက် အစစအရာရာ အဆင်ပြေနေရပါသည်။

ဒါ မမ ကျေးဇူးကြောင့် မဟုတ်လို့ ဘယ်သူ့ကြောင့် ဖြစ်နိုင်မလဲနော်။

ညစဉ် 'လဝန်း' ဘုရားရှိခိုးတိုင်း မမကို ကျေးဇူးရှင်အဖြစ် သတိမှတ်ကာ ကျေးဇူးဆပ်နိုင်ဖို့ အမြဲဆုတောင်းမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၃

ခုတလော မမကိုကြည့်ရတာ ဖြူဖပ်ဖြူရော်နှင့် အားမရှိသလို ဖြစ်နေတာ တွေ့ရလေသည်။

ဒီနေ့လည်း 'လဝန်း' ရုံးခန်းတွင်းအဝင် မမမျက်နှာရှုံ့မဲ့နေတာကြောင့် စိုးရိမ်စွာ မေးလိုက်မိပါသည်။

"မမ ဘာဖြစ်လို့လဲ"

"အစာအိမ် ရောင်ပြန်ပြီနဲ့. တူပါရဲ့ 'လဝန်း' ရယ်... ဒီလိုပဲ အလုပ်များပြီဆိုရင် ဒီရောဂါက ထ... ထ လာရော"

'ဦးမင်းသိုက်' နဲ့ အလုပ်ဖြစ်သွားပြီဆိုတော့ အင်းယားလမ်းက ခြံကို နေ့တိုင်းသွားဖြစ်သည်။

ဆိုင်နာမည်ကိုလည်း ကျွန်မစိတ်ကြိုက် ပြောင်းပစ်လိုက်သည်။

မူလဆိုင်နာမည် 'ရွှေကမ်းစပ်' မှ "My Paradise"ဟု အမည်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။

ကျွန်မလိုပဲ တစ်နေ့တာ ပင်ပန်းနွမ်းနယ်လာသမျှ လူတွေကို ကျွန်မရဲ့ ကောင်းကင်ဘုံလေးမှာ အပမ်းဖြေစေချင်သည်။

သည်ဆန္ဒတွေနဲ့ ကျွန်မ လုံးပမ်းနေခဲ့တာ တစ်လတာကြာခဲ့ပါပြီ။

သည်တစ်လတာ အတောအတွင်း ကုမ္ပဏီလုပ်ငန်းအားလုံးကို မန်နေဂျာ 'ဦးကျော်မြင့်' နဲ့လွှဲထားကာ ကျွန်မက မိုးလင်းကမိုးချုပ် ကျွန်မရဲ့ ကောင်းကင်ဘုံကို ရောက်နေခဲ့တာဖြစ်ပါသည်။

အလုပ်ထဲကို စိတ်ရောက်နေတာမို့ အစားအသောက်လည်း ကျွန်မစားဖို့ မေ့နေတာများ၍ ကျွန်မရောဂါ ပြန်ထလာတာဖြစ်ပါသည်။

အဆိုးဆုံးက ကျွန်မကို "Control"လုပ်မဲ့သူ မရှိခြင်းပင်။

ဒီတော့ ကိုယ်လုပ်ချင်တာကို လုပ်ခွင့်ရနေ၍ စွတ်လုပ်တတ်တာက ကျွန်မရဲ့ ရောဂါကို လက်ယပ်ခေါ်သလို ဖြစ်နေပါတော့သည်။

"ဆေးခန်းပြပါလား မမ... 'လဝန်း' လိုက်ခဲ့ပေးမယ်လေ"

'လဝန်း' လိုက်လည်း ကားမောင်းရမှာက ကျွန်မမို့ ခေါင်းခါကာ ဆေးပုလင်းပဲ ထုတ်သောက်လိုက်မိပါသည်။

ခုချိန် ကျွန်မအနားမှာ ကျွန်မကို နားလည်ပေးသော ဒရိုင်ဘာတစ်ယောက်သာ ရှိမယ်ဆိုရင် ကျွန်မအတွက် ဘယ်လောက်အဆင်ပြေလိုက်မလဲနော်။

မျက်ဝန်းထဲ ကောင်လေးတစ်ယောက်၏ ပုံရိပ်ကို မြင်ယောင်ကာ 'လဝန်း' ကို အလျှင်စလို မေးလိုက်မိပါသည်။

"အခု 'မောင်နေမင်း' က ဘယ်မှာလုပ်နေတာလဲ 'လဝန်း' "

တစ်နေ့က 'လဝန်း' နဲ့ 'မောင်နေမင်း' တို့နှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com


ကားဂိတ်တွင် အမှတ်မထင် တွေ့လိုက်ရပါသည်။

နှစ်ယောက်လုံးက ကျွန်မကို မမြင်ပေမယ့်လည်း လူအများအလယ်တွင် လိုက်ဖက်ညီသော စုံတွဲလေးအဖြစ် အများနည်းတူ ကျွန်မလည်း ငေးမောကြည့်နေမိပါသည်။

အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ 'မောင်နေမင်း' ကတည်တည်ကြည်ကြည်လေးနှင့် ကြည့်၍ကောင်းသလို၊ အလယ်ခွဲဆံပင်ရှည်ပျော့ပျော့လေးနှင့် 'လဝန်း' ကလည်း ဖြူဖြူစင်စင်နဲ့ ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်ပါသည်။

ကျွန်မမှာလည်း 'လဝန်း' လိုမျိုး အားကိုးအားထားပြုနိုင်မယ့် ယောကျာ်းလေးတစ်ယောက်လောက်သာရှိရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။

ဒီယောကျာ်းလေးက ကျွန်မအတွက်လည်း အဖေါ်ဖြစ်ကာ ကျွန်မနဲ့လည်း တွဲသွားတွဲလာ တင့်တယ်သော ယောကျာ်းလေးဖြစ်စေချင်သည်။

ခုလိုမျိုး ကျွန်မ အားငယ်နေချိန်တွင် ကျွန်မရဲ့ဘေးနားကမားမားမတ်မတ် ရပ်တည်ပေးမယ့် ယောကျာ်းလေးဆို ကျွန်မအတွက် ပိုသင့်တော်နိုင်တာကြောင့်လည်း ကျွန်မ 'လဝန်း' ကို မေးလိုက်မိတာ ဖြစ်ပါသည်။

"ကား Servicing တစ်ခုမှာ လုပ်နေတာပါ မမ"

"သူ ကားမောင်းတတ်လား"

" 'လဝန်း' တို့ဆီ ပြောင်းမလာခင်က တက္ကစီဆွဲဖူးတယ်လို့ပြောပါတယ်"

"ခု ဘာလို့ မဆွဲတော့တာလဲ"

"စဘော်မတင်နိုင်တော့လို့နဲ့ တူတယ်"

'လဝန်း' အသံက တိုးတိတ်ကာ တိမ်ဝင်သွားပါသည်။


www.burmeseclassic.com

www.burmeseclassic.com



'နေမင်း' အတွက်လည်း စိတ်မကောင်းဖြစ်သွားပုံရပါသည်။

ကျွန်မ သက်ပြင်းကိုရှိုက်ရင်း 'လဝန်း' ကို တီးတိုးပြောလိုက်မိပါသည်။

" 'မောင်နေမင်း' ကို မေးကြည့်ပါလား... မမဆီမှာ လုပ်မလားလို့"

"တကယ်လား မမ"

'လဝန်း' အသံလေးက သွက်လက်ချိုသာ နေပါသည်။

"တကယ်ပေါ့ကွယ်... သူ တက္ကစီ ဆွဲလို့ရသလောက်ကို မမကပေးမှာပါ"

'ကိုသန်းဌေး' ကို ကျွန်မ လုံးဝ ပြန်မသုံးတော့တာကို 'လဝန်း' လည်း သိပြီးပါပြီ။

"ဒါဆို 'လဝန်း' 'နေမင်း' ကို ပြန်ပြောလိုက်ရမှာလားဟင်... မမ"

"ပြောလိုက်ပေါ့ကွယ်.. မမက အလုပ်ခန့်ချင်နေတဲ့သူပဲ... 'မောင်နေမင်း' ကကော စိတ်ဝင်စားပါ့မလား"

"အမယ်လေး... မမရယ်... ဒီအလုပ်မျိုးကို သူပဲ လိုက်ရှာပါစေအုံး... ထမင်းထုပ်ပဲ သိုးသွားမယ် အလုပ်က ရမှာ မဟုတ်ဘူး... 'နေမင်း' လုပ်ကို လုပ်မှာပါ"

'လဝန်း' ရဲ့ ရွှင်ရွှင်မြူးမြူး အပြောလေးကြောင့် ကျွန်မပင် ဗိုက်နာတာကို မေ့ကာ 'လဝန်း' နဲ့အတူ ရောရောင်ကာ ရယ်နေမိပါသည်။

"ဒါဆို... 'နေမင်း' ကို ဘယ်တော့ ခေါ်လာခဲ့ရမလဲဟင်...မမ"

"သူ အဆင်ပြေတဲ့ အချိန်ပေါ့ကွယ်"

"မနက်ဖြန်ပဲ ခေါ်လာခဲ့တော့မယ်နော်... မမ"

ကျွန်မပြုံးကာ ခေါင်းညိတ်အပြ 'လဝန်း' ရဲ့ ကြည်နူးသွား



www.burmeseclassic.com

www.burmeseclassic.com



မှုက မဖုံးဖိနိုင်အောင်ပါ။

ကျွန်မလည်း 'လဝန်း' လို့ပဲ မနက်ဖြန်ကို မျှော်လင့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၄

'လဝန်း' အတင်းခေါ်လာ၍ လိုက်သာလာခဲ့ရသော်လည်း စိတ်ထဲမှာတော့ အားငယ်သလိုပါ။

မိန်းမတစ်ယောက်၏ လက်အောက်တွင် 'နေမင်း' တစ်ခါမှ ဖူးမျှပင် အလုပ်မလုပ်ခဲ့ဖူး့ဘူး မဟုတ်ပါလား။

'လဝန်း' လာပြောစဉ် အမေကလည်း အနားမှာရှိတာမို့ 'လဝန်း' ကို လှမ်းမေးပါသည်။

"သားက ဘာလုပ်ရမှာလဲ"

"ဒရိုင်ဘာ အဲ စာရေးပေါ့ ဒေါ်ကြီးရဲ့... 'နေမင်း' ကကျောင်းသည်း ပြီးပြီဥစ္စာ"

"ဟုတ်လား... လခက ဘယ်လောက်ရမှာလဲ"

" သုံးလေးသောင်းပေါ့ ဒေါ်ကြီးရယ်"

"ဟုတ်လား... ဒါဆို နည်းမှ မနည်းတာပဲ... သား လုပ်မယ် ဟုတ်လား... အို လုပ်ရမှာပေါ့... ဒီလောက် အလုပ်ရှားပါးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကြီးထဲမှာ ငါ့သားလိုလူမျိုး သူတို့ရတာ ကံကောင်းတယ်… ငါ့သားက လူလည်းလူချော… စကားကလည်း နည်းတော့ သူတို့ ကြိုက်မှာပါ… နေပါအုံး 'လဝန်း' ရဲ့… အလုပ်ခန့်တဲ့ အလုပ်ရှင် က ယောကျ်ားလား မိန်းမလား"

"ဟို တစ်လောက 'လဝန်း' တို့ အိမ်ကိုတောင်လာသေးတယ် လေ ဒေါ်ကြီးရယ်… ဒေါ်ကြီး မတွေ့လိုက်ဘူးလား… အစ်မ ချော ချောလေး"

အမေ့မျက်နှာ ပျက်သွားပါသည်။ မိန်းမချောချောတစ် ယောက် လက်အောက်မှာ သူ့သားကို မလုပ်စေချင်ပါဘူး။

"ဖြစ်ပါ့မလား 'လဝန်း' ရယ်… 'နေမင်း' က အဲ့ဒါမျိုးတစ်ခါ မှ လုပ်ဘူးတာ မဟုတ်ဘူး… အဲ့ဒီမိန်းမကကော သဘောကောင်း ရဲ့လား"

"အမယ်လေး ဒေါ်ကြီးရယ်… 'လဝန်း' ကို လမ်းသူရဲတွေ လက်ကကယ်ပြီး အိမ်လာပို့ပေးတဲ့အပြင် 'လဝန်း' ကိုပါ သူ့အလုပ် မှာ ခေါ်ခန့်ပေးတာ သဘောကောင်းလို့သာပေါ့… သဘောသာ မကောင်းရင် 'လဝန်း' ဒီလို တိုက်တွန်းပါ့မလား"

" သား သဘောကကော"

တစ်နေကုန် ရေဆေး၊ ဆီထိုးသမားဘဝထက် 'လဝန်း' ပြောသောအလုပ်ကို 'နေမင်း' စိတ်ဝင်စားပါသည်။

'နေမင်း' ဘက်က ငြိမ်နေတော့ အမေက ခေါင်းညိတ်ပါ သည်။

"အေးလေ… သား သဘောတူရင်တော့ ပြီးတာပါပဲ"

ခုနောက်ပိုင်း 'လဝန်း' ၏ ဖခင်ကြီးပဲ ပြောထား၍လား၊ ဒါ မှမဟုတ် အမေ့ဖါသာ ဆင်ခြင်သည်လား မသိပါ။ အိမ်တကာ လှည့်ကာ အမေဖဲရိုက်တာကို မတွေ့ရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် 'နေမင်း' ဝမ်းသာရပါသည်။

ဒီကမ္ဘာလောကမှ 'နေမင်း' အရင်းနှီးဆုံးအမျိုးက အမေတစ်ယောက်တည်းပဲ ရှိသည်မဟုတ်ပါလား။

ကုမ္ပဏီကိုအရောက် 'မမ' ကအသင့် ကြိုစောင့်နေတာတွေ့ရပါသည်။

"လာ 'မောင်နေမင်း' ... မင်းပါလာမယ်ဆိုတာသိလို့ 'မမ' ကြိုစောင့်နေတာ... ကားတောင် ယူလာခဲ့သေးတယ်... စမ်းမောင်းကြည့်မလား"

'နေမင်း' ခေါင်းအညိတ် 'မမ' က ကားသော့လှမ်းပေးပါသည်။

"အော်တိုဂီယာကို 'မောင်နေမင်း' မောင်းဖူးလား"

'နေမင်း' မမောင်းဘူးပါ။ ဒါပေမယ့် စမ်းမောင်းကြည့်လျှင်ဖြစ်နိုင်တာကြောင့်...

"ကျွန်တော် တစ်ပတ်လောက် မောင်းကြည့်ရင် ဖြစ်မယ်ထင်ပါတယ်"

" အိုကေလေ... ဒါဆို 'မ' တို့အိမ်ကိုပဲ စမ်းမောင်းကြည့်လိုက်ရအောင်"

သွက်လက်စွာ ရှေ့ကထွက်သွားသော 'မမ' နောက်ကိုလိုက်သွားတဲ့ 'နေမင်း' ကိုမေးကြည့်ရင်း 'လဝန်း' ရင်ထဲ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား ခွဲခြား၍မသိပါ။

'နေမင်း' ကတော့ ကုမ္ပဏီရှေ့တွင် ခန့်ခန့်ကြီးရပ်ထားသော ဘာစီဒီးကားပေါ်တက်ကာ ကားစက်ကိုနှိုးလိုက်မိပါသည်။

"အခု 'မ' တို့ တက္ကသိုလ်ရိပ်သာလမ်းက ခြံကိုအရင်သွားမယ်... ပြီးရင် 'မောင်နေမင်း' 'မ' ကို အင်းယားလမ်းက ခြံတစ်ခြံကို လိုက်ပို့ပေးရလိမ့်မယ်... မောင်းနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



'နေမင်း' ခေါင်းညိတ်ကာ ကားကိုငြင်သာစွာ မောင်းလာ လိုက်ပါသည်။

ခါတိုင်း ဂီယာပါသောကားကို မောင်းနေကြမို့ ဂီယာချိန်း သတိထားနေရပေမယ့် ဒီ,မာစီဒီးကားကတော့ ဂီယာချိန်းစရာမလို၍ ပိုလို့ပင် မောင်းရတာ လွယ်နေပါသေးသည်။

အမျိုးကောင်း ကားကြီးမို့လည်း စီးရသူမပြောနဲ့ မောင်း ရတဲ့ 'နေမင်း' ပင် ဇိမ်ရှိလှပါသည်။

တက္ကသိုလ်ရိပ်သာ လမ်းပေါ်အရောက် 'ဒေါ်ဦးဦးသာ' က လှမ်းမေးပါသည်။

" 'မောင်နေမင်း' က ကားမောင်းတတ်တာ ကြာပြီလား"

"ဟုတ်ကဲ့... ကျွန်တော် ဆယ့်ခုနစ်နှစ် လောက်တည်းက မောင်းတတ်နေတာပါ"

"အင်း ဒါကြောင့်ပဲ ကျွမ်းကျွမ်းကျင်ကျင် ရှိတာနေမှာ"

"ဟို ရှေ့က လမ်းချိုးရောက်ရင် ချိုးဝင်လိုက် 'မောင်နေမင်း' အဲ့ဒါ 'မ' ရဲ့ ခြံပဲ"

'ဒေါ်ဦးဦးသာ' ညွှန်ပြတဲ့လမ်းအတိုင်း မောင်းဝင်အလာ လမ်းဆုံးတွင် ခြံကျယ်ကြီးတစ်ခြံကို တွေ့ရပါသည်။

ကား ခြံရှေ့တွင်ရပ်သည်နှင့် ခြံစောင့်ဖြစ်သူက ခြံတံခါး လာဖွင့်ပေးကာ ကားပါကင်လမ်းအတိုင်း 'နေမင်း' မောင်းဝင်လာ ခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၇

ခြံကြီးက အတော်ကျယ်ဝန်းသော ခြံကြီးတစ်ခြံဖြစ်ကာ ခြံလယ်မှ နှစ်ထပ်တိုက်အဖြူကြီးကလည်း ထုထည်ခန့်ခန့်ညား ညားဖြင့် အတော့်ကို ခမ်းနားသော တိုက်ကြီးတစ်တိုက်ပါ။

"လာ 'မောင်နေမင်း' ... အထဲဝင်ပါအုံးလား... 'မ' အထဲမှာ ယူစရာရှိလို့ပါ"

"နေပါစေ ခင်ဗျ... ကျွန်တော် ကားထဲမှာပဲ ထိုင်စောင့်နေလိုက်ပါမယ်"

ကိုယ့်အလုပ်က ဒရိုင်ဘာအလုပ်မို့ 'နေမင်း' တိုက်ထဲမဝင်တော့ဘဲ သူ အခုမှ စမောင်းရသော ကားကြီးကို စက်ဖုံးဖွင့်၍ စစ်ဆေးနေမိပါသည်။

ဆီလည်းအပြည့်၊ ရေလည်းအပြည့်၊ အင်ဂျင်ဝိုင်လည်းဖြည့်သားပုံရတာကြောင့် ကားဘီးကို ငုံ့ကာအကြည့် အဘီးကို 'ဒေါ



www.burmeseclassic.com

www.burmeseclassic.com


ဦးဦးသာ' ပြန်ရောက်လာခဲ့ပါသည်။

သူမလက်ထဲတွင် ဖိုင်တွဲတစ်တွဲကို ကိုင်ထားကာ 'နေမင်း' ကို လှမ်းပြောပါသည်။

"မနေ့က ဝပ်ရှော့ကရတည်းက မ ဆာဗစ်စင်လည်း ဝင်ထားပြီးပြီ... အားလုံး OK တယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ဒါဆို မမတို့ အင်းယားလမ်းကို သွားကြရအောင်လား... 'Twelve' မှာ အရောက်လာမယ်လို့ 'မ' ချိန်းထားလို့"

'နေမင်း' ကားပေါ်တက်ကာ အင်းယားလမ်းကို မောင်းလာခဲ့လိုက်ပါသည်။ ကားမောင်းလာရင်းမှလည်း 'ဒေါ်ဦးဦးသာ' ကို စိုက်ကြည့်မိပါသည်။

အလုပ်ရှင် သူဌေးမကြီးဟုသာဆိုရသည်၊ 'ဒေါ်ဦးဦးသာ' ပုံစံက အသက်ပင် လေးဆယ်ပြည့်သေးပုံ မပေါ်ပါ။

ပုပုပြတ်ပြတ်၊ သေးသေးသွယ်သွယ်နှင့် ကြည့်လို့ကောင်းသူ' တစ်ယောက်ပါ။

ခဲရင့်ရောင် ရယ်ဒီမိတ်အကျီလက်စကနှင့် ခဲငွေရောင်နှင့် အညိုစင်း လုံချည်ပျော့ကို ဝတ်ထားသည့်ကြားက သူမပုံစံက ရဲရင့်ကာ တည်ကြည်တဲ့အသွင်ကို ဆောင်နေလေသည်။

'နေမင်း' ကြည့်နေချိန် 'ဒေါ်ဦးဦးသာ' က ဖိုင်တွဲကို ဖွင့်ကာ ခြေချိတ်ထိုင်ရင်း စာရင်းဇယားတွေကို စစ်ဆေးနေလေသည်။

အောက်ကို ငုံ့နေတာမို့ ထူထဲသော မျက်ခုံးနဲ့ မျက်တောင်ကော့များကို မြင်နေရကာ ဖြောင့်စင်းနေသော နှာတံအောက်မှနှုတ်ခမ်းဖူးဖူးလေးကလည်း မက်မောရင်ခုန်ချင်စရာပါ။

ဒီလောက် အလှအပတွေ ပြည့်စုံနေပါရက်နဲ့ 'ဒေါ်ဦးဦးသာ' ဘာလို့များ တစ်ယောက်တည်း ဖြစ်နေရတာပါလိမ့်။


www.burmeseclassic.com

www.burmeseclassic.com



အို… ငါကသာ တစ်ယောက်တည်းလို့ ထင်နေတာ။ သူ့မှာ အတွဲ မရှိဘူးလို့ ဘယ်သူပြောနိုင်မလဲ။ ဒီလောက် ချမ်းသာပြီး ဒီလောက် လှတဲ့မိန်းမမှာ အတွဲရှိကို ရှိမှာပါ။

နောက်ကြည့်မှန်မှတစ်ဆင့် မြင်နေရသော 'ဒေါ်ဦးဦးသာ' ၏မျက်နှာမှ မျက်မှန်ကြီးကို စိတ်မှန်းဖြင့်ဖယ်ကြည့်ကာ 'နေမင်း' တွေးနေဆဲ …

"ရှေ့နားလောက်ဆို ရောက်ပြီ 'မောင်နေမင်း'… ဘယ်ဘက်ကွေ့လိုက်ပါ"

'ဒေါ်ဦးဦးသာ' ပြောရာလမ်းအတိုင်း ဘယ်ဘက်ကို ချိုးအကွေ့ 'My Paradise' ဟူသော စားသောက်ဆိုင်ကို တွေ့လိုက်ရပါသည်။

ဒါလည်း 'ဒေါ်ဦးဦးသာ' ပိုင်တာပဲလား။

ကျယ်ဝန်းသော ခြံကျယ်ကြီးက အင်းယားရေစပ်နှင့် ထိစပ်နေကာ ခြံအလယ်လောက်တွင် စားသောက်ဆိုင်ဖွင့်ထားတာ ဖြစ်ပါသည်။

"ဒီဇိုင်းဆရာ ရောက်နေပြီလား 'ကိုဒေဝ' "

"ဟုတ်ကဲ့ပါ"

ဆိုင်အပေါက်ဝရှိ မန်နေဂျာဖြစ်ဟန်တူသူ အသားညိုညို ခပ်ဝဝနဲ့လူကို လှမ်းမေးကာ 'ဒေါ်ဦးဦးသာ' က ကျွန်တော့်ကို လှမ်းပြောပါသည်။

"မမ အလုပ်ကိစ္စဆွေးနွေးစရာရှိတယ် 'မောင်နေမင်း' ဗိုက်ဆာရင် တစ်ခုခုစားထားပါလား"

"နေပါစေ… ကျွန်တော့်မှာ ထမင်းဘူးပါပါတယ်"

'လဝန်း' က ပုံမှန်အလုပ်ချိန်ဖြစ်ကာ 'နေမင်း' ကတော့ ပုံမှန်ထက်လည်း အချိန်ပိုကြာချင်ကြာမည်ဟု 'လဝန်း' က စကားခံ



www.burmeseclassic.com

www.burmeseclassic.com



ထားတာကြောင့် 'နေမင်း' ထမင်းဘူး ထည့်ယူလာခဲ့လိုက်ပါသည်။ ဒါပေမယ့် မနက်က လက်ဘက်ရည်နဲ့ အီကြာကွေးစားလာတာကြောင့် မဆာသေးပါ။

'ဒေါ်ဦးဦးသာ' လည်း အထဲဝင်သွားပြီမို့ ရေစပ်ရှိ တောင်ထန်းပင်အောက်ကို လျှောက်လာကာ ထိုင်နေလိုက်မိပါသည်။

Hall type လို ပုံစံစားသောက်ဆိုင်မို့ အတွင်းပိုင်းတွင် 'ဒေါ်ဦးဦးသာ' စကားထိုင်ပြောနေတာကို တွေ့နေရပါသည်။

ကြည့်ရတာ စားသောက်ဆိုင်တွင် ဖျော်ဖြေမှုအစီအစဉ်ကို ထည့်ဖို့ ပြင်ဆင်နေပုံရပါသည်။

ဒီအစီအစဉ်မှာ 'လဝန်း' ကော ပါနေအုံးမှာလား။

ယောကျ်ားပေါင်းစုံ၏ မျက်ဝန်းများအလယ်မှာ 'လဝန်း' ကို ဖျော်ဖြေသူတစ်ယောက်အဖြစ် သူ မမြင်ချင်တော့ပါ။ ဒါပေမယ့် 'လဝန်း' ကို သူ တားပိုင်ခွင့်မရှိပါ။ ဒီနေ့ထက်ထိ သူ 'လဝန်း' ကို စိတ်ဝင်စားနေတာ 'လဝန်း' သိသလို သူဖွင့်ပြောလိုက်လျှင်လည်း 'လဝန်း' လက်ခံမှာကို သူသိပါသည်။

ဒါပေမယ့် သူ 'လဝန်း' ကို ချည်နှောင်မထားချင်သေးပါ။ သူ ရန်ကုန်ကိုလာခဲ့သော အဓိကဆန္ဒပြည့်ဝမှသာ သူ 'လဝန်း' ကိုဖွင့်ပြောလိုက်ပါတော့မည်။

သူ့ရဲ့ အဓိကဆန္ဒက ဖေဖေရဲ့အကြောင်းကို စုံစမ်းဖို့ သူဒီ ရန်ကုန်ကို ရောက်လာခဲ့တာပါ။

ခု ရန်ကုန်ကို ရောက်နေတာပဲ ခြောက်နှစ်တိုင်ပြီ၊ ဖေဖေနဲ့ ပတ်သက်တာဆိုလို့ သူ ဘာတစ်ခုမှ မစုံစမ်းနိုင်သေးပါ။

ရန်ကုန်ကိုရောက်စ သူ တက္ကသိုလ်စဉ်ကတော့ ဘုရင့်နောင် ပွဲရုံဘက်သွားကာ ဖေဖေ့ပွဲရုံနာမည်ကို စုံစမ်းခဲ့ပါသေးသည်။

ပွဲရုံဖျက်သိမ်းသွားတာ ကြာပြီဟုသာ သိရကာ ဖေဖေနဲ့ပ



www.burmeseclassic.com

www.burmeseclassic.com



သက်တဲ့ အဆက်အသွယ်တစ်ခုတစ်လေမှပင် 'နေမင်း' မရခဲ့ပါ ချေ။ ယုတ်စွအဆုံး ဖေဖေ ဘယ်မှာနေခဲ့တယ် ဆိုတာကိုပင် 'နေမင်း' စုံစမ်း၍ မရခဲ့ပါ။

အမေ့ကိုတော့ ဖေဖေ လိပ်စာပေးမှာ သေချာပါသည်။

ရန်ကုန်ကို ထွက်သွားပြီး နှစ်ခေါက်တိတိ ဖေဖေကိုယ်တိုင် မန္တလေးကို ဆင်းလာပြီး လာခေါ်ခဲ့သေးတာပဲ။

အမေ့ရဲ့ တလွဲမာနကြောင့် 'နေမင်း' ငယ်ငယ်ရွယ်ရွယ်နဲ့ အဖေနဲ့ ဝေးကွာခဲ့ရတာ ဖြစ်ပါသည်။

ခုချိန် 'နေမင်း' မှာ အဖေသာရှိနေအုံးမယ်ဆို 'နေမင်း' ဘဝ ဘယ်လောက်ငြိမ်းချမ်း အေးမြလိုက်မလဲ။ ခုတော့ ငယ်ငယ်ရွယ် ရွယ်ဖြင့် ဘဝကိုရုန်းကန်ကာ ရရာအလုပ် ဝင်လုပ်နေခဲ့ရသေး သည်။

အမေ့ကို စိတ်နာရမှာလား။ အဖေ့ကို စိတ်နာရမလား တွေး ကာ 'နေမင်း' အဝေးကိုအငေး 'နေမင်း' အပါးကို 'ဒေါ်ဦးဦးသာ' ရောက်လာခဲ့ပါသည်။

'နေမင်း' ကပျာကယာပင် နေရာမှအထ ...

"ဒီနေရာလေးက အေးတယ်နော်"

'ဒေါ်ဦးဦးသာ' ထန်းပင်ကို ကျောမှီကာ ပြောနေတာဖြစ်ပါ သည်။

နေ့ခင်းပိုင်းပေမယ့် နေရောင်ရဲ့ စူးရှမှုမရှိလှဘဲ အင်းယား ရေစပ်မှလေက အေးမြနေကာ မြက်ခင်းစိမ်းတွေကလည်း တစ်ခြံ လုံးနီးပါး ခင်ထားတာဆိုတော့ အမြင်မှာ အေးမြလှပါသည်။

"ဒီနေရာကို 'မ' ရွေးချယ်တာမှန်သွားတယ်... ဒီနေရာလေး ဟာ 'မ' ရဲ့ စိတ်ကို ချမ်းမြေ့စေတဲ့ နေရာလေးပဲ"

'ဒေါ်ဦးဦးသာ' တစ်ခြံလုံးကို ဝေ့ဝိုက်ကြည့်ကာ ကျေနပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာဖြစ်ပါသည်။

မကြာခင် သူမရဲ့ စားသောက်ဆိုင်တွင် စန္ဒယားလက်သံ သက်သက်၊ တယောတီးဟန်သက်သက်တို့ကို ထည့်သွင်းဖျော်ဖြေဖို့ကို သူမ စီစဉ်ထားပြီးပါပြီ။

အစားအသောက်ဆိုလည်း မူလ တရုတ်အစားအစာ၊ ဥရောပ အစားအစာအပြင် စင်ကာပူနှင့် ထိုင်း အစားအသောက်တွေကိုပါ ထပ်မံ ရောင်းချပေးဖို့ သူမ စိတ်ကူးထားသေးသည်။

သည်အတွက် စင်ကာပူနှင့်ထိုင်းတို့မှ နာမည်ကြီး စားဖိုမှူးတွေကို ငှားရမ်းဖို့ ကမ်းလှမ်းထားပါသည်။

အစားအသောက်အပြင် အရက်ကောင်းတာတစ်ခုကို ဖွင့်လှစ်ကာ [illegible]းသုံးသူတွေ နှစ်သက်ရာ ယမကာတွေကိုလည်း တင်ပါအုံးမည်။

ဘာပဲဖြစ်ဖြစ် အေးအေးဆေးဆေး အနားယူ အပမ်းဖြေလိုသူတွေအတွက် သူမရဲ့နေရာလေးက စိတ်မှန်သော ၊ အေးချမ်းသော၊ စိတ်ချမ်းသာစရာ နေရာကလေးပဲ ဖြစ်စေချင်ပါသည်။

" 'လဝန်း' အတွက်လည်း သီးသန့်စီစဉ်ပေးထားတယ်... သူ့တယောသံကို 'မ' အရမ်းနှစ်သက်တယ်... သူများတွေလည်း နှစ်သက်ကြမှာ အသေအချာပဲ... တစ်ပါတ်ကို သုံးရက် 'လဝန်း' ကို ဖျော်ဖြေခိုင်းမယ်... 'မောင်နေမင်း' က အကြံအပို့လုပ်ပေးရမယ် ဒါဆို 'လဝန်း' အတွက် စိတ်ပူစရာလည်း မလိုတော့ဘူးပေါ့"

'ဒေါ်ဦးဦးသာ' က သူ့အစီအစဉ်နှင့်သူ ကျေနပ်နေပုံရပါသည်။ နောက် 'နေမင်း' ကို လှမ်းကြည့်ကာ ရုတ်တရက်မေးလိုက်သည်။

" 'မောင်နေမင်း' ကော ဒီနေရာလေးကို သဘောကျရဲ့လား စိတ်ကော ငြိမ်းချမ်းမှုရတယ်လို့ မခံစားရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့… ခံစားရပါတယ်"

'နေမင်း' ခေါင်းငုံ့ကာ ရိုကျိုးစွာအပြော …

'ဒေါ်ဦးဦးသာ' က 'နေမင်း' ကိုကြည့်ကာ ပြုံးပါသည်။

" 'မ' ကို ဒီလောက်ကြီးလည်း 'Respect' လုပ်နေစရာ မလို ပါဘူး 'မောင်နေမင်း' ရယ်… နေတတ်သလိုနေပါ"

'နေမင်း' ရှေ့ဘက်တွင် စုထပ်ထားသော လက်နှစ်ဖက်၊ အသာအယာအဖြုတ် …

" 'မောင်နေမင်း' ထမင်းဆာပြီလား"

"မဆာသေးပါဘူး ခင်ဗျ… မနက်က လက်ဘက်ရည်နဲ့ ဒ် ကြာကွေး စားထားပါတယ်"

"ဆာရင် စားနော်… 'မ' က သိပ်အလိုက်သိတတ်တာမဟုတ ဘူး"

"တကယ်ကို မဆာသေးလို့ပါ"

ဆာရင် စားစရာ ထမင်းဘူးကလည်း 'လဝန်း' ရဲ့ခြင်းထဲမှ ကျန်ရစ်ခဲ့ပါပြီ။ ဒါပေမယ့် 'နေမင်း' ရင်ထဲမှာလည်း ဆာကို မဆာ သေးတာပါ။ ဒါကြောင့် …

"ကျွန်တော် ဘယ်ကို မောင်းပို့ရမလဲ"

'ဒေါ်ဦးဦးသာ' သူ့လက်က နာရီကိုငုံ့ကြည့်နေပါသည် ခဏနေမှ …

"ဒါဆို 'မ' ကို စက်ဆန်းဘက် လိုက်ပို့ပေးနိုင်မလား… ' ဘိလပ်မြေအိတ်တွေ ထားမယ့်နေရာ သွားကြည့်ချင်လို့"

"ဟုတ်ကဲ့ပါ"

'နေမင်း' 'ဒေါ်ဦးဦးသာ' တက်မယ့်ဘက်က ကားတံခါး ဖွင့်ပေးကာ တက်ပြီးသည်နှင့် ပြန်ပိတ်ပေးပြီး သူကတော့ ကား ရိုင်ဘာနေရာတွင် ဝင်ထိုင်ကာ စက်ဆန်းဘက်ကို ဦးတည်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

တက္ကစီဆွဲဖူးသူမို့ လမ်းကျွမ်းတာကလည်း 'နေမင်း' ကို အထောက်အကူပြုစေပါသည်။

စိတ်ထဲမှာတော့ 'ဒေါ်ဦးဦးသာ' ကို အတော်အလုပ်လုပ်နိုင်သော မိန်းမတစ်ယောက်အဖြစ် ချီးကျူးနေမိပါသည်။

အသက်က 'နေမင်း' ထက် အလွန်ဆုံးကြီးလှမှ ဆယ်နှစ်ခန့်သာကြီးမှာ ဖြစ်သော်လည်း လုပ်ငန်းတွေကတော့ ဆယ်ခုမက များပြားစွာရှိပုံရလေသည်။

ကားစီးလာရင်းမှလည်း ဟမ်းဖုံးတစ်လုံးနှင့် ညွှန်ကြားနေပုံက တကယ့်ဝါရင့် စီးပွားရေးသမားကြီးတစ်ယောက်ပုံစံမျိုးပါ။

'ဒေါ်ဦးဦးသာ' ရဲ့ မိဘတွေလက်ထက်တည်းက ချမ်းသာလာခဲ့ပုံရပါသည်။

'နေမင်း' မှာသာ မိဘတွေလက်ထက်က ချမ်းသာခဲ့ပါလျက် သူ့လက်ထက်မှာ ဒရိုင်ဘာ လုပ်နေခဲ့ရလေသည်။

ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ရမလား။ ကံကြမ္မာကိုပဲ ရိုးမယ်ဖွဲ့ရမလား။ 'နေမင်း' လည်း မတွေးတတ်တော့ပါ။

လောလောဆယ် ကားက စက်ဆန်းဘက်ရောက်လာတာမို့ ဘယ်မှာရပ်ရမလဲလို့မေးဖို့ 'ဒေါ်ဦးဦးသာ' ကို လှမ်းအကြည့် 'ဒေါ်ဦးဦးသာ' ၏ မျက်နှာက ပျက်ယွင်းနေတာကို တွေ့လိုက်ရပါသည်။

'ဘာဖြစ်နေတာပါလိမ့်'

စိုးရိမ်စိတ်ဖြင့် ကားကို လမ်းဘေးတွင် ထိုးရပ်ကာ မေးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"ဘာဖြစ်တာလဲ... ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဗိုက်အရမ်းအောင့်တယ်"

'ဒေါ်ဦးဦးသာ' က ဗိုက်ကိုလက်နှင့်ဖိကာ ရှုံ့မဲ့ရင်းပြောနေပါသည်။

တလောက အစာအိမ်ပြန်နာနေတာကို သိပါလျက် အလုပ်ကိုစွတ်လုပ်နေမိတာကိုက သူမရဲ့ အမှားပါ။ ခုတော့ သူမ ခံနိုင်ရည်မရှိတော့ပါ။

"ကျွန်တော် ဘယ်ပို့ပေးရမလဲ... ဆေးရုံပို့ပေးရမလား"

'ဒေါ်ဦးဦးသာ' မျက်နှာတွင် ချွေးတွေပြန်ကာ လူကအရမ်းကာရော ရှုံ့မဲ့လာ၍ 'နေမင်း' မနေနိုင်တော့ပါ။ နီးရာဆေးရုံကိုသာ ကားကို အမြန်မောင်းလာခဲ့လိုက်မိသည်။

စိတ်ထဲမှာလည်း သူမ ဘာမှမဖြစ်ပါစေနဲ့ဟု ကြိတ်ကာဆုတောင်းနေမိပါသည်။

www.burmeseclassic.com



အရေးထဲ ကုမ္ပဏီဖုန်းနံပါတ်ကိုလည်း 'နေမင်း' မသိပါ။

'ဒေါ်ဦးဦးသာ' ကိုမေးရအောင်ဆိုတော့လည်း ဝေဒနာခံစားနေရသူမို့ သူ မေးတာကိုလည်း ဖြေနိုင်မည်မထင်ပါ။

ဆေးရုံဝန်ထမ်းနှစ်ဦးနှင့် နာ့စ်တစ်ဦး အမြန်ရောက်လာကာ လက်တွန်းလှည်းပေါ် တွန်းတင်သွားတာကို ငေးကြည့်နေမိရင်း 'ဒေါ်ဦးဦးသာ' အကြောင်းတွေးနေမိပါသည်။

ရုပ်လည်းချော၊ ပညာလည်းတတ်၊ စီးပွားရေးမှာလည်း ဒီလောက်အောင်မြင်နေပါရက်နဲ့ ဒီမိန်းမမှာ အမျိုးတွေဘာတွေ မရှိဘူးလား။

မတော်လို့ ဒီမိန်းမများ တစ်ခုခုများဖြစ်သွားခဲ့လျှင် 'နေမင်း' ဘယ်လိုလုပ်ရပါ့မလဲ။

'နေမင်း' ဆေးခန်းပြင်ပ ကုလားထိုင်တွင်ထိုင်ကာ တွေးနေဆဲ အပြာဝတ်နာ့စ်တစ်ယောက် ရောက်လာကာ 'နေမင်း' ကိုလာပြောပါသည်။

"လူနာကို ဆေးရုံတင်ရမယ်... အစာအိမ် အရမ်းရောင်နေတယ်... ခုလောလောဆယ် ဆေးထိုးထားလို့ မှိန်းနေတယ်... ဒီအချိန်မှာ လူနာအတွက် လိုအပ်တာလေးတွေ သွားယူပေးပါလား"

"ဟုတ်ကဲ့ ကျွန်တော် သွားယူပေးပါ့မယ်... လူနာအနားမှာ နည်းနည်းလောက် နေပေးပါ"

'နေမင်း' အပြာဝတ်နာ့စ်ကိုပြောကာ ကားကိုအပြင်းမောင်းပြီး 'ဒေါ်ဦးဦးသာ' ၏ ခြံရှိရာ တက္ကသိုလ်ရိပ်သာလမ်းကို မောင်းလာခဲ့လိုက်ပါသည်။

စိတ်ထဲမှာတော့ 'ဒေါ်ဦးဦးသာ' တစ်ယောက်တည်းထားခဲ့ရတာကို စိတ်မချပါ။ ဒါပေမယ့် သူမှ ခုလိုထွက်မလာလျှင် 'ဒေါ်ဦးဦးသာ' ခုလိုဆေးရုံတက်နေတာကို ဘယ်သူမှ သိကြမည်မထင်



www.burmeseclassic.com

www.burmeseclassic.com



ပါ။

သူ မောင်းလာတဲ့ကား ခြံထဲကိုအဝင် တိုက်ထဲမှ အသက်ငါး ဆယ်ကျော်အရွယ် မိန်းမကြီးတစ်ယောက် ပြေးထွက်လာခဲ့ပါ သည်။

"'ဦးဦး' မပါလာဘူးလား"

"'ဒေါ်ဦးဦးသာ' အစာအိမ်ရောင်လို့ ဆေးရုံတင်ခဲ့ရပြီ… အဲ ဒါ ဒေါ်ကြီးတို့ လိုအပ်တာတွေထည့်ပြီး ဆေးရုံကိုအမြန်လိုက်ခဲ့ ပါ"

'နေမင်း' ၏ စိုးရိမ်တကြီး အမူအယာကြောင့် ဒေါ်ကြီးမှာ မျာယာခတ်သွားရပြီး…

"ဖြစ်ရမယ်… ဒါကြောင့် 'ဦးဦး' ကို အလုပ်,လုပ်တာ လော ကြီးပါနဲ့လို့ ပြောထားတဲ့ကြားက ခု ဖြစ်ရပြီ… 'စိုးထွေး' ညည်း မ အဝတ်အိတ်ထဲအဝတ်သုံးစုံနဲ့ လိုအပ်တာတွေထည့်… 'မိုးလေး' က ရေနွေးဓါတ်ဘူးတစ်လုံး… ရေသန့်တစ်ဘူး… နို့ဆီသကြားနဲ့ ကော်ဖီ ပုလင်းတွေထည့်… သောက်ဖို့ ခွက်နဲ့ဇွန်း ယူဖို့လည်း မေ့နဲ့ဦးနော်"

သူတို့ ပြင်ဆင်ပြီးသမျှ ခြင်းတွေအိတ်တွေကို သယ်ကာ နေမင်း' ကားနောက်ဘက်ထဲ ထည့်လိုက်မိပါသည်။

"'စိုးထွေး' က အိမ်မှာ စောင့်နေနော်… ဒေါ်ကြီးတို့ ဆေးရုံ လိုက်သွားလိုက်ဦးမယ်"

'နေမင်း' ဆေးရုံကို ပြန်ရောက်ချိန်တွင် 'ဒေါ်ဦးဦးသာ' သတိ နေပါပြီ။

မျက်မှန်ကိုချွတ်ကာ ဆံပင်ကို ဖါးလားချထားတဲ့ 'ဒေါ်ဦးဦး သာ' ပုံစံက ခါတိုင်းပုံစံ ရင့်ရော်ရော်ကြီးနဲ့ တခြားစီပါ။ နုနယ် သော မိန်းမပျိုလေးတစ်ယောက် ပုံစံနဲ့မို့ 'နေမင်း' အံ့သြသလို



www.burmeseclassic.com

www.burmeseclassic.com



ငေးနေမိဆဲ...

"'မောင်နေမင်း' ကို မမ ကျေးဇူးတင်ပါတယ်ကွယ်... 'မော နေမင်း' သာ အချိန်မီ ဆေးရုံမပို့ရင် မမတော့ ဒုက္ခပဲ"

"အဲဒါကြောင့် 'ဦးဦး' ကိုပြောတာပေါ့... အချိန်မှန်အိပ်ပါ၊ အချိန်မှန်စားပါဆိုတာ ခု ဒီကလေးသာ ဆေးရုံမပို့ရင် ဘယ့်နှ လုပ်မလဲ... 'ဒေါ်အုံး' စိတ်ပူလိုက်တာကွယ်"

"ကောင်းသွားပြီပဲ 'ဒေါ်ဒေါ်အုံး' ရယ်"

ကျွန်မ 'ဒေါ်အုံး' ကိုကြည့်ပြီး အေးစက်စွာ ပြောလိုက်မိ သည်။

ဆွေမျိုးနီးစပ် တော်၍သာ အိမ်မှာအဖော်အဖြစ် ခေါ်ထား ခဲ့သော်လည်း 'ဒေါ်ဒေါ်အုံး' ကျွန်မရဲ့ ပစ္စည်းတွေကို ဘယ်လော အထိ မက်မောတယ်ဆိုတာ ကျွန်မပဲသိပါသည်။

ကျွန်မ မလိုလားပါဘဲ ကျွန်မအတွက်ဆိုကာ သူ့တူမန ယောက်ကိုလည်း ခေါ်ထားလိုက်ပါသေးသည်။

အိမ်လာသမျှ လူအပေါင်းကိုလည်း ကျွန်မမှာ မိဘမရှိ၍ ကပဲ စောင့်ရှောက်ကူညီနေရကြောင်း အသားယူ အသာစီး ပြေ သည်ကလည်း အခါခါရယ်ပါ။

တစ်ယောက်တည်း ခြံဝန်းကျယ်ကြီးနဲ့နေရတာ မတ တယ်၍သာ ခေါ်ထားရပေမယ့် 'ဒေါ်ဒေါ်အုံး' က ကျွန်မအတွ အဖော် မဟုတ်ခဲ့ပါ။ အနှောင့်အယှက်သာ ဖြစ်ပါသည်။

စိတ်မောသလို သက်ပြင်းအချ...

"မမ ဘာစားမလဲ... ကျွန်တော် ဘာဝယ်ပေးရမလဲ"

"နေပါစေကွယ်... မမ အရည်ပဲ သောက်ပါ့မယ်... မိုးလ တည်းက 'မောင်နေမင်း' လည်း ဘာမှမစားရသေးဘူး မဟုတ်လ ရော့ တစ်ခုခုသွားဝယ်စားပါလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ငွေနှစ်ထောင် ထုတ်ပေးလိုက်ပါသည်။

"နေပါစေ မမ... ဒီက ပြန်တော့မှပဲ ကျွန်တော် စားပါ့မယ်"

"'လဝန်း' ဆီကိုတော့ မမ ဖုန်းဆက်ပြောလိုက်ပြီးပြီ... ဒီနေ့ 'မောင်နေမင်း' နည်းနည်းနောက်ကျလိမ့်မယ်လို့... ခဏနေရင် 'ဒေါ်ဒေါ်အုံး' အိမ်ပြန်တော့နော်... 'မိုးလေး' ကတော့ ဒီမှာပဲနေခဲ့လိုက်ပေါ့"

"'ဒေါ်ဒေါ်အုံး' နေခဲ့မယ်လေ 'ဦးဦး' ရဲ့"

'ဒေါ်ဒေါ်အုံး'က မျက်နှာလို မျက်နှာရအပြော ကျွန်မ ခေါင်းခါပြလိုက်မိသည်။

"ရပါတယ်... 'မောင်နေမင်း' 'ဒေါ်ဒေါ်အုံး' ကို ပြန်ပို့ပေးပြီး အိမ်ပြန်လို့ရပြီ... မနက်မှသာ လာခဲ့တော့နော်"

'ဒေါ်ဦးဦးသာ' စကားအတိုင်း 'ဒေါ်ကြီးအုံး' ကို ပြန်အပို့ 'ဒေါ်ကြီးအုံး' က လမ်းမှာ 'နေမင်း' ကို အတင်းချသည်။

"'ဦးဦး' က ဒေါ်ကြီးညီမဝမ်းကွဲရဲ့ သမီးလေ... ကိုယ့်ဆွေကိုယ်မျိုးဆိုပြီး ဒေါ်ကြီးက စောင့်ရှောက်ပါတယ်... ဒါပေမယ့် သူက လက်မခံချင်ဘူးလေ"

"မမမှာ မိဘတွေ မရှိတော့ဘူးလား"

"အဖေက 'ဦးဦး' ဆယ်နှစ်အရွယ်တည်းက ဆုံးသွားတာလေ... အမေက 'ဦးဦး' ဆယ်တန်းအောင်ပြီး နောက်တစ်နှစ်မှာပဲ ဆုံးသွားတာ... အဲ့ဒီတုန်းက ဒေါ်ကြီးတို့က ပခုက္ကူမှာ နေတာမဟုတ်ဘူး... မန္တလေးမှာနေတာ"

မန္တလေးဆိုသည်နှင့် 'နေမင်း' မျက်လုံးပြူးသွားသည်။

"မန္တလေး ဘယ်နားမှာနေတာလဲ"

"ရေနီမြောင်းဘက်မှာ"

"ကျွန်တော်တို့က ချမ်းအေးသာဇံဘက်မှာ နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် လူလေးကလည်း မန္တလေးကပဲကိုး... ဒေါ်ကြီးအ ရန်ကုန်က မှတ်နေတာ"

ထိုအချိန်က ကျော်ကြားသည် 'မမှုံ' ဆို မသိသူ မရှိ လောက် နာမည်ကြီးခဲ့ပါသည်။ အမေ့ဆီကပစ္စည်းရလျှင် အဖိုးတ အမျိုးမှန်မို့ အမေနဲ့ အလုပ်လုပ်ချင်တဲ့သူလည်း အတော်များ လေသည်။

ထိုအချိန် အဖေက ရန်ကုန်တွင် စီးပွားရေးလုပ်ငန်းခွဲ လု နေချိန်ဖြစ်ကာ အမေနဲ့ 'နေမင်း' ကို လာခေါ်ပေမယ့်လည်း စီးပွ ရေးကောင်းနေချိန်မို့ အမေသည် အဖေ့ကို လျစ်လျူရှုနိုင်ခဲ့ သည်။ အဖေ့ကို မေ့နိုင်အောင်လည်း အမေသည် အလုပ်ကိုပိုကြ စားလုပ်ကာ အားလျှင် ပိုကာဆွဲသည်။

ပထမ 'နေမင်း' ငယ်သေး၍ အိမ်မှာပဲဝိုင်းဖွဲ့တတ်ပေမ နောက်ပိုင်း စီးပွားရေးကို အကြောင်းပြကာ အပြင်မှာပဲ အချိန်ကု တာများလာသည်။

'နေမင်း' ဆယ်တန်းအောင်ပြီးလို့ အဖေနောက်အိမ်ထော ပြုလိုက်တဲ့ အချိန်မှာတော့ အမေသည် သူ့ကိုယ်သူ ထိန်းသိမ်းနို စွမ်း မရှိတော့ပါ။စီးပွားရေးလည်းကျ၊ လူကလည်း အဖတ်ဆ မရနိုင်အောင် ပျက်စီးခဲ့ပါလေပြီ။

နောက်ကြောင်းများကို ပြန်သတိရနေ၍ 'နေမင်း' ကားရပ် ပတ်ဝန်းကျင်ကို ငဲ့အကြည့်ကားက တက္ကသိုလ်ရိပ်သာလမ်း 'ဒေါ်ဦးဦးသာ' ၏ တိုက်အရှေ့ကို ရောက်နေပါပြီ။

'ဒေါ်ကြီးအုံး' ကိုချကာ ကားကိုဂိုဒေါင်ထဲ ပြန်သွင်းထေ ပြီး 'နေမင်း' အိမ်ကို ပြန်လာခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၅

" နောက်ကျလိုက်တာ သားရယ်... အမေဖြင့် စိုးရိမ်လို့ထွက်စောင့်နေတာ"

'နေမင်း' အိမ်ရှေ့ကိုအရောက် အမေက ဝရံတာလေးမှာ ထွက်ရပ်နေပါသည်။

" 'လဝန်း' မပြောပြဘူးလား"

" ပြောပြပါတယ်... ဒါပေမယ့် သားက ဒီနေ့မှ အလုပ်စဝင်တာဆိုတော့ အမေ စိတ်ပူတာပေါ့... အဆင်ပြေခဲ့ရဲ့လား"

" ပြေပါတယ်...အလုပ်ရှင်ကလည်း သဘောကောင်းပါတယ်... အမေ ထမင်းစားရအောင်လေ"

'နေမင်း' သည် အပြင်ကဝယ်လာခဲ့သော ခေါက်ဆွဲကြော်ကို ပန်းကန်ထဲထည့်ကာ စားပွဲဝိုင်းတွင်အချ...

"လူလေးပဲစားတော့... အမေ စားပြီးသွားပြီ"

"တကယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ သားရဲ့... 'လဝန်း' ငါးခြောက်ဟင်းလာပေးတာနဲ့ အမေ စားပြီးသွားပြီ"

အမေက သူထိုင်နေရာ ထမင်းစားပွဲတွင်ဝင်ထိုင်ရင်း 'နေမင်း' မျက်နှာကို ငေးကြည့်နေပါသည်။

သူမ ရုပ်ကဆိုးသလောက် သား 'နေမင်း' ကတော့ အဖေနဲ့တူကာ ချောမောသူ တစ်ယောက်ပါ။

အမေရဲ့ အဆိုးဒဏ်ကိုလည်း သည်းညည်းခံနိုင်သူ တစ်ယောက်မို့ 'ဒေါ်မှုံ' ရဲ့ဘဝမှာ 'နေမင်း' မရှိလျှင် လုံးဝမဖြစ်ပါ။

ငယ်တုန်းက ဘယ်သူရှိရှိ,မရှိရှိ ကိုယ့်အားကိုယ်ကိုးခဲ့ပေမယ့် ခုလို အသက်အရွယ်ကြီးလာချိန်မှာတော့ အပါးမှာ ရှိနေတာကိုက အားရှိသလို ခံစားရစေပါသည်။

ပြီးတော့ သား 'နေမင်း' က သူမ ဘဝရဲ့တစ်ဦးတည်းသော အဖော်လေ။ ဒီတော့ သားအကြောင်း သူမ အားလုံးသိချင်တာကြောင့်...

"အမေ့ကို သား အလုပ်ရှင်အကြောင်း ပြောပြပါအုံး... သူက အအိုလား အပျိုလား..."

'နေမင်း' မသိတာကြောင့် ခေါင်းကိုခါပြလိုက်မိပါသည်။

"သားကလည်းကွယ်... ကိုယ့်အလုပ်ရှင်ပဲ ကိုယ်သိသင့်တာပေါ့"

"သိရအောင် သားကဒီနေ့မှ အလုပ်စဆင်းတဲ့ ဥစ္စာ"

" 'လဝန်း' ကပြောတော့ သားတို့အလုပ်ရှင်က အိမ်ထောင်ကျဖူးတယ်ဆို"

'နေမင်း' ပင် အံ့အားသင့်ကာ မျက်ခုံးကိုပင့်လိုက်မိပါသည်။ အမေ ဘယ်တုန်းကများ 'လဝန်း' ကိုခေါ်ပြီး စပ်စုလိုက်တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းသာတာလည်း အရမ်းပဲတဲ့"

ဒါကိုတော့ 'နေမင်း' ခေါင်းညိတ်ပြလိုက်မိသည်။ 'ဒေါ်ဦးဦးသာ' ဘယ်လောက်ချမ်းသာ ကြွယ်ဝတယ်ဆိုတာ သူ မျက်မြင်ပဲ မဟုတ်ပါလား။

"သူက ဘယ်မှာနေတာလဲ"

"တက္ကသိုလ်ရိပ်သာလမ်းမှာ"

"သား အလုပ်ဆင်းရတာ အဲဒီမှာပေါ့"

'နေမင်း' ခေါင်းညိတ်ပြကာ စားလက်စကို လက်စသတ်လိုက်မိသည်။

ခါတိုင်း အလုပ်တွေကို အမေ ဒီလောက်မစပ်စုတတ်ပေမယ့် ဒီအလုပ်ကိုတော့ အမေ အတော်လေးစိတ်ဝင်စားနေပုံပါ။

စားသောက်ပြီး 'နေမင်း' အိမ်ရှေ့ကိုအထွက် 'လဝန်း' နှင့် အိမ်ရှေ့မှာ ဆုံမိကြသည်။

ရေချိုးပြီးစ 'လဝန်း' မျက်နှာက သနပ်ခါးဖွေးဖွေးလေးနှင့် လန်းဆန်းနေလေသည်။

"နင်ဘယ်တုန်းက ပြန်ရောက်တာလဲ 'နေမင်း'"

"ခုနလေးတင်ပဲ"

"မမက နင် နောက်ကျမယ်ပြောလို့ ငါက မရောက်သေးဘူးထင်နေတာ... နင်တို့ဘယ်တွေ သွားနေကြတာလဲ"

'နေမင်း' တစ်နေ့လုံး တွေ့ကြုံခဲ့ရသမျှတွေကို ပြန်ဖောက်သည်အချ 'လဝန်း' ရဲ့ မျက်လုံးလေး ပြူးထွက်သွားသည်။

"ဒါဖြင့် နင် ပြန်လာတော့ မမ ဆေးရုံမှာပေါ့"

'နေမင်း' ခေါင်းညိတ်အပြ 'လဝန်း' က စိတ်ပူပင်နေလေသည်။

"ငါ ထင်တော့ထင်သား... မမ တစ်ခုခုဖြစ်တော့မယ်လို့-



www.burmeseclassic.com

www.burmeseclassic.com



မမက အရမ်းအလုပ်,လုပ်တာကို"

'နေမင်း' ဆေးလိပ်တစ်လိပ်ကိုဖွာရင်း ခေါင်းညိတ်လိုက်သည်။

စားမဲ့သူ သုံးမဲ့သူလည်း မရှိဘဲ မမ ဘာလို့ဒီလောက်များကြိုးစားနေရတာပါလိမ့်။

"နင့်ကိုပြောရအုံးမယ်... ငါ ရုံးကအမေကြီးတစ်ယောက်ဆီကကြားလာတာ... မမက အပျိုကြီးမဟုတ်ဘူးတဲ့... ယောကျ်ားရဖူးတယ်တဲ့"

"ဒီအရွယ်ရောက်မှပဲဟာ ရဖူးတော့လည်း ဘာဖြစ်လဲ"

'လဝန်း' 'နေမင်း' မျက်နှာကို စိုးကြည့်လိုက်မိပါသည်။

ချစ်ရသူကို အလုပ်ရစေချင်၍သာ မမအပါးမှာထားရပေမယ့် 'လဝန်း' စိတ်ထဲမှာ စိတ်မချချင်သလိုပါ။

'လဝန်း' မျက်နှာကို ငဲ့ကြည့်ရင်းမှ 'နေမင်း' အပြုံးဖြင့်မေးလိုက်မိပါသည်။

"ဘာလဲ... စိတ်မချတာလား သဝန်တိုနေတာလား"

" 'နေမင်း' နော်..."

'လဝန်း' 'နေမင်း' ကို မျက်စောင်းခဲရင်း ဟင်းသွားပေးစဉ်က 'နေမင်း' အမေ ပြောလိုက်သော စကားသံလေးအချို့ကို ကြားယောင်နေမိပါသည်။

"သားလေးလည်း အရွယ်ရောက်လာပြီဆိုတော့ သမီးလိုချွေးမမျိုးလေးပဲ လိုချင်ပါတယ်"

"ဒေါ်ကြီးကလည်း..."

'လဝန်း' ရှက်ရှက်ဖြင့် ခေါင်းကိုငုံ့တော့ ဒေါ်ကြီးက ဆီးတိုးပြောသည်။

" ဒေါ်ကြီးမှာ သား 'နေမင်း' မသိအောင် သိမ်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းနားကပ်လေး တစ်ရံရှိတယ်... အရည်ကောင်းသွင်း လို့ ဟိုး လွန်ခဲ့တဲ့ အနှစ်အစိတ်လောက်ကတည်းက သူများကဈေး ကောင်းပေးဝယ်တယ်... အဲ့ဒါကိုတောင် ဒေါ်ကြီး မရောင်းခဲ့ဘူး... ခုလောက်ဆိုရင် အတော်ကြီးကိုတန်နေမှာ သေချာတယ်... သမီး လေးနဲ့ သားလေးတို့အတွက် ဒေါ်ကြီးမင်္ဂလာလက်ဖွဲ့မယ်"

"ဒေါ်ကြီးကလည်း ... 'နေမင်း' နဲ့ သမီးတို့က ရိုးရိုးပါ"

"အချစ်ဆိုတာ ပါးစပ်မှာရှိတာ မဟုတ်ဘူး... မျက်လုံးမှာရှိ တာ... သမီးမျက်လုံးကိုကြည့်လိုက်တာနဲ့ ဒေါ်ကြီးသိသလို သား 'နေမင်း' မျက်လုံးကို ကြည့်လိုက်တာနဲ့လည်း သူ သမီးကိုဘယ် လောက် တန်ဘိုးထားတယ်ဆိုတာ ဒေါ်ကြီး သိပြီးသားပဲ... ဒါ ကြောင့် သားလေး 'နေမင်း' ကို သမီး မငြင်းလိုက်ပါနဲ့ကွယ်"

ဒေါ်ကြီးကသာ ပြောနေပေမယ့် 'နေမင်း' က ခုချိန်ထိဘာ တစ်ခုမှ ပြောသေးတာ မဟုတ်ပါ။

'မြင်းကမလှုပ်၊ခုံကလှုပ်' ရတာမျိုးလည်း 'လဝန်း' က မလို လားပါ။ ဖြစ်နိုင်ရင် 'နေမင်း' နှုတ်က ဖွင့်ဟ ပြောစေချင်ပေမယ့် 'နေမင်း' က မလှုပ်တာကြောင့်လည်း ငြိမ်သက်စွာရပ်နေဆဲ...

"ငါ မနက်ဖြန် မနက်စောစော မမဆီသွားရမယ်... နင်လိုက် လား"

" ငါ လိုက်လို့ဘယ်ဖြစ်မှာလဲ... မမက ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ"

မမဆီမှာ 'လဝန်း' အလုပ်ဝင်တာ တစ်လပဲရှိပါသေးသည်၊ ဒီတစ်လအတွင်း မမက သဘောကောင်းတာ မှန်ပေမယ့် 'လဝန်း' က အလုပ်သမားပါ။ မမ မဖိတ်ဘဲ သူ့အိမ်ကိုမသွားဝံ့ပါ။

"မမ အိမ်က အကျယ်ကြီးပဲလား"

'နေမင်း' ခေါင်းညိတ် ပြလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူတွေလည်း အများကြီးပဲလား"

"သိပ်မရှိပါဘူး… 'ဒေါ်ကြီးအုံး' ဆိုတဲ့ မမရဲ့ ဆွေနီးမျိုးစပ် အဒေါ်ကြီးတစ်ယောက်ပဲ ရှိတယ်… ကျန်တာတော့ မမရဲ့ဝန်ထမ်းတွေပါပဲ"

ကုမ္ပဏီမှာ လူတွေပွထနေအောင် များသလောက် မမရဲ့ပတ်ဝန်းကျင်မှာတော့ လူသူကင်းမဲ့လှပါသည်။

"နင် မနက်သွားရင် ဆေးရုံကိုသွားမှာလား… အိမ်ကိုသွားမှာလား"

"အိမ်ကို သွားရမှာပေါ့… ကားယူရအုံးမယ်… ပြီးမှ ဆေးရုံကို သွားမယ်"

တကယ့် တကယ် 'နေမင်း' အိမ်ကိုသွားတော့ ဆေးရုံကိုပြန်သွားစရာ မလိုတော့ပါ။

မမ အိမ်ကို ပြန်ရောက်နေခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



# ၁၈

"လာ 'မောင်နေမင်း' ... မမ နေကောင်းတာနဲ့ ဆေးရုံက အစောကြီးဆင်းလာခဲ့တာ"

"မမကို ဘယ်သူလာကြိုပေးလဲ"

"တက္ကစီနဲ့ပေါ့ကွာ... ဘာခက်တာလိုက်လို့"

မျက်နှာပေါ် ချယ်သခြင်းကင်းကာ မျက်မှန်ချွတ်ထားတဲ့ မမ့ရဲ့ဟန်က လွတ်လပ်ပွင့်လင်း၍ နေပါသည်။

'နေမင်း' ခြံထဲကို ဝင်လာတည်းက မမက ခေါ်ခိုင်းလိုက်တယ် ဆိုတာကြောင့် မမရှိရာ အပေါ်ထပ်ကို 'နေမင်း' ရောက်လာခဲ့ရခြင်းပါ။

အပေါ်ထပ်က မမတစ်ယောက်တည်း နေပုံရကာ ဧည့်ခန်းကြီးက အကျယ်ကြီးပါ။

၂၉ လက်မတီဗွီတစ်လုံး၊ အောက်စက်တစ်လုံးနှင့် အခန်းထောင့်တွင် ရေမကက်စက်ကြီးတစ်လုံးက စက်ရုပ်ကြီးအလားချ



www.burmeseclassic.com

www.burmeseclassic.com



ထားသည်ကို တွေ့လိုက်ရပါသည်။

မမက ညှော့ခန်းထောင့်ရှိ ဒရင်းဘက်ပေါ်တွင် ခြေဆင်းထိုင်နေရာမှ 'နေမင်း' ကို စကား လှမ်းပြောနေခြင်းဖြစ်ပါသည်။

"ကျေးဇူးပဲ 'မောင်နေမင်း' ရယ်... 'မောင်နေမင်း' သာ ဆေးရုံကိုမပို့ပေးရင် မမကို ဒီနေ့ ဒီလိုတောင် တွေ့ရမှာမဟုတ်ဘူး... မမ 'မောင်နေမင်း' ကို အရမ်းကျေးဇူးတင်ပါတယ်"

"မလိုပါဘူး မမရယ်... ကျွန်တော်ကတောင် ကျွန်တော့်ကို အလုပ်ပေးထားတဲ့ မမကို ကျေးဇူးတင်နေရတာပါ"

ထိုအချိန် 'ဒေါ်ကြီးအုံး' က ကျွန်တော့်အတွက် နက်စ်ကာဖီတစ်ခွက်နှင့် ဟမ်ဘာဂါတစ်လုံး လာချပေးပါသည်။

"ကျွန်တော် အိမ်ကစားလာခဲ့ပြီးပါပြီ မမ"

"စားလာပြီးလည်း ထပ်စားလို့ရပါတယ်... မင်းစားနေတုန်း မမ အဝတ်လဲလိုက်ဦးမယ်"

"မမ အပြင်သွားမလို့ ဟုတ်လား"

'နေမင်း' တအံ့တဩအမေး မမက ပြုံးလိုက်ပါသည်။

"မမ နေကောင်းသွားပြီပဲ 'မောင်နေမင်း' ရယ်... အိမ်မှာ ဘာလို့အလကား နေရမှာလဲ... Don't worry"

ပြောရင်း မမက သူ့ရေ့ကလျှောက်ကာ ထွက်သွားပါသည်။

အိမ်နေရင်း မျက်မှန်မပါ၊ ဆံပင်ကိုချည်နှောင်မထားတဲ့ မမရဲ့ဟန်က အပျိုစင် ကောင်မလေးတစ်ယောက်ရဲ့ ဟန်ပန်စတိုင်လ်မျိုးပါ။

အလုပ်မှာသာ မျက်နှာကြီးကိုတင်းကာ ဟန်လုပ်ပြောဆိုပေမယ့် အလုပ်ခွင်ပြင်ပမှာတော့ မမသည် သာမန်မိန်းကလေးတစ်ယောက်ရဲ့ အပြုအမူအတိုင်းပါ။

ဒီလို မိန်းကလေးတစ်ယောက်ကို အိမ်ထောင်ကျဘူးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဟု 'နေမင်း' ဘယ်လိုခံယူချက်နဲ့ ယုံကြည်လို့ရမှာလဲ။

ခဏလောက်နေတော့ မမ သူ့အခန်းထဲက ပြန်ထွက်လာခဲ့ပါသည်။

ယခုပုံစံကတော့ 'နေမင်း' အရင်မြင်နေကျ 'ဒေါ်ဦးဦးသာ' ရဲ့ ပုံစံဟန်ပင်။

'နေမင်း' အံ့ဩနေမှန်းသိတော့ မမက ပြုံးသည်။

"ဒီလိုမှ မဝတ်ရင် မစားရင် လူတွေက မရှိသေချင်ကြဘူး... စော်ကားချင်ကြတယ်"

ခင်ပွန်းသည်ဆုံးစ သူမအသက်အရွယ်က နှစ်ဆယ့်ခွန်၊ နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိပါသေးသည်။

နဂိုတည်းက သူမက ပုပုပြတ်ပြတ်ပါးပါး လျားလျားလေးဆိုတော့ ပိုငယ်နုနေရကာ အလုပ်ခွင်ထဲမှာ သူမစကားကို သိပ်အလေးမထားချင်ကြ။

ဒီကြားထဲ အရှမ်းကိုချမ်းသာသော သူဌေးကြီးတစ်ယောက်ရဲ့ မုဆိုးမလေးအဖြစ် သိုက်တူးချင်သော ယောကျ်ားသားတွေကလည်း သူမအပေါ်မှာ တစ်ပုံတစ်ပင်ပါ။

ဒါတွေကို ကျော်လွှားကာ သူမရဲ့ပုံစံ၊ သူမရဲ့ဟန်ပန်ကို မပြောင်းလွဲချင်ဘဲ ပြောင်းလွှဲခဲ့ရတာ ဖြစ်ပါသည်။

အလှအပကို မခုံမင်သူ အလှအပကို မကိုးကွယ်ချင်သူဘယ်သူ ရှိနိုင်မှာတဲ့လဲ။

ဒီလို မရှိခဲ့လို့သာ 'ဦးသစ်လွင်' လည်း သူမရဲ့ အလှကွန်ယက်မှာ တွယ်ငြိခဲ့တဲ့ ပိုးကောင်ငယ်လေး တစ်ကောင်ဖြစ်ခဲ့ရတာပေါ့။

နောက်ကြောင်းများကို သတိရကာ သူမမျက်နှာလေး ညှိုးအသွား 'နေမင်း' က စိုးရိမ်သလို လှမ်းပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ နေမကောင်းရင် မသွားပါနဲ့ဦးလား ... မမ ခိုင်းချင်တာ ရှိရင် ကျွန်တော့်ကို ခိုင်းလိုက်လေ"

"ဒီလောက်လေးများ 'မောင်နေမင်း' ရယ်... မမ နေကောင်းပါတယ်"

ပြောရင်း မမက အိတ်လွယ်ကာ အောက်ထပ်ကိုဆင်းဖို့ ပြင်နေပြီဆိုတော့ 'နေမင်း' လည်း မနေသာတော့ပါ။

မမထက် အရင်ဆင်းလာကာ ကားကိုထုတ်ပြီး ဆီ၊ ရေ၊ လေ ဝိုင် စစ်လိုက်ပါသည်။

ကားကို ရေပတ်ဝတ်နဲ့ သုတ်နေဆဲ မမက အနားရောက်လာကာ မေးလာသည်။

" 'မောင်နေမင်း' တို့ ဟိုမှာ နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် မမ"

"မပြေရင် မမတို့တိုက် နောက်ဖက်မှာ အခန်းပိုရှိတယ်... ပြောင်းလာနေလို့ရတယ်"

အမေ့ရဲ့ စရိုက်ဆိုးနဲ့ နေလို့ရမှာ မဟုတ်တာ ကြိုသိနေ၍ လည်း 'နေမင်း' အလိုက်သင့်ပဲ ပြောလိုက်ပါသည်။

"ဟိုမှာ 'လဝန်း' တို့ သားအဖလည်း ရှိနေတာဆိုတော့ အမေ့အတွက် အစစအဆင်ပြေပါတယ် မမ"

"အော် ဟုတ်သားပဲနော်"

မမက ပြောရင်း ကားထဲဝင်ထိုင်လိုက်ပါသည်။

သူမလို အသက်အရွယ်လည်းကြီးသော မိန်းမတစ်ယောက် ထက် 'လဝန်း' လို ငယ်ရွယ်ချောမောသော မိန်းကလေးတစ်ယောက် ကိုသာ 'မောင်နေမင်း' စိတ်ဝင်စားပါလိမ့်မည်။

သူမကတော့ ဒီကောင်လေးနဲ့ တွေ့မှ ဘာလို့များ စိတ်တွေ လှုပ်ရှား ပြောင်းလွဲလာခဲ့ရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလဲ မမ"

"ကုမ္ပဏီကိုပဲ မောင်းပါ"

ကားစီးလာရင်းမှ မှန်ထဲက မြင်နေရသော 'မောင်နေမင်း' ကို လှမ်းကြည့်လိုက်မိပါသည်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နဲ့ 'မောင်နေမင်း' ပုံစံက မွန်မွန်ရည်ရည်၊ ရိုးရိုးသားသားနဲ့ ကြိုးကြိုးစားစားပုံစံလေးပါ။

နှုတ်ခမ်းအလယ် ချိုင့်လေးထဲတွင် မှည့်လေးရှိနေသော ဒီကောင်လေးကို ကျွန်မရင်းနှီးစွာ မြင်ဖူးပါသည်။ ဘယ်မှာ မြင်ဖူးမှန်းက မမှတ်မိ။

'မောင်နေမင်း' လို ရိုးသားကြိုးစားသော ကောင်လေးတစ်ယောက်သာ ကျွန်မအနားမှာ ရှိလို့ကတော့ ကျွန်မအတွက် အစစအရာရာ စိတ်အေးရမည်ထင်ပါသည်။

ခုတော့ ကျွန်မ ဘယ်သူ့ကိုမှ စိတ်ချရသည်မထင်မိပါ။

ကုမ္ပဏီကိုအရောက် မန်နေဂျာ 'ဦးကျော်မြင့်' အံ့သြနေပါသည်။

" 'ဦးဦး' နေကောင်းသွားပြီလား... မနေ့က ဆေးရုံတက်ရလို့ဆို"

ကျွန်မ 'ဦးကျော်မြင့်' ကို ခပ်တည်တည်စိုက်ကြည့်လိုက်မိပါသည်။ ကျွန်မ ဆေးရုံတက်ရတာကို ဘယ်သူ့ကိုမှ မပြောမိပါ။

" 'ဦးကျော်မြင့်' ကို ဘယ်သူပြောလဲ"

"မနေ့ညက 'ဒေါ်အုံး' ဖုန်းဆက်တာ... ကျွန်တော်တောင် လာမေးမလို့"

"အလကား 'ဦးကျော်မြင့်' ရယ်... အားနာစရာ... ကျွန်မ ဘာမှမဖြစ်လို့သာ 'ဦးကျော်မြင့်' ဆီကို ဖုန်းမဆက်ဖြစ်တာပေါ့... ကျွန်မ တစ်ခုခုဖြစ်ရင် ကိုယ်တိုင်ဖုန်းဆက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး... 'ဒေါ်အုံး' ပြောတော့ ကျွန်တော်တောင် အ တော့်ကို စိုးရိမ်သွားတာ"

ကျွန်မ ပြုံးလိုက်မိပါသည်။ ကျွန်မသေလျှင် ကျွန်မပစ္စည်း တွေ 'ဒေါ်အုံး' ဘုံးချင်နေတာ ကျွန်မသိသည်။ ကျွန်မ မလိုလားဘဲ နဲ့ ကျွန်မပစ္စည်းတွေကို နှမ်းတစ်စေ့တောင် သူများ ကို မပေးချင်ပါ။

ကျွန်မလိုလားလို့ကတော့ ပစ္စည်းတင်မက ကျွန်မအသည်း နှလုံးကိုပါ အလကားယူမလား ကျွန်မက ပေးမယ့်လူစား။

ကျွန်မအခန်းထဲကိုအရောက် 'လဝန်း' က တအံ့တဩလေး ငေးကြည့်နေပါသည်။

"မမ နေကောင်းသွားပြီလား... 'နေမင်း' ပြောပြတော့ 'လဝန်း' စိတ်တွေပူလိုက်ရတာ"

"ကောင်းသွားပါပြီ 'လဝန်း' ရယ်"

ကျွန်မ ခုံမှာဝင်ထိုင်ရင်း နိုင်ငံခြားမှဝင်လာသော 'Fax' တွေ ကို ဖတ်သည်။ 'Talex' တွေကို ကြည့်သည်။

ဒီအလုပ်တွေကို ကျွန်မ အရင်တုန်းက မလုပ်တတ်ခဲ့ပါ။ 'ဦး သစ်လွင်' ၏ ကုမ္ပဏီတွင် ဝင်လုပ်ဖြစ်ရာမှ တဖြည်းဖြည်းတတ်ကျွမ်း လာတာ ဖြစ်ပါသည်။

ဟိုးအရင်တုန်းက ကျွန်မဘဝဆိုတာ သုညဘဝပါ။

ဒီသုညဘဝကိုမှ တစ်ဖြစ်အောင် ကြိုးစားရင်း ဒီလိုဘဝဖြစ် လာအောင် ကျွန်မ အများကြီး ဖြတ်သန်းခဲ့ရတာပါ။

တစ်ခါတစ်ခါတော့လည်း လူ့လောကကြီးကို စိတ်ပျက် သည်။ လူ့လောကကြီးထက် ယုတ်မာကောက်ကျစ်သော လူတွေ ကို ပိုမုန်းမိသည်။

လူတွေသာ ရိုးသားဖြောင့်မတ်ကြပြီး တော်တည့်မှန်ကန် သော လူတွေဖြစ်လာခဲ့လျှင် ကျွန်မဘဝလည်း ဒီလိုဖြစ်လာမည်



www.burmeseclassic.com

www.burmeseclassic.com



မထင်ပါ။

ကျွန်မရဲ့ မိဘတွေလည်း လူ့လောကကြီးထဲက စောစီးစွာ ထွက်ခွာသွားကြရမည်မထင်ပါ။

ခုတော့ ကျွန်မရဲ့ဘဝမှာ ကျွန်မတစ်ယောက်တည်း။

ဝမ်းနည်းအားငယ်စိတ်ဖြင့် မျက်ရည်အဝဲ ...

"မမ 'လဝန်း' ဘာလုပ်ပေးရမလဲ"

'လဝန်း' မျက်ဝန်းလေးက စိုးရိမ်စိတ်ဖြင့် ဝိုင်းစက်နေရလေသည်။

"ရတယ်... မမ ဘာမှ မဖြစ်ပါဘူး"

ကျွန်မ 'လဝန်း' ကို ပြောကာ အခန်းပြင်ကို ခပ်သွက်သွက် ထွက်လာခဲ့ပါသည်။

ဒီလိုအချိန်မှာ ကျွန်မအတွက် သွားစရာနေရာ တစ်နေရာပဲ ရှိပါသည်။

ဒီနေရာကို ကျွန်မပဲသိသည်။

ကျွန်မ ကုမ္ပဏီအပြင်ကို အရောက် 'မောင်နေမင်း' ကားက ကျွန်မရှေ့ကို လျှောကနဲ ထိုးဆိုက်လာပါသည်။

ကျွန်မ စမ်းချောင်းဘက်ရှိ မယ်သီလရင် ကျောင်းတစ်ကျောင်း၏ နာမည်ကို ရေရွတ်ပြလိုက်မိသည်။

ကားက လေးညို့မှ အပြစ်ခံရသော မြှားတံနှယ် စမ်းချောင်းဘက်ကို တရိပ်ထိုး မောင်းလာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၉

ကျွန်မကိုအတွေ့ ဆရာလေးက အံ့ဩနေသလို ကျွန်မ ကိုယ်တိုင်လည်း ဟန်မဆောင်နိုင်တော့ဘဲ ဆရာလေးကို ဦးချ ရင်း ရှိုက်ငိုလိုက်မိပါသည်။

"ဘာတွေ စိတ်ညစ်လာရပြန်တာလဲ 'ကမ္ဘာ' ရယ်... ဆရာ လေးကို ပြောပါအုံး"

"အဖေနဲ့ အမေတို့ကို သတိရလို့ ဆရာလေးဆီကို လာခဲ့ တာပါ"

"ကြာခဲ့ပြီပဲကွယ်... 'သေသောသူ ကြာရင်မေ့' တဲ့ မေ့နိုင်ရင် မေ့ပစ်လိုက်ပါတော့"

ဆရာလေးကသာ ကြာခဲ့ပြီဆိုပေမယ့် 'ကမ္ဘာ' ရင်မှာ တော့ တစ်နေ့ကလိုပဲ ခံစားနေရဆဲပါ။

"ဘာလိုလိုနဲ့ ညီမလေးဆုံးတာတောင် ဆယ့်နှစ်နှစ်ကြာခဲ့ ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ကြီးနှင်းမှုံ' ဟု သိထားသော 'ဆရာကြီးနန္ဒာမောသော' က အမေ့ရဲ့ အစ်မအရင်းပါ။

ဒီကမ္ဘာလောကမှာ ကျွန်မရဲ့ သွေးသားရင်းချာ အားကိုးစရာ ဆွေမျိုးဆိုလို့ ဒီဆရာကြီးတစ်ယောက်ပဲ ရှိပါသည်။

အမေဆုံးတုန်းက ဒေါ်ကြီးပခုက္ကူမှာ မရှိပါ။ ရန်ကုန်မှာ ရောက်နေတာဖြစ်ပါသည်။

မန္တလေးကပြန်လာပြီးတည်းက ဘာစကားတစ်လုံးမှမပြော တော့သော အမေသည် တစ်ပါတ်အတွင်း ယူပစ်သလို ပိန်ခြုံးကျ သွားကာ တစ်လအတွင်း အံ့သြဖွယ်ရာ ဆုံးပါးသွားခဲ့လေသည်။

ဆယ်တန်းအောင်ပြီးစ မန္တလေးတက္ကသိုလ်တက်ဖို့ အားခဲ နေမိသော 'ကမ္ဘာ' ရဲ့ ဘဝလေး ပြိုပျက်ခဲ့ရပါသည်။

အမေ မန္တလေးကို မဆင်းခင် 'ကမ္ဘာ' ကို အားတက်စရာ စကားတွေ ပြောခဲ့ပါသေးသည်။

" 'မမင်းမှုံ' ဘယ်လောက် မိုက်ရိုင်း မိုက်ရိုင်း 'မောင်ထွန်း ရှင်' လေးကတော့ အမေတို့အပေါ် ဒီလောက် မမိုက်ရိုင်းဘူးလို့ အမေ ထင်ပါတယ် သမီးရယ်... သမီးသာ မန္တလေးတက္ကသိုလ် သွားတက်ဖို့ လုလုလေး ပြင်ထား"

ထိုအချိန်က 'ကမ္ဘာ' တို့ တစ်ရွာလုံးမှာ ထူးထူးခြားခြား ဆယ်တန်းအောင်တာဆိုလို့ 'ကမ္ဘာ' တစ်ယောက်ပဲ ရှိပါသည်။

အမေက အဖေမဲ့သော သမီးလေးကို အားပေးစကားတွေနှင့် နှစ်သိမ့်ခဲ့ပါသည်။

"သမီး ဆယ်တန်းအောင်တယ်ဆိုတာကိုသာ သမီးအဖေသိ ရင် ဘယ်လောက်များ ဝမ်းသာမလဲကွယ်"

အမေက အဖေ့ကို သတိရကာ မျက်ရည်ကျနေလေသည်။ 'ကမ္ဘာ' လည်း မျက်ရည်ကျမိတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဖေ 'ကမ္ဘာ' ကို ဘယ်လောက်ချစ်တယ်ဆိုတာ 'ကမ္ဘာ' သိထားသည်လေ။

ဒီလောက် မြို့နဲ့ဝေးသော တောရွာလေးမှာတောင် 'ကမ္ဘာ' သည် ပြည့်စုံစွာ ကြီးပြင်းလာခဲ့ရသော ကလေးတစ်ယောက်ပါ။

အဖေသည် သူကြိုးစားရှာဖွေ၍ ရသမျှ ငွေလေးတွေထဲကမှ 'ကမ္ဘာ' အတွက် လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးသော ဖခင်ကောင်းတစ်ယောက် ဖြစ်ခဲ့ပါသည်။

အဖေ နောက်ဆုံးအကြိမ် ကျောက်သွားတူးတုန်းက 'ကမ္ဘာ' လေးတန်းတက်နေပါပြီ။

အဖေက ဖါးကန့်သွားကာနီး 'ကမ္ဘာ' ကို ပွေ့ချီကာ တီးတိုးမေးသည်။

"အဖေပြန်လာရင် သမီးအတွက် ဘာဝယ်ခဲ့ရမလဲ"

"စာအုပ်နဲ့ ခဲတံ"

"ဒါပဲလား သမီးရဲ့... ရွှေဆွဲကြိုးတို့ လက်ကောက်တို့ မလိုချင်ဘူးလား"

"ဟင့်အင်း... သမီး စာပဲရေးချင်တာ"

"အင်း... အဖေ့သမီးက ကြီးလာရင် ပညာတတ်ကြီးဖြစ်လာမှာ သေချာတယ်... အဖေ အမြန်ဆုံး ပြန်လာခဲ့မယ်နော် သမီး 'သင်းထုံ' သမီးကို ဂရုစိုက်ပါကွာ"

"အင်းပါ... 'ကိုဘချစ်' ရယ်... သွားမှာသာ သွားစမ်းပါတော်"

ခါတိုင်း လေးငါးခြောက်လကြာမှပြန်လာတတ်သော အဖေသည် သည်တစ်ခါတော့ နှစ်လ သုံးလကြာရုံနှင့် ပြန်လာကာ အမေနှင့် ဘာတွေ တီးတိုး တိုင်ပင်နေသည် မသိပါ။ ပြီးတော့ 'ကမ္ဘာ' ကို လိုက်လံတုန်ရှိနေသော လေသံဖြင့် ... မေးပြောလိုက်ပါ

www.burmeseclassic.com


သေး သည်။

"ဒါ ငါတို့ သမီးလေးရဲ့ ကံပဲ"

"ဒီကိစ္စ ဘယ်သူသိသေးလဲ"

"ဘယ်သူမှ မသိဘူး... မင်းဝမ်းသာအောင် ငါဒီကို ပြေးလာခဲ့တာ"

အဖေ့ပုံစံက အရမ်းကို စိတ်လှုပ်ရှားနေပုံရကာ အရမ်းကိုလည်း ပျော်မြူးနေပုံပါ။ ဧကန္တ အဖေ ကျောက်အောင်လာပြီထင်ပါရဲ့။ ကျောက်အောင်လာတာ မဟုတ်ဘူးဆိုလည်း ကျောက်တွေ့ပါလာတာပဲ ဖြစ်ရပါမည်။

"ဒီကိစ္စ ဘယ်သူသိသေးလဲ"

အမေက အဖေ့ကို တီးတိုးမေးနေသံကြားရပါသည်။

"ဘယ်သူမှ မသိဘူး... ငါ့ဖာသာ အမှတ်အသားလုပ်ပြီး မင်းဆီကို အမြန်ထွက်လာခဲ့တာ"

"ဒါဆို 'မောင်ထွန်းရှင်' ကော"

"သူ့ကိုလည်း ငါ နေမကောင်းချင်လို့ အိမ်ခဏပြန်မယ် ပြောပြီး အမြန်ပြန်လာခဲ့တာ"

အဖေ အမေ့ကို တီးတိုးပြောနေဆဲ 'ဒေါ်လေးမင်းမှူ' ရောက်လာခဲ့ပါသည်။

" 'အစ်ကိုဘချစ်' ပြန်လာတယ် ကြားလို့ သတင်းလာမေးတာ 'ကမ္ဘာ'... ညည်း အမေကော"

"အိမ်ထဲမှာ"

ကျွန်မ 'ဒေါ်လေးမင်းမှူ' ကို ခပ်တည်တည်စိုက်ကြည့်ကာ ဖြေလိုက်မိပါသည်။

အိမ်နီးချင်းမို့လို့သာ အဖေတို့ ဆက်ဆံနေ၍ ဆက်ဆံနေရသော်လည်း ကျွန်မ 'ဒေါ်လေးမင်းမှူ' ကို လုံးဝကြည့်ရသူ မဟုတ်


www.burmeseclassic.com

www.burmeseclassic.com



ပါ။

ယောကျ်ား ငယ်ငယ်ချောချောသာ ယူထားသော်လည်း 'ဒေါ်လေးမင်းမှူ' သည် 'ဦးလေးထွန်း' ကိုကြင်နာယုယသူ မဟုတ်ပါ။

အလိုရမ္မက်ကြီးပြီး ပိုက်ဆံပဲ အရမ်းချမ်းသာချင်ကာ 'ဦးလေးထွန်း' ကို နိုင်စားလွန်းသူ တစ်ယောက်ဖြစ်ပါသည်။

အဖေ ဖါးကန့်က ပြန်လာလျှင် အဖေပင်ပန်းလာတာကို အမေကသိ၍ ပြုစုယုယသော်လည်း 'ဦးလေးထွန်း' မှာတော့ ပင်ပန်းလာရတဲ့ထဲ 'ဒေါ်လေးမင်းမှူ' ကို ပြန်လည်ပြုစု ယုယပေးရသူပါ။

အဖေက မကျေနပ်၍ ပြောလျှင် 'ဦးလေးထွန်း' က ကျွန်တော့်ကုသိုလ်ကံပေါ့ အစ်ကိုကြီးရာ ဟု ပြန်ပြောတတ်ပါသည်။

'ဦးလေးထွန်း' ဖါးကန့်သွားနေတဲ့ တစ်လျှောက်လုံးလည်း အိမ်မှာမနေဘဲ ရွာရိုးကိုးပေါက်လျှောက်လည်နေတတ်သူမို့ ကျွန်မ 'ဒေါ်လေးမင်းမှူ' ကို မခင်ချင်ပါ။

"အမေ... ဒီမှာ 'ဒေါ်လေးမင်းမှူ' လာတယ်"

ကျွန်မ အိမ်ထဲကို လှမ်းအော်ကာ အိမ်အပြင်ကို ထွက်လာခဲ့ပါသည်။ အိမ်ရှေ့က ကွပ်ပစ်မှာထိုင်နေသော်လည်း အိမ်တွင်းက စကားသံတွေကိုတော့ ကြားနေရပါသည်။

"အစ်မ.. အစ်ကိုကော... အစ်ကိုပြန်လာတယ်ကြားလို့ လာမေးတာ"

"ဟုတ်တယ် 'မင်းမှူ' ... ညည်းအစ်ကို နေမကောင်းချင်တာနဲ့ ငှက်ဖျားထမှာကြောက်ပြီး ပြန်လာခဲ့တာ"

"ဒါဆို 'ထွန်းရှင်' ကော အစ်မ"

"သူ ဟိုမှာပဲ ကျန်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်လေးမင်းမှူ' က နေရာကမထသေးဘဲ ပေထိုင်နေပြီးမှ—

"သူ ကျွန်မအတွက် ဘာမှာလိုက်သေးလဲ အစ်မ"

'ဒေါ်လေးမင်းမှူ' က 'ဦးလေးထွန်း' ဆီက ပိုက်ဆံပါလာမလားသိချင်နေပုံပင် ...

"ဘာမှ မမှာလိုက်ဘူး... ညည်း အစ်ကိုကလည်း ရုတ်တရက် ပြန်လာတာဆိုတော့ မှာချိန်လည်း မရလိုက်လို့ ဖြစ်မှာပါ"

'ဒေါ်လေးမင်းမှူ' က မကျေမနပ်ပုံစံဖြင့် အိမ်ပြန်သွားတာကို တွေ့လိုက်ရပါသည်။

ကျွန်မ ကျေနပ်စွာ အိမ်ထဲပြန်ဝင်လာကာ အမေ့ကို လှမ်းပြောလိုက်မိပါသည်။

"ဒီမိန်းမကြီးကလည်း ကိုယ့်ယောကျ်ား နေကောင်းလား... မကောင်းလား မေးဖို့ထက် သူ ပိုက်ဆံလိုချင်တာကိုပဲ သိတတ်တယ်... အလကား မိန်းမကြီး"

"သမီးကလည်း လူကြီးကို ဒီလို မပြောရဘူးလေ"

" 'ဦးလေးထွန်း' ကို သမီးခင်ပါတယ်... သူ့ကိုတော့ ကြည့်လို့ကို မရဘူး"

အသားက မဲရတဲ့အထဲ နှုတ်ခမ်းနီရဲရဲနဲ့ အိမ်တကာလည်နေသော မိန်းမကြီးတစ်ယောက်အဖြစ် ကျွန်မ 'ဒေါ်လေးမင်းမှူ' ကို မုန်းတီးမိပါသည်။

ထို မုန်းတီးမိတာက 'ဦးလေးထွန်း' ကို နိုင်စားချင်သော သူမရဲ့ အကျင့်စိတ်ဓါတ်ကြောင့်ပါ။

ကျွန်မ မကြည်မှန်းသိ၍ အမေက ကျွန်မကို ဆုံးမပါသည်။

"အိမ်နီးနားချင်းဆိုတာ ဒီလိုပေါ့ သမီးရယ်... သူ့ကို ခင်ခင်ရင်တောင် 'မောင်ထွန်းရှင်လေး' မျက်နှာက ရှိသေးတယ် မမေ့တတ်လား"



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်လေးမင်းမှုံ' က ဆိုးသလောက် 'ဦးလေးထွန်း' ကတော့ စိတ်သဘောထား ကောင်းရှာပါသည်။

အဖေ့ကိုလည်း အစ်ကိုရင်းတစ်ယောက်လို အားကိုးကာ အမေ့ကိုလည်း အစ်မတစ်ယောက်လို ရိုသေပါသည်။

"ကျွန်တော် အစ်ကိုနဲ့ သွားနေတုန်း 'မမှုံ' ကို ဆုံးမစရာ ရှိတာကို ဆုံးမပါနော် အစ်မ"

'ဒေါ်လေးမင်းမှုံ' က 'ဦးလေးထွန်း' ထက် သုံးနှစ်နီးပါး ကြီးတာကြောင့် 'ဦးလေးထွန်း' က 'မမှုံ' ဟု ခေါ်ပါသည်။

'ဒေါ်လေးမင်းမှုံ' က သူမစိတ်လိုလက်ရရှိလျှင် 'အထွန်း' ဟု ခေါ်တတ်ပြီး သူမ စိတ်မလိုလျှင် မလိုသလို 'ထွန်းရှင်' ဟု ခေါ်တတ်တာ များပါသည်။

" 'ထွန်းရှင်' တို့များ သူများယောက်ျားပြန်လာတာတောင် ပိုက်ဆံပေးလိုက်ဖို့ သတိမရဘူး... ဘယ်အလေလျှောက်လိုက်နေ သလဲကို မသိဘူး... လာမှ သိမယ်"

'ဒေါ်လေးမင်းမှုံ' ကြိမ်းဝါးပြီး မကြာခင် 'ဦးလေးထွန်း' ပြန် ရောက်လာပါသည်။

မောပန်းတကြီး ရောက်လာသော လင်ယောက်ျားကို 'ဒေါ် လေးမင်းမှုံ' က ဆီးကြိုပုံက ချိုသာလှပါသည်။

"ဟဲ့ 'ထွန်းရှင်' နင် ဘယ်တွေ အလေလျှောက်လိုက်နေတာ လဲ... ဒီမှာ 'အစ်ကိုဘချစ်' ပြန်ရောက်လာလို့ ငါ နင့်ဆီက ပိုက်ဆံ ပါလာသလား သွားမေးနေတာ"

" 'မမှုံ' ကလည်း ငါတို့က တွင်းထဲမှာနေတာ... အစ်ကို သာ တောထဲထင်းသွားခုတ်ရင်း အိမ်ပြန်သွားလို့ ဘာမြဲသဲ စိုးရိမ်ပြီး ငါအမြန်လိုက်ချလာခဲ့တာ"

"ဒါဆို ရှင် ကျုပ်အတွက်ပိုက်ဆံ ပါမလာခဲ့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သွားတာမှ နှစ်လပဲ ရှိသေးတယ်... ဘယ်လိုလုပ် ပါသွားနိုင်မှာလဲ"

"အို... မသိဘူးရှင်... ကျုပ်က ရှင်ပြန်လာရင် ပါလာမယ် မှတ်ပြီး အကြွေးတွေယူထားတာ မွနေတာပဲ... ခု ဘယ်နှယ့်လုပ်မလဲ"

"ငါ မသွားခင်ကလည်း မင်းကို ပေးခဲ့သေးတာပဲကွာ... လောက်ငအောက် သုံးမှပေါ့"

"အောင်မလေး... ပေးတာ ပိုစိကွေး ဖြုတ်ကောင်လေးလောက် ကို ဆင်ခေါင်းလောက် ချဲ့ပြောနေလိုက်တာ... ရှင်ပေးတဲ့ပိုက်ဆံ ကျုပ်က တစ်ရက်စာပဲရှိတာ"

"အဲဒါဆို ငါလည်း မရှာတတ်တော့ဘူး... မင်းဖာသာ မင်း ထွက်ရှာတော့"

"သေနာ... နင်ကများ ငါ့ကို ပြန်ပြောရတယ်လို့... သွား အိမ်က အခုဆင်းသွား"

'ဒေါ်လေးမင်းမှုံ' အော်ဟစ်သံကြားပြီး မကြာခင် 'ဦးလေး ထွန်း' ကျွန်မတို့ အိမ်ဘက်ကို ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၂၀

"လာ 'မောင်ထွန်းရှင်' "

အမေက ဆီးကြိုကာ အဖေလည်း အိမ်ရှေ့ကို ထွက်လာခဲ့ပါသည်။

"အစ်ကို ရတ်တရက် ပြန်သွားတော့ ကျွန်တော် အရမ်းစိတ်ပူတာပဲ... ဒါကြောင့် လိုက်လာခဲ့တာ... နေကောင်းရဲ့လား အစ်ကို"

"ကောင်းပါတယ်ကွာ... ငှက်ဖျားပြန်ထချင်တာနဲ့ အိမ်ကို အမြန်ပြန်လာခဲ့တာ"

ပြီးခဲ့တဲ့နှစ် အဖေဖါးကန့်ကို သွားချိန်က ငှက်ဖျားမိတာကြောင့် အဖေ့ကို မနည်းကြီး ဆေးကုထားခဲ့ရတာပါ။

"မင်း ထမင်းစားခဲ့ပြီးပြီလား"

"ခုပဲ ပြန်ရောက်တာဆိုတော့ ဘယ်စားခဲ့ရမှာလဲ အစ်ကိုရာ— 'မမှုံ' ကလည်း ပိုက်ဆံပါမလာရင် အစ်ကိုသိတဲ့အတိုင်း ပူညံပူညံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဆိုတော့ အိမ်တောင် မပြန်ချင်ဘူး"

"ဒါဆို ဒီမှာပဲ ထမင်းစားသွားပါကွာ... 'သင်းထုံ' မင်းမောင်အတွက်ပါ ထည့်လိုက်ပါ"

"အတော်ပဲ အစ်မတို့အိမ်မှာ ဒီနေ့ကြက်သားနဲ့ ဘူးသီးကို ဟာလသားဟင်းချက်တယ်... သရက်ချဉ်တို့စရာနဲ့ ငပိရည်ကို နှယ်ဖျော်ထားတယ်... 'ကမ္ဘာ' နှင့် ဦးလေးကို ဖျာခင်းပေးလေ"

ကျွန်မ အိမ်စာလုပ်နေရာမှထကာ 'ဦးလေးထွန်း' အတွက် ဖျာခင်းပေးလိုက်ပါသည်။

'ဦးလေးထွန်း' က ကျွန်မခေါင်းကို ပုတ်ရင်း ချစ်ခင်စွာ ပြောပါသည်။

" 'ကမ္ဘာလေး' က အရမ်းလိမ္မာတာပဲ... ကြီးလာရင်လည်း အရမ်းချောမှာပဲ... ဒီတစ်ခါ ပြန်လာရင် 'ဦးလေးထွန်း' 'ကမ္ဘာ' အတွက် ကျောက်စိမ်းလက်ကောက်လေးတစ်ကွင်း ဝယ်လာခဲ့ပေးမယ်"

" 'ကမ္ဘာ' မှာ ရှိပါတယ် 'ဦးလေးထွန်း' ရဲ့... အဖေဝယ်လာပေးတာလေ"

"ဒါဆို ဆွဲသီးလေး ဝယ်လာခဲ့ပေးမယ်"

"ပေါလို့လား 'ဦးလေးထွန်း' ရဲ့"

"ကျောက်စိမ်းထွက်တဲ့နေရာပဲ 'ကမ္ဘာ' ရယ်... ပေါတာပေါ့"

ထိုနေ့က မိုးချုပ်မှ 'ဦးလေးထွန်း' သူ့အိမ်ဘက်ကို ကူးသွားပါသည်။

'ဦးလေးထွန်း' ထွက်သွားသည်နှင့် အဖေက အမေ့ကို တိုင်ပင်ပါသည်။

" 'မောင်ထွန်းရှင်လေး' က ရိုးသားတယ်... ငါတွေ့ခဲ့တဲ့ နေရာတွေကို ပြောပြရင် ကောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား 'ကိုဘချစ်' ရယ်... သူ့မိန်းမက ရိုးသားတာ မဟုတ်ဘူး... တော်ကြာ ကျုပ်တို့အပေါ် အကောက်ကြံသွားရင် ဘယ်လိုလုပ်မလဲ"

" 'သင်းထုံ' ကလည်းကွာ... 'ထွန်းရှင်' ဒီလောက် အမယ် မထင်ပါဘူး... ဒီကျောက်စိမ်းက ငါတွေ့ခဲ့တဲ့ ဥစ္စာပဲ"

ညဖက်တွင် အဖေသည် 'ဦးလေးထွန်း' ကိုခေါ်ကာ တွေ့ခဲ့သည့် ကျောက်စိမ်းကြော နေရာမှတ်သားလာခဲ့သော မြေပုံနေရာကို ထုတ်ပြလေသည်။

'ဦးလေးထွန်း' က အံ့ဩသော မျက်နှာဖြင့် ...

"ဒါကြောင့် အစ်ကို ပြန်လာတာလား"

"အေး... ငါ ဒီမှာ စီစဉ်စရာရှိတာ စီစဉ်ပြီးမှ ပြန်သွားမလို့ အခု မင်းရောက်လာလို့ မင်းကို ဖွင့်ပြောပြတာ... ဘယ်သူ့ကိုမှ ပြောပြလို့တော့ မဖြစ်ဘူးနော် 'ထွန်းရှင်' "

"စိတ်ချပါ အစ်ကို... အစ်ကို ဒီကနေ ဘယ်တော့ပြန်ထွက် မလဲ"

"လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်ရအုံးမှာဆိုတော့ တစ်ပါတ်လော ကြာအုံးမှာပေါ့... မင်းအတွက်လည်း အစ်ကို ထိုက်ထိုက်တန်တန် ပေးမှာပါ"

"ရပါတယ် အစ်ကိုရာ"

"မင်းကရပေမယ့် မင်းမိန်းမက ရမှာ မဟုတ်ဘူးဆိုတာ ငါ လည်း သိရက်နဲ့"

ထိုစကားကို နားထောင်ကာ 'ထွန်းရှင်' ရှက်ရယ် ရယ်ပေ ပေမယ့် 'ထွန်းရှင်' ကို လာခေါ်ရင်း မှောင်ထဲတွင် တိတ်တိတ် လေး ရပ်နားထောင်နေမိတဲ့ 'မမင်းမှူ' ရဲ့ ရင်ထဲမှာတော့ သွေး နှန်းတွေ တဒိတ်ဒိတ်နှင့် ခုန်နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း... ဒါကြောင့် အစ်ကို 'ဘချစ်' စောစီးစွာ ပြန်လာခဲ့တာကိုး။

အစ်ကို 'ဘချစ်' ခေါ်မှသာ 'ထွန်းရှင်' လိုက်သွားရလျှင် အစ်ကို'ဘချစ်' ပေးတဲ့ ဝေစုလောက်ပဲ ရမှာ သေချာသည်။ အဲဒီလောက်လေးနဲ့ 'မင်းမှူး' မကျေနပ်နိုင်ပါဘူး။

ရမယ့်ရ 'မင်းမှူး' အားလုံးပဲ ရချင်သည်။

ထိုနေ့ည 'ထွန်းရှင်' အိမ်ကို ပြန်မရောက်ခင် 'မမင်းမှူး' အရင်ပြန်လာကာ ဘယ်လိုစီစဉ်ရမလဲ စဉ်းစားနေမိပါသည်။

စစ်ကိုင်းဘက်မှာ 'မမင်းမှူး' မောင်ဝမ်းကွဲတွေ အများကြီး ရှိသည်။

အစ်ကို 'ဘချစ်' ဒီက မထွက်ခင် နှစ်ရက်လောက်ကြိုကာ သူတို့ထွက်သွားလျှင် အစ်ကို 'ဘချစ်' ဘာလုပ်လို့ရမှာလဲ။

အရေးကြီးတာက အစ်ကို 'ဘချစ်' မှတ်သားထားခဲ့တဲ့ နေရာကို သိဖို့ပဲ အရေးကြီးသည်။ ဒါကလည်း သိပ်ပူစရာမရှိပါ။

သူ့ယောကျ်ား 'ထွန်းရှင်' ကို 'အဘွန်း' ဟုခေါ်ကာ သူ အစ်မေးလိုက်လျှင် ထွက်လာမှာ သေချာပါသည်။

တစ်ရက်မရ နှစ်ရက်ပေါ့။ နှစ်ရက်မရလျှင် သုံးရက်ထိစောင့်ကာ ရအောင် သူမေးမည်။

ရပြီဆိုလျှင်တော့ 'မင်းမှူး' တို့ဘဝ ပြောင်းလဲမှာ သေချာသည်။

'မမင်းမှူး' အကြံဖြင့် မှေးနေဆဲ 'ထွန်းရှင်' ပြန်ရောက်လာသံကို ကြားလိုက်ရပါသည်။

မိဘမဲ့ 'ထွန်းရှင်' ကို 'မင်းမှူး' တို့အဖေက ခေါ်မွေးစားကာ ကျောင်းထားပေး၍ 'ထွန်းရှင်' ဆယ်တန်းထိအောင် ရောက်ခဲ့ပေမယ့် စာလည်းမကြိုးစား၊ အပျင်းလည်းကြီးသော 'မင်းမှူး' ကတော့

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်တန်းလောက်နဲ့ ကျောင်းထွက်ခဲ့တာ ဖြစ်ပါသည်။

ကိုယ့်အဖေက မွေးစားထားတဲ့ ကောင်လေးဆိုတော့ ငယ်ငယ်လေးထဲက 'မမင်းမှူ' နိုင်သည်။

ခုလည်း သူ့အနား ရောက်မလာသော ခင်ပွန်းသည်ကို လှမ်းခေါ်လိုက်သည်။

" 'အထွန်း' လာလေ... ဘာလုပ်နေတာလဲ... ခုနက 'မမှူ' တောင် အဲဒီကို လိုက်လာသေးတယ်... အစ်ကို 'ဘချစ်' နဲ့ 'အထွန်း' တို့ တိုးတိုး တိုးတိုးနဲ့ ဘာတွေ ပြောနေကြတာလဲ"

'ထွန်းရှင်' စိတ်ရှုပ်သွားမိပါသည်။ 'မမှူ' ကို ပြန်မပြောပါဘူးဟု သူ အစ်ကို 'ဘချစ်' ကို ဂတိပေးခဲ့မိသည်။

ခု 'မမှူ' က သူ့ကို ခေါ်နေလေပြီ။ သူဘယ်လို ညာရပါ့မလဲ။ စိတ်မောသလို 'မမှူ' နားကို အရောက်...

"ဒီတစ်ခေါက် အစ်ကို 'ဘချစ်' တစ်ယောက်တည်း ပြန်လာတာ ထူးဆန်းသလား အောင်းမေ့နေမိတာ အဲ့ဒါကြောင့်ကိုး"

"မင်းကို ဘယ်သူဘာပြောလို့လဲ"

"ဘယ်သူမှ မပြောဘူး... ကျုပ်ဖါသာကျုပ် ကြားလာခဲ့တာ"

'ထွန်းရှင်' စိတ်ညစ်သွားမိပါသည်။ 'မမှူ' သာသိရင် လွယ်မည်မထင်တော့ပါ။

"အစ်ကို 'ဘချစ်' မှတ်လာတဲ့ မြေပုံကို ရှင်မှတ်မိတယ်မဟုတ်လား..."

"အဲ့ဒါနဲ့ ငါတို့နဲ့ ဘာဆိုင်လို့လဲကွာ... အစ်ကို 'ဘချစ်' တွေ့လာခဲ့တာ အစ်ကို 'ဘချစ်' ပစ္စည်းပေါ့"

"သူ့လက်ထဲ ရောက်သေးတာမှ မဟုတ်တာ... ရှင်နဲ့မပတ်သက်ရပါဘူး... ကျုပ်ဖါသာကျုပ် စီစဉ်ပါ့မယ်... ကျုပ်ကို အဲ့ဒီမြေပုံလေးသာ ဆွဲပေး"



www.burmeseclassic.com

www.burmeseclassic.com



" 'မမှုံ' ကလည်းကွာ… အဲဒီလို မလုပ်ချင်ပါဘူး… အစ်ကို 'ဘချစ်' က ငါတို့ကို ဝေစုခွဲပေးမယ်လို့ ပြောပြီးပြီပဲ… တော်ရောပေါ့"

"အောင်မယ်လေး တော် ဒီလောက် သစ္စာတရားကြီးမားနေတာ လူ့လောကမှာ ရှင်မနေနဲ့တော့… ဘုန်းကြီးသွားဝတ်လိုက်ပါလား… ရှင့်ကို ကျုပ်အဖေ မွေးစားပြီးကျောင်းထားပေးခဲ့တဲ့ ကျေးဇူးလည်း ထောက်ပါအုံး"

"ထောက်ပါတယ် 'မမှုံ' ရာ… ဒါပေမယ့် အစ်ကို 'ဘချစ်' ကျေးဇူးလည်း ရှိသေးတယ်မဟုတ်လား… ဒီလုပ်ငန်းကိုလည်း အစ်ကို 'ဘချစ်' ပဲ ငါ့ကိုသွင်းပေးခဲ့တဲ့ ဥစ္စာ… ငါ သစ္စာမဖောက်ပါရစေနဲ့"

"မဖေါက်နဲ့… ရှင် ဒီလိုပဲနေ… ကျုပ်ကိုသာ အဲဒီမြေပုံဆွဲပေးလိုက်… ကျုပ်မောင်တွေကို ကျုပ်ခိုင်းလိုက်မယ်"

"မဖြစ်ပါဘူး 'မမှုံ' ရယ်… ကျုပ် အစ်ကို 'ဘချစ်' နဲ့ အစ်မတို့ မျက်နှာကို ဘယ်လိုကြည့်ရမလဲ"

"ဘယ်လိုမှ ကြည့်စရာမလိုဘူး… ကျုပ် မနက်ဖြန် ဒီကထွက်သွားမယ်… နောက်တစ်ပတ်ဆို ရှင် လိုက်လာခဲ့လိုက်"

'ထွန်းရှင်' ဘယ်လိုပင်ငြင်းပေမယ့် ငယ်ကြောက်ဖြစ်နေသော 'မမှုံ' ကို အလျှော့ပေးရကာ အစ်ကို 'ဘချစ်' ပြောပြသောနေရာကို ပြောပြလိုက်မိပါတော့သည်။

နောက်တစ်နေ့တွင် 'မမှုံ' သူ့အမျိုးများရှိရာ စစ်ကိုင်းကိုအလည်သွားမည် အကြောင်းပြကာ ထွက်သွားပါတော့သည်။

အစ်ကို 'ဘချစ်' တို့မိသားစုက 'မမှုံ' အပေါ် လုံးဝ သံသယမဖြစ်ကြပါ။

'မမှုံ' မရှိ၍ 'ထွန်းရှင်' ကိုပင် ထမင်းခေါ်ကျွေး ထားကြပါ



www.burmeseclassic.com

www.burmeseclassic.com


သေးသည်။

အစ်ကို 'ဘချစ်' တို့ ထမင်းကိုစားရတိုင်း 'ထွန်းရှင်' ကိုယ့်ကိုယ်ကို မလုံပါ။

နောက်သုံးရက်အကြာ အစ်ကို 'ဘချစ်' နှင့် 'ထွန်းရှင်' တို့ ဖားကန့်ကို ထွက်လာခဲ့ကြပါသည်။

မသွားခင် 'ကမ္ဘာ' လေးက သူ့ကို လက်လှမ်းပြကာ ကျောက်စိမ်းလော်ကက်လေး ဝယ်ခဲ့ဘို့ မှာလိုက်ပါသေးသည်။

သူ 'ကမ္ဘာ' မျက်နှာလေးကို ငေးကြည့်ရင်း မလုံမလဲ သက်ပြင်းချလိုက်မိပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# ၂၁

ထိုနေ့က 'ဦးလေးထွန်း' ကို နောက်ဆုံးတွေ့ရတဲ့နေ့ ဖြစ်ကာ နောက်တစ်ခါ ပြန်တွေ့ရတဲ့အခါမှာတော့ 'ကမ္ဘာ' ရန်ကုန်ကို ရောက်နေပါပြီ။

'ဦးလေးထွန်း' နဲ့ ထွက်သွားပြီး တစ်ပါတ်အကြာတွင် အဖေ ပြန်ရောက်လာကာ ဘာစကားတစ်လုံးမှကို မပြောနိုင်တော့ပါ။

'ကုန်ပြီ' ဟုသာ အမေ့ကို စကားနှစ်လုံးပဲ ပြောကာ အဖေ ဇက်ကျိုးကျသွားခဲ့ပါသည်။

အဖေ မှတ်ထားတဲ့နေရာကို လူသိသွားကာ အားလုံးတူးဆွ ခုတ်ထစ်ယူသွားခဲ့ကြတာ တစ်တောလုံးကို မွနေတာပဲတဲ့။

'ဦးလေးထွန်း' ပြန်ပြောခဲ့တာ ဖြစ်ပါသည်။ အဖွားက အမေ့ကို တရားနဲ့ဖြေဖို့ ပြောပေမယ့် အမေ မဖြေနိုင်သလို 'ကမ္ဘာ' လည်း မဖြေနိုင်ပါ။


www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလူတွေ သိသွားအောင် ပေါက်ကြားသွားတယ်ဆိုတာ ဘယ်သူ့ဆီက ပေါက်ကြားနိုင်မလဲ။ အတွင်းသိကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်တာကြောင့် 'ဒေါ်လေးမင်းမှူ' ကို အမေကအမေး သူ့အမျိုးတွေရှိရာ စစ်ကိုင်းမှာဟုသိရ၍ အမေလိုက်သွားတော့ 'ဒေါ်လေးမင်းမှူ' ကို စစ်ကိုင်းမှာ မတွေ့ရပါ။

'ဒေါ်လေးမင်းမှူ' တင်မက 'ဒေါ်လေးမင်းမှူ' ရဲ့ အမျိုးများအားလုံး မန္တလေးကို ပြောင်းသွားသည်ဟု သတင်းကြားရပါသည်။

အဖွားက အမေ့ကို တရားချသည်။

"ကိုယ်နဲ့မထိုက်လို့ ကိုယ်မရတာဘဲသမီးရယ်… ဘာမှ လျှောက်လိုက်မနေပါနဲ့တော့… 'မောင်ဘချစ်' မရှိတော့လည်း အမေတို့ ဒီလိုပဲ ရှာကြံစားရတော့မှာပေါ့"

အဖေရှိစဉ်က သာယာလှပခဲ့သော 'ကမ္ဘာ' ရဲ့ ဘဝလေးဟာ အဖေမရှိတော့ စိုပြည်ခြင်း ကင်းမဲ့ကာ 'ကမ္ဘာ' ရင်မှာ ဟာနေပါသည်။

စိတ်ထဲမှာတော့ အဖေ ရုတ်တရက် ပြန်လာပြီး နောက်တစ်ရက် 'ဒေါ်လေးမင်းမှူ' ပျောက်သွားတာကို သတိရနေမိပါသည်။

အဖေ့ပစ္စည်းတွေကို 'ဒေါ်လေးမင်းမှူ' နဲ့ သူ့အမျိုးတသိုက် လုယက်ယူငင် သွားကြတာ မဖြစ်နိုင်ဘူးလား။

ဒီလို လုယက်ယူငင်ဖို့ အဖေ့ပစ္စည်းမှတ်သားထားရာ နေရာကို သိသူက 'ဦးလေးထွန်း' ပဲရှိကာ 'ဦးလေးထွန်း' သစ္စာမဖောက်လျှင် ဘယ်သူဖေါက်မလဲ။

အဖေဆုံးပြီးနောက်ပိုင်း အမေက အိမ်ဆိုင်လေးဖွင့်ကာ 'ကမ္ဘာ' ကို ကျောင်းဆက်ထားခဲ့ပါသည်။

"စာကြိုးစား သမီး… သမီးကို သမီးအဖေက ပညာတတ်ကြီး သိပ်ဖြစ်စေချင်ခဲ့တာ"

www.burmeseclassic.com



အဖေ့ကို သတိရတိုင်း စာကိုပဲ ဖိကျက်နေမိ၍ 'ကမ္ဘာ' ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်ခဲ့ပါသည်။

ထိုအချိန် 'ကမ္ဘာ' တို့ဆီကို 'ဦးလေးထွန်း' တို့နဲ့ ပတ်သက်တဲ့ သတင်း သယ်လာသူက အိမ်နားက 'ဒေါ်ကြီးကြာငုံ' ပါ။

" 'သင်းထုံ' တို့ သိပြီးပြီလား... 'မောင်ထွန်းရှင်' တို့ 'မမင်းမှုံ' တို့လင်မယားလေ မန္တလေးမှာ အကြီးအကျယ် ချမ်းသာနေတယ်ဆိုပါလား... 'မမင်းမှုံ' ကလည်း သားလေးတစ်ယောက် ရနေပြီ..."

ကျွန်မတို့ ရွာကထွက်သွားတုန်းက 'ဒေါ်လေးမင်းမှုံ' မှာ ကလေးမရှိသေးပါ။

"ကောင်လေးက ချစ်စရာလေးအေ... ကျုပ်ကလည်း ကျုပ်တို့ရွာမှာတုံးကလို မှတ်လို့ လိုက်ခေါ်တာ မယ်မင်းကြီးမက ကျုပ်ကို မသိသလို လုပ်သွားတယ်"

"ညည်း ဥစ္စာ 'မင်းမှုံ' မှ ဟုတ်ပါရဲ့လား"

အဖွား အပြောကို 'ဒေါ်ကြီးကြာငုံ' က မဲ့ကာ ရွဲ့ကာ ပြန်ဖြေသည်။

"အဒေါ်ကလည်း ဒီကောင်မရုပ် ကျုပ်မမှတ်မိပဲ နေပါ့မလား ကောင်မက ကြီးပွားနေတော့ အသားတွေလည်း ဖြူပြီး ရွှေတွေလည်း ဝတ်ထားလိုက်တာ ညွတ်နေတာပဲ"

"အစ်မ ပြောသလိုဆို သူတို့ မန္တလေးမှာ ရှိနေတာပေါ့"

"ရှိတယ်... ရှိတယ်... ကျောက်ပွဲစား 'မမှုံ' ဆို လူတိုင်းသိတယ် ပြောတယ်"

အမေ ခေါင်းငြိမ့်နေတာကို ကျွန်မတွေ့နေရပါသည်။ ကျွန်မ ကျောင်းမဖွင့်ခင် အဖွားမျက်စေ့ခွဲဖို့ ဖြစ်လာသည်။

အမေနဲ့ အဖွားသွားကာ ကျွန်မက ဆိုင်စောင့်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



မသွားခင် အမေက ကျွန်မကို တီးတိုးပြောပါသည်။

“သမီးအတွက် အမေသွားရမှာ”

ဒါပေမယ့် အမေလည်း အဖေ့နှယ်ပင် မန္တလေးမှ ပြန်ရောက်ပြီး မကြာခင် ဆုံးပါးသွားခဲ့ပါသည်။

အမေ့ရင်ထဲ ဘယ်လောက်ခံစားခဲ့ရလေမလဲ။

အမေဆုံးပြီး နှစ်နှစ်အကြာ အဖွားဖြစ်သူလည်း ဆုံးပါးသွားခဲ့ပါသည်။

အဖွားမဆုံးခင် အဖွား၏ သမီးကြီးဖြစ်သူ ကျွန်မ၏ ကြီးဒေါ် ရောက်လာခဲ့ပါသည်။ ရန်ကုန်မြို့၊ တောင်ဥက္ကလာပဘက်တွင်နေကာ ခင်ပွန်းဖြစ်သူက စက်ရုံတစ်ရုံတွင် ဂိုဒေါင်စောင့်လုပ်ကာ ကြီးဒေါ်က စက်ချုပ်ပါသည်။

သားတစ်ယောက်ရှိသော်လည်း မလိမ္မာ၍ လိမ္မာပြီး စာတော်သော ကျွန်မကို ရန်ကုန်ကို ခေါ်ပါသည်။

အဖွားမရှိတဲ့နောက် တွယ်ရာမယ့် ကျွန်မဘဝအတွက် အားကိုးစရာ ဒီကြီးဒေါ်ပဲ ရှိပါသည်။

ဒါပေမယ့် ကျွန်မမှာ အဖေနဲ့အမေ့အတွက် လုပ်ပေးစရာ ကျန်သေးတာမို့ ကြီးဒေါ် မပြန်ခင် ကျွန်မ ‘ဒေါ်လေးမင်းမှူး’ ကို သွားတွေ့ခဲ့ပါသည်။

အမေ အသေခင်ထဲက သူတို့လိပ်စာကို တောင်းထားပြီးသား ဆိုတော့ ကျွန်မအတွက် အခက်အခဲ မရှိလှပါ။

ကံအားလျော်စွာ ကျွန်မ ‘ဒေါ်လေးမင်းမှူး’ နဲ့ တန်းတွေ့ပါသည်။

ထိုအချိန် သူမက အပြင်ကိုသွားတော့မည့်အချိန် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၂

ကျွန်မကိုအတွေ့ 'ဒေါ်လေးမင်းမှုံ' က မမှတ်မိပါ။

စီးကရက်ကို လက်ကြားညှပ်ရင်းမှ မာမာထန်ထန် လှမ်းမေးပါသည်။

"ညည်း ဘယ်သူလဲ... ဘယ်သူလွှတ်လိုက်တာလဲ"

ကျွန်မပြုံးလိုက်ကာ 'ဒေါ်မင်းမှုံ' မျက်နှာကို စိုက်ကြည့်လိုက်ပါသည်။

"ကျွန်မ 'ကမ္ဘာ' ပါ... 'ဦးဘချစ်' နဲ့ 'ဒေါ်သင်းထုံ' လွှတ်လိုက်တာပါ"

"ဘာ... ဘာ"

ကျွန်မရဲ့ စကားကြောင့် 'ဒေါ်မင်းမှုံ' လက်ထဲက စီးကရက်ပင် လွတ်ကျကာ လူကနေရာမှ ယိုင်လဲမလိုဖြစ်သွားခဲ့ပါသည်။

"ညည်း.... ညည်း ဘာလာလုပ်တာလဲ... ညည်းနဲ့ ကျုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုင်လို့လဲ”

အမှန်မှာ ခြံစောင့်ကလည်း အိမ်ဖော်ကောင်မလေးထင်၍ ‘ကမ္ဘာ’ ကို လွှတ်လိုက်တာပါ။ ‘မမှုံ’ ကိုယ်တိုင်လည်း အိမ်ဖော် ကောင်မလေး တစ်ယောက် ထပ်ရောက်လာမယ်ဆို၍ စောင့်နေခဲ့ တာပါ။

ခုတော့ တိုက်ဆိုင်စွာပင် သူမ မတွေ့ချင်တဲ့သူ သူမရှေ့ကို ရောက်နေခဲ့ပါလေပြီ။

“ပြောလေ.... ညည်း ဘာလာလုပ်တာလဲ လို့”

ရွာမှာနေစဉ်ထဲက ဒီကောင်မလေး သူမကို ကြည့်မရတာ သူမသိနေပါသည်။ ဒါပေမယ့် ‘မမှုံ’ ဆိုတာလည်း ဘယ်သူ့ကိုမှ ဂရုစိုက်တတ်တဲ့ မိန်းမဆိုတော့ ‘ကမ္ဘာ’ ကိုလည်း ဂရုစိုက်စရာလို့ မထင်ခဲ့ပါ။

ဒီနေ့အဖို့မှာတော့ လွန်ခဲ့သော ဆယ်နှစ်က ကောင်မလေး ကျားမလေးအသွင် သူ့ရှေ့ကို မာန်ဖီကာ ရောက်လာခဲ့ပါလေပြီ။

ပုံစံကလည်း လွန်ခဲ့သော ဆယ်နှစ်က ကောင်မလေးပုံစံ လုံး၀ မဟုတ်တော့ပါ။

ရဲရင့်လှပသော မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့ပါပြီ။

ကျွန်မပြုံးကာ ‘ဒေါ်မှုံ’ ကို စိုက်ကြည့်ရင်း မာကြောစွာ ပြောလိုက်မိပါသည်။

“ကျွန်မ အကြွေးလာတောင်းတာပါ”

“ဘာ အကြွေးလဲ... ညည်းတို့နဲ့ ကျုပ်နဲ့ ဘာပတ်သက်လို့ လဲ”

“ဒါတော့ ရှင်ပဲ သိမှာပေါ့... ကျွန်မအဖေဆီက ရှင်ဘာယူ သွားလဲ”

“ဘာမှ မဆိုင်ဘူး... ညည်း အဖေသေတော့ ကျုပ်ရွာက



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိဘူး"

"ဘယ်ရှိမလဲ... ကျွန်မ အဖေပစ္စည်းတွေ ဘုံးပြီး ရှင်ရှောင်နေတာကိုး..."

"ဒါတွေ ငါမသိဘူး... ငါသိတာ ညည်းအခု ငါ့အိမ်ပေါ်က ဆင်း... 'မတုတ်' ရေ... 'မတုတ်'"

'ဒေါ်မှုံ' အသံကျယ်ကျယ်ထွက်ပြီး မကြာခင် အိမ်ထဲမှ အသားညိုညို ခပ်ဝဝတုတ်တုတ် မိန်းမတစ်ယောက် ပြေးထွက်လာပါသည်။

"သွား... ခြံထဲက 'မဲလုံး' နဲ့ 'ချက်ကြီး' ကို သွားခေါ်ပြီး ဒီကောင်မကို အိမ်ထဲက ဆွဲထုတ်ပစ်လိုက်"

'ဒေါ်မှုံ'ဒေါသတကြီး အော်ဟစ်နေချိန် အိမ်ထဲက ကောင်လေး ,တစ်ယောက် ပြေးထွက်လာခဲ့ပါသည်။

"မေမေ ဘာဖြစ်တာလဲ"

'ဦးလေးထွန်း' နှင့် ချွတ်စွပ်နီးပါးလို တူသော ကောင်လေးက 'ဒေါ်မှုံ' ၏ သားပဲ ဖြစ်ရပါမည်။

ကျွန်မ 'ဒေါ်မှုံ' ကို စိုက်ကြည့်ကာ နာကြည်းစွာ ပြောလိုက်မိပါသည်။

"ကျွန်မ မိဘပစ္စည်းကို ကျွန်မမိဘမသိအောင် ခိုးယူခဲ့တဲ့အတွက် ရှင်ပိုင်တဲ့ ပစ္စည်းကို ကျွန်မရအောင် ပြန်ယူပြမယ်... ရှင်စောင့်ကြည့်နေ"

"အောင်မယ်... ညည်းကို စောင့်ကြည့်နေရအောင် ညည်းက ဘာကောင်မ မို့လို့လဲ"

'ဒေါ်မှုံ'က ကျွန်မကို ရိုက်ဖို့ ရှေ့ကို တိုးအလာ ...

"မေမေ မလုပ်ပါနဲ့"

ကောင်လေးက သူ့အမေလက်ကို ဆွဲကာ အတင်းသား ထား



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ကျွန်မ ကောင်လေးကို စိုက်ကြည့်ကာ တီးတိုးမေးလိုက်မိပါသည်။

"ကလေးနာမည်က ဘယ်သူလဲ"

"ဟိတ်... ငါ့သားနာမည် ဘယ်သူဖြစ်ဖြစ် ညည်းနဲ့ ဘာဆိုင်လဲ... ညည်း အခု ငါ့အိမ်က ထွက်သွား... အခု ထွက်သွား"

"စိတ်ချပါ... ဒါပေမယ့် ကျွန်မ ပြောခဲ့တဲ့ စကားနှစ်ခုကိုတော့ 'ဒေါ်မှုံ' စိတ်ထဲမှတ်ထားလိုက်ပေါ့... ကျွန်မ သွားပါအုံးမယ်"

ခြံစောင့်နှစ်ယောက် ကျွန်မကို အပြင်ဆွဲမထုတ်ခင် ခြံထဲက ကျွန်မ ထွက်လာခဲ့လိုက်ပါသည်။

ပြောချင်တာ ပြောလိုက်ရတဲ့အတွက် ကျွန်မရင်ထဲ ပေါ့ပါးသွားပေမယ့် ကျန်ရစ်ခဲ့တဲ့ 'ဒေါ်မှုံ' မှာတော့ ဒေါသမျက်မျက်ခြောင်းခြောင်းထွက်ကာ ကျန်ရစ်ခဲ့ရှာပါသည်။

"ကောင်မ ငါကမွေးရင် ငါ့သမီးလောက်ရှိတဲ့ကောင်မကများ ငါ့ကိုလာ ပြောရတယ်လို့... ညည်း ဘာယူချင်တာလဲ... လာယူလေ လာယူကြည့်ပါလား"

ကျွန်မ ကျောခိုင်းအနေအထားဖြင့်ပင် ပြုံးလိုက်မိပါသည်။

ကျွန်မကို ဒီလို စိမ်ခေါ်လို့ကတော့လား ကျွန်မတိမ်ပေါ်အထိတက်လိုက်မည်။ ကျွန်မ အဖေနဲ့အမေက ရိုးသားအေးဆေးကြသူတွေမို့ ဒီမိန်းမလက်တစ်လုံးခြား လိမ်သမျှ၊ ညာသမျှ၊ အသက်ပါ ပါအောင် ငြိမ်ခံခဲ့ကြပေမယ့် ကျွန်မက အဖေနဲ့အမေ မဟုတ်ပါ။

ကျွန်မက သူတို့မွေးထားသော သမီးပါ။

ဒီတော့ ဒီမိန်းမကို ငြိမ်ခံနေဖို့လည်း ကျွန်မမှာ စိတ်မရှိပါ။

" 'ကမ္ဘာ' ဘယ်လျှောက်သွားနေတာလဲ... ညနေ ဘုရားဆင်းရတော့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အသိတစ်ယောက်ဆီကို သွားနှုတ်ဆက်တာပါ ဒေါ်ကြီး"

"တွေ့ခဲ့လား"

"ဟုတ်ကဲ့ တွေ့ခဲ့ပါတယ်"

အမေကိုတင်မက သားကိုပါ တွေ့ခဲ့ရတယ်ဆိုတော့ ကျွန်မ ပိုလို့တောင် ကျေနပ်မိပါသေးသည်။

ကျေနပ်စိတ်ဖြင့် ကောင်လေးမျက်နှာကို ပြန်သတိအရ ကျွန်မ ရင်ထဲ ဒိတ်ကနဲဖြစ်သွားမိပါတော့သည်။

ချက်ခြင်းလိုပင် ကျွန်မ၏ ကားဘေးနားတွင် ရပ်နေသော 'မောင် နေမင်း' ကို လှည့်အကြည့် ...

"ဘာဖြစ်တာလဲ 'ကမ္ဘာ' "

ဆရာကြီးက ကျွန်မရဲ့မျက်နှာကိုကြည့်ကာ တအံ့တသြမေး လာပါသည်။

ကြည့်စမ်း... ရှာနေစဉ်က မတွေ့၊ တွေ့မယ့်တွေ့တော့ တိုက်တိုက်ဆိုင်ဆိုင် ကျွန်မရဲ့ ဒရိုင်ဘာ လာဖြစ်နေပါလား။

ဒါဆို ဟိုတစ်နေ့က 'လဝန်း' ဆီသွားရင်း ကျွန်မကြားခဲ့ရ တာ 'ဒေါ်မင်းမှူ' ရဲ့အသံပေါ့။

ကျွန်မ ချက်ခြင်းလိုပင် ဆရာကြီးကို ဦးချကာ နေရာမှအထ...

" 'ကမ္ဘာ' ပြန်တော့မလို့လား"

ဆရာကြီးက အံ့အားသင့်နေပါသည်။ လင်ကသေ သားက ထောင်ကျ၍ မယ်သီလရင်ဝတ်လိုက်ပေမယ့် တူမလေးက လိမ္မာ ရှာပါသည်။

သူမနဲ့အတူ လာနေဖို့ ခေါ်ပေမယ့်၊ လူ့ဘဝကို သူမ စိတ် ပျက်ငြီးငွေ့လှပါပြီ။

ဒါကြောင့် သူမနဲ့ ညီအစ်မ ဝမ်းကွဲတော်သော 'မအုန်းညွန့်' ကို 'ကမ္ဘာ' ဆီ ပို့ပေးထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မအုန်းညွန့်' ကလည်း လင်သေ မုဆိုးမအဖြစ် မန္တလေးမှာ ဒုက္ခရောက်နေသူမို့ သူခေါ် ခေါ်ခြင်း ရန်ကုန်ကို ရောက်လာခဲ့ပါသည်။

'ကမ္ဘာ' ဆီကို ခေါ်သွားတော့ ပိုလို့တောင် ကျေနပ်သွားပါသေးသည်။

ဘာပဲဖြစ်ဖြစ် သူမအတွက်ကတော့ တူမလေးအတွက် စိတ်အေးမိပါသည်။

ရုပ်လေးလှသလောက် ဘဝကံကြမ္မာ မကောင်းရှာသော တူမလေးကို သူမတစ်ယောက်တည်း ပစ်မထားရက်ပါ။

"'ကမ္ဘာ' ဘယ်သူနဲ့လာတာလဲ... 'မောင်သန်းဒွေး' နဲ့လား"

"'ကိုသန်းဒွေး' ကို ဖြတ်လိုက်ပြီ... အခု 'ကမ္ဘာ' လာတာ ဒရိုင်ဘာအသစ်နဲ့လာတာ"

"ကားဘေးနားက ကလေးလား"

ဆရာကြီးက 'ကမ္ဘာ' နဲ့အတူ ကျောင်းပေါ်က ဆင်းလာရင်း မေးပါသည်။

"ဟုတ်တယ်... 'မောင်နေမင်း' တဲ့... ဆရာကြီးလိုက်မပို့နဲ့တော့လေ... 'ကမ္ဘာ' ဖာသာပဲ ပြန်တော့မယ်"

"အလုပ်ကိုပဲ ဖိပြီး လုပ်မနေနဲ့ဦး... 'ကမ္ဘာ' ကိုယ့် ကျန်းမာရေးလည်း ကိုယ်ဂရုစိုက်ဦး"

"ဟုတ်ကဲ့ပါ... ဆရာကြီး... 'ကမ္ဘာ' ပြန်လိုက်ပါအုံးမယ်"

ဆရာကြီးလက်ထဲကို ငွေငါးသောင်းထည့်ခဲ့ကာ 'ကမ္ဘာ' ကားပေါ်ကို ပြန်တက်လာခဲ့လိုက်ပါသည်။

အလာတုန်းဆီက အထီးကျန်ဆန်မှုနဲ့အတူ 'ကမ္ဘာ' ရင်ဘတ်ခုလုံး ဝမ်းနည်းကြေကွဲနေသလောက် အပြန်ခရီးမှာတော့ 'ကမ္ဘာ' ပျော်ရွှင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်စိတ်ဖြင့် သီချင်းတစ်ပုဒ်ကို တီးတိုးငြီးလိုက်မိပါသည်။

သီချင်းက 'အချစ်ဆိုသည်မှာ'။



www.burmeseclassic.com

www.burmeseclassic.com



## ၂၃

"မျှားလှချည်လား သားရယ်"

အထုပ်အပိုးတွေ တပွေ့တပိုက်ဖြင့် ပြန်လာသော သားဖြစ်သူကို ငေးကြည့်ကာ 'ဒေါ်မှုံ' အံ့သြနေမိပါသည်။

"အဲဒါအားလုံး မမ ဝယ်ပေးလိုက်တာ"

ရှပ်အင်္ကျီနှစ်ထည်၊ ဘောင်းဘီနှစ်ထည်၊ တီရှပ်နှစ်ထည်၊ ပုဆိုးနှစ်ထည်အပြင် ဦးထုပ်တစ်လုံးပင် ပါလိုက်သေး။

စမ်းချောင်းက အပြန် 'ဂမုန်းပွင့်' ကုန်တိုက်ကိုဝင်ကာ မမ ကိုယ်တိုင် လိုက်ဝယ်ပေးခဲ့တာပါ။

'နေမင်း' ငြင်းလို့လည်း မရ။

မမက အဝတ်အစားကို ရွေးပေးရင်း တီးတိုးပြောပါသည်။

"လူတစ်ယောက်မှာ အရေးအကြီးဆုံးက အသက်ပဲ... မမ အသက်ကို 'မောင်နေမင်း' က ကယ်ထားတာဆိုတော့ 'မောင်နေ



www.burmeseclassic.com

www.burmeseclassic.com



မင်း' က မမရဲ့ကျေးဇူးရှင်ပဲ... ဒီတော့ မမ ကျေးဇူးဆပ်မှ ဖြစ်မှာ ပေါ့"

"တကယ်တော့ မမ ခန့်လို့ ဒီအလုပ်ရတာမို့ မမသာ ကျွန်တော်ရဲ့ ကျေးဇူးရှင်အစစ်ပါ မမရယ်... ဒါတွေ ဝယ်ပေးစရာ မလိုပါဘူး"

"မသိဘူးကွာ... မမကတော့ ဝယ်ပေးချင်တာပဲ သိတယ်... မမ ဝယ်ပေးတာကိုလည်း 'မောင်နေမင်း' က ဝတ်ရမယ်နော်"

သည်လိုဖြင့် 'နေမင်း' လက်ထဲကို အဝတ်ထည့်တဲ့အိတ်တွေ တစ်အိတ်ပြီး တစ်အိတ် ရောက်လာခဲ့ပါသည်။

'လဝန်း' အတွက်လည်း ခေါင်းစီးနှစ်ခု ဝယ်ထည့်ပေးလိုက်ပါသေးသည်။

"မမက အရမ်း သဘောကောင်းတာပဲနော်"

'လဝန်း' က သူမကို ဝယ်ထည့်ပေးလိုက်သော ခေါင်းစီးလေးကို ကိုင်ကြည့်ကာ ကြည်နူးစွာ ပြောနေချိန် အမေကတော့ ဘာမှ မပြောဘဲ ငြိမ်သက်နေပါသည်။

အမေဘာလို့ ငြိမ်သက်နေလည်း 'နေမင်း' မသိပေမယ့် မမ ပျော်ရွှင်နေတာတွေ့တော့ သူလည်း ရောကာ ပျော်မိပါသည်။

မမဘဝ အဖေါ်မဲ့ကာ အထီးကျန်ဆန်နေတာကို ၁ူသတိပြုမိပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် မမရဲ့ဘေးနားမှာ နေရတာကို 'နေမင်း' ပျော်သည်။

မနက်ဖြန်လည်း မမက စောစောလာဖို့ မှာထားတာကြောင့် ရေမိုးချိုးဖို့ နောက်ဖေးကိုအထွက် အမေ့လေသံမာမာက 'နေမင်း' နားထဲကို ဖြတ်ဝင်လာပါသည်။

"မင်း ဒီပြင့်အလုပ် ပြောင်းလုပ်လို့ မဖြစ်ဘူးလား 'နေမင်း'"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အမေရာ... ဒီအလုပ်လောက် ကောင်းတာ ရှိပါအုံးမလား... သူများတွေဆို ဒီအလုပ်မျိုး လိုချင်လွန်းလို့"

"သူများက သူများ... မင်းက မင်းပဲ... ငါ မင်းကို အဲဒီ မိန်းမ နဲ့ သိပ်မပတ်သက်စေချင်ဘူး... အဲဒီမိန်းမက မုဆိုးမဆို"

"မုဆိုးမ ဘာဖြစ်လဲ အမေရာ... မမက မမ... ကျွန်တော်က ကျွန်တော်ပဲ... ဘာဆိုင်လို့လဲ"

"အေး... တစ်နေ့ဆိုင်သွားမှာ စိုးလို့ ငါက တားမြစ်နေရတာ"

"အမေရာ... အမေ့စကားကြားရင် မမက ရယ်နေပါအုံးမယ် မမ အခြေအနေနဲ့ ကျွန်တော်တို့ အခြေအနေဆိုတာ ဇီးစေ့နဲ့ မြင်းမိုရ်တောင်လောက် ကွာတဲ့ဥစ္စာ... မဖြစ်နိုင်တာတွေ လျှောက်မစဉ်းစားပါနဲ့"

"ငါက မင်းကို 'လဝန်းလေး' နဲ့ပဲ သဘောတူတာ"

"ကျွန်တော်ကလည်း 'လဝန်း' ကိုပဲ စိတ်ဝင်စားတာပါ အမေ ရဲ့... စိတ်ချ... ကျွန်တော် 'လဝန်း' ကိုပဲ လက်ထပ်ယူမှာ"

သည်လိုဆိုတော့လည်း 'ဒေါ်မှုံ' စိတ်တွေ ငြိမ်းအေးသွားရပါ သည်။

ခုတလော 'ကမ္ဘာ' မျက်နှာကို မကြာခဏ မြင်ယောင်ကာ 'ကမ္ဘာ' ပြောခဲ့သော ကျိန်စာလိုလို၊ စကားကို ကြားယောင်ပြီး သား 'နေမင်း' အတွက် စိုးရိမ်ပူပန်နေမိပါသည်။ ဒါကြောင့်လည်း သူ့ တစ်ခါမှ မကိုင်ဘူးသော စိတ်ပုတီးကို စိတ်ကာ သား 'ကမ္ဘာ' ဆို သော မိန်းကလေးနဲ့ မဆုံဆည်းမိပါစေနဲ့ဟု ကြိတ်ကာ ဆုတောင်း နေမိပါသည်။

"ဒီမှာ အမေ့အတွက် သားဝယ်လာတာ"

'နေမင်း' က ပုလင်းကို ထောင်အပြ 'ဒေါ်မှုံ' ခေါင်းခါပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိပါသည်။

"သောက်ချင်စိတ်လည်း မရှိတော့ပါဘူး သားရယ်... ခုတစ်လော အမေ့ခေါင်းထဲမှာ သားနဲ့ 'လဝန်း' အတွက်ပဲ စဉ်းစားနေမိတာနဲ့ တခြားဘာကိုမှ စိတ်က မရောက်ဘူး ဖြစ်နေတယ်"

"အဲဒါကိုလည်း ဟိုးအရင်ထဲက အမေ စဉ်းစားဖို့သင့်တယ်"

'ဒေါ်မှုံ' သားဖြစ်သူကို မျက်စောင်းထိုးရင်း ဆဲလိုက်မိပါသည် ဖြစ်နိုင်လျှင် သားနဲ့ 'လဝန်းလေး' ကို စေ့စပ်ထားလိုက်ချင်သည်။ 'လဝန်း' ရဲ့ ဖခင်ကြီးကလည်း ကန့်ကွက်မည် မထင်ပါ။

သူမက သူ့သားအတွက် ပူပင်နေသလို သူကလည်း သူ့သမီးလေးအတွက် မပူပင်ဘဲနေမလား။

"နေ့ကောင်းရက်သာ ရွေးပြီး အမေတော့ 'လဝန်းလေး' နဲ့ စေ့စပ်ပေးထားချင်တာပဲ... သား သဘောကကော"

"ကျွန်တော် 'လဝန်း' ကို လက်ထပ်ချင်ပါတယ်လို့ အမေ့ကို ပြောပြီးမှပဲ အမေရာ... ဘာလို့ ဒီလောက် လောနေရတာလဲ"

"လူ့ဘဝဆိုတာ ပြောလို့ရတာ မဟုတ်ဘူးလေ သားရဲ့... မိနစ်... စက္ကန့်...နဲ့အမျှ ပြောင်းလွဲနေကြတာ... ဒီထဲထဲကို သားလည်း ပါသွားမှာစိုးလို့"

"သဘောဗျာ... အမေ့ သဘောပဲ"

'နေမင်း' အမေ့ကို လက်မြှောက်အရှုံးပေးကာ အိပ်ယာထဲ တိုးဝင်လိုက်ပါသည်။

မျက်ဝန်းထဲမှာတော့ မမရဲ့အပြုံးတွေ မမရဲ့ အကြင်နာတွေကို ဘာလို့မှန်းမသိ သတိရ တမ်းတနေမိပါသည်။

မမကော 'နေမင်း' ကို သတိမရဘဲ နေမလား။



www.burmeseclassic.com

www.burmeseclassic.com



# ၂၄

အိမ်ကို ပြန်ရောက်ကတည်းက 'ကမ္ဘာ့' စိတ်တွေ လေးလံနောက်ကျိနေခဲ့ပါသည်။

သူ့လုပ်ရပ်တွေ မှားခဲ့လေသလား။ 'ဒေါ်မှုံ' ဆိုတဲ့ မိန်းမကြီးကို နိုင်ချင်ဇောဖြင့် သူ့သားကို သူမဘက် သိမ်းသွင်းခဲ့ပေမယ့် 'ဦးသစ်လွင်' ပြောခဲ့သော ကျိန်စာတွေအတွက် သူမ ရင်ထဲ စိုးရိမ်ထိတ်လန့် နေမိခဲ့ပါသည်။

ဒီလို ထိတ်လန့်နေမိခဲ့၍လည်း သူမ တစ်သက်တာ ဘယ်တော့မှ မဖွင့်တော့ပါဘူးဟု ဆုံးဖြတ်ထားသည့် အခန်းရှေ့ကိုရောက်ကာ အခန်းထဲကို တဖြည်းဖြည်း လျှောက်ဝင်လာခဲ့လိုက်ပါသည်။

အခန်းဝတွင် 'ဦးသစ်လွင်' က ပြုံးကာ သူမကို ဆီးကြိုနေပါသည်။ ဓါတ်ပုံက အသက်ဝင်ကာ အပြုံးကလည်း လွန်ခဲ့သော ရှစ်နှစ်က အပြုံးအတိုင်းပါပဲလား။

'ဦးသစ်လွင်' ဓါတ်ပုံ၏ ဘေးမှာတော့ သူမနဲ့ 'ဦးသစ်လွင်'



www.burmeseclassic.com

www.burmeseclassic.com



တို့ မင်္ဂလာဆောင်စဉ်တုန်းက ရိုက်ထားသောဓါတ်ပုံကြီးက ယှဉ်တွဲကာ ရှိနေခဲ့ပါသည်။

ပန်းနုရောင် ထိုင်မသိမ်းအင်္ကျီဖြင့် 'ကမ္ဘာ' သည် အပြုံးနုနုဖြင့် ရှုန်းစိုလှပနေပါသည်။

'ဦးသစ်လွင်' ၏ ဘေးနားကို ဒီလိုရောက်လာဖို့ 'ကမ္ဘာ' အများကြီး ကြိုးစားခဲ့ရပါသည်။

'ကမ္ဘာ' လို ဘာမှမဟုတ်တဲ့ ကောင်မလေးတစ်ယောက်က 'ဦးသစ်လွင်' လို သူဌေးကြီးတစ်ယောက်ရဲ့အပါးကို ရောက်ဖို့ဆိုတာ အင်မတန်မှ ဝေးလံလှတဲ့ အကွာ အဝေးပါ။

ဒါပေမယ့် 'ကမ္ဘာ' ကြိုးစားခဲ့ပါသည်။

သူမ ရင်ထဲမှာ အဖေနဲ့အမေပဲ ရှိသည်။ အဖေနဲ့အမေအတွက် သူမ ပေးဆပ်ချင်သည်။

သည်စိတ်တွေဖြင့် သူမ ဘဝတစ်ခုလုံးကို ကျောင်းစာထဲမှာပဲ မြှုပ်နှံထားခဲ့သည်။

ဘွဲ့ရသွားတော့ သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီဖြင့် ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်ခဲ့ပါသည်။

အလုပ်ဝင်ရင်းမှ တစ်ဖက်က အင်္ဂလိပ်စပီကင်တက်ကာ တစ်ဖက်က 'ကမ္ဘာ' အရမ်းကိုတွေ့ချင်နေသူကို ရှာဖွေနေမိပါသည်။

'ကမ္ဘာ' ရန်ကုန်ကို ရောက်မလာခင် မန္တလေးမှာတည်းက 'ဦးလေးထွန်း' ပွဲရုံထောင်ကာ နိုင်ငံခြားနဲ့ ဖက်စပ်ကုမ္ပဏီလည်း ဖွင့်သည်ဆိုတဲ့သတင်းကို ကြားခဲ့ပြီးပါပြီ။

ဒါကြောင်းတခြား အလုပ်ကို မလုပ်ဘဲ 'ကမ္ဘာ' ကုမ္ပဏီတွင် ဝင်လုပ်ဖြစ်တာဖြစ်ပါသည်။

ကုမ္ပဏီအလုပ်ဆိုတော့ လုပ်ငန်းတူရာ ကုမ္ပဏီတွေနဲ့ပတ်သက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင် 'ဦးသစ်လွင်' ဆိုသော ပဲနဲ့သစ် နိုင်ငံခြားကို အကြီးအကျယ်တင်ပို့သော သူဌေးကြီးတစ်ယောက်နဲ့ သိကျွမ်းဖို့ ဖြစ်လာခဲ့ပါသည်။

'ကမ္ဘာ' လုပ်သော ကုမ္ပဏီက 'ဦးသစ်လွင်' ဆီ ပဲတင်ပို့ရသော လက်ခွဲကုမ္ပဏီလေးဖြစ်ကာ 'ကမ္ဘာ' တို့လို ကုမ္ပဏီလေးတွေကမှတစ်ဆင့် 'ဦးသစ်လွင်' က ပဲတွေကိုစာချုပ်,ချုပ်ကာ ဝယ်ယူပြီး နိုင်ငံခြားကို အိတ်စ်ပို့လုပ်သူ ဖြစ်ပါသည်။

'ဦးသစ်လွင်' နဲ့ 'ကမ္ဘာ' တွေ့တွေ့ဆိုင်ဆိုင် ဆုံဖြစ်ကြသည်က ထရိုက်ဒါးဟိုတယ်တွင် ကျင်းပသော ပဲလုပ်ငန်းရှင်များအသင်း မိတ်ဆုံစားပွဲမှာ ဖြစ်ပါသည်။

'ဦးသစ်လွင်' ကို 'ဦးလေးထွန်း' မှန်း 'ကမ္ဘာ' မသိခဲ့သလို...

'ကမ္ဘာ' ကိုလည်း 'ဦးဦးသာ' မှန်း 'ဦးလေးထွန်း' မသိခဲ့ပါ။

ညစာစားပွဲမှာ 'ကမ္ဘာ' ရဲ့ ဘော့စ်က မိတ်ဆက်ပေးမှ 'ကမ္ဘာ' သိခဲ့ရတာဖြစ်ပါသည်။

"ဒါ အန်ကယ်တို့ရဲ့မိတ်ဆွေကြီး 'ဦးသစ်လွင်' ပဲ 'ဦးဦးသာ'"

ဖြူဖွေးဝင်းလက်စိုပြည်သော အသား၊ ခန့်ညားထည်ဝါသော ဥပမိရုပ်ဖြင့် ငယ်စဉ်တည်းက ချောခဲ့သာ 'ဦးလေးထွန်း' သည် နှစ်တွေဘယ်လောက်ပင် ကြာသွားသော်လည်း ငယ်စဉ်ကလို ချောမောနေဆဲပါ။

'ကမ္ဘာ့' ထက် ဆယ့်သုံးနှစ်ကြီးတာမို့ ငွေရောင်တစ်စွန်းတစ ရောယှက်နေတဲ့ ဆံပင်၊ ပါဝါမျက်မှန်လုလုဖြင့် 'ကမ္ဘာ့' ကို တအံ့တသြကြည့်ကာ ခေါင်းတဆတ်ဆတ် ညိမ့်ပြပါသည်။

"သြော် 'ဒေါ်ဦးဦးသာ' ဆိုလို့ ကြီးလှပြီအောင်းမေ့နေတာ— ငယ်ငယ်လေးပဲကိုး"

ထိုအချိန်က 'ကမ္ဘာ့' အသက်က နှစ်ဆယ့်ငါးနှစ် ကျော်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။

ကြီးပြင်းလာခဲ့ရတဲ့ဘဝက ကြမ်းတမ်းလွန်းလှတာမို့ 'ကမ္ဘာ' အသွင်အပြင်က အရမ်းကို ရင့်ကျက်နေလေမလား။

"မြင်ဘူးသလိုပဲ..."

'ဦးသစ်လွင်' က အပြော ကျွန်မ ခေါင်းကိုငုံ့ကာ ခပ်တိုးတိုး ပြောလိုက်ပါသည်။

"ကျွန်မကတော့ 'ဦးသစ်လွင်' ကို အခုမှ စမြင်ဘူးတာပါ"

ကျွန်မကို 'ဦးသစ်လွင်' မြင်ဘူးခဲ့တယ်ဆိုတာ ဟိုးလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က။

သည်ဘက် ဆယ်နှစ်ထဲမှာ ကျွန်မ ဘဝက လုံးဝကိုပြောင်းလဲသွားခဲ့ပါပြီ မဟုတ်ပါလား။

ကျွန်မရဲ့ လှပသော 'ကမ္ဘာ' ဆိုတဲ့ အမည်လေးကိုပင် 'ဦးဦးသာ' ဟု ကျွန်မ ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီးပြီပဲလေ။

'ဦးလေးထွန်း' မှတ်မိနိုင်စရာ မရှိတော့ပါ။

ထိုနေ့ညက ပြန်ကာနီး ကျွန်မ သွားနှုတ်ဆက်တော့ 'ဦးသစ်လွင်' က ကျွန်မကို မေးပါသည်။

" 'ဦးဦးသာ' က ဘယ်ကလဲ"

"ရန်ကုန်ကပါပဲ 'ကိုသစ်လွင်' "

ကျွန်မ ကိုယ်စား ကျွန်မရဲ့ဘော့စ်က ဝင်ဖြေပေးတာဖြစ်ပါသည်။

"ဒါဆို ကျွန်တော် 'ဦးဦးသာ' ကို တွေ့ချင်ရင် ခင်ဗျားနဲ့ပဲ ဆက်သွယ်လိုက်ရမှာပေါ့"

"ဟုတ်ပါတယ်"

သည်လိုနှင့် ကျွန်မ အပမ်းတကြီး လိုက်လံရှာဖွေနေသော ကျွန်မရဲ့ သားကောင်သည် ကျွန်မရဲ့ပိုက်ကွန်းထဲကို အတင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ရော တိုးဝင်လာခဲ့ပါသည်။

ကျွန်မ ခြောက်လည်းမခြောက်၊ ငေါက်လည်းမငေါက် သား ကောင်ကို ယုယစွာ ထွေးပွေ့ခဲ့ပါသည်။

ကျွန်မနဲ့ လက်ထပ်သောနေ့က 'ဦးသစ်လွင်' က ကျွန်မကို မေးပါသည်။

"မင်းကို ငါဘာဖြစ်လို့ လက်ထပ်ဖြစ်လဲ သိလား"

ကျွန်မ ဆိုဖာကုတင်တွင်ထိုင်ကာ အေးစက်စက်ခေါင်းခါ ပြလိုက်ပါသည်။

"ငါ အပြစ်လုပ်ထားမိတဲ့ လူတစ်ယောက်ရဲ့သမီးနဲ့တူလို့ လက်ထပ်ဖြစ်တာ"

"ဘယ်သူလဲ ဟင်"

ကျွန်မက မသိသလိုမေးတော့ 'ဦးသစ်လွင်' က တုန့်ဆိုင်း ဆိုင်းဖြင့် ဖြေပါသည်။

" 'ကမ္ဘာ' တဲ့... အရမ်းကို သနားစရာကောင်းတဲ့ ကလေးပဲ"

ပြောရင်း 'ဦးသစ်လွင်' က သူ ကြုံတွေ့ခဲ့ရသမျှတွေကို ကျွန်မ အား ဖောက်သည်ချပြနေပါသည်။

"အရမ်းကို သနားစရာကောင်းတာပဲနော်... နည်းနည်းလေး မှတောင် မထောက်ပံ့ခဲ့ဖူးဘူးလား"

"သူတို့ အရင်းအနှီးနဲ့ချမ်းသာလာတာဆိုတော့ ဘယ်နေနိုင် ပါမလဲ... သူတို့လိပ်စာကိုလည်း မသိတော့ မန္တလေးကမိန်းမ ကိုပဲ စုံစမ်းပြီး ပို့ပေးခိုင်းရတာပေါ့"

"ပို့ပေးမယ်လို့ ထင်လို့လား"

'ဦးသစ်လွင်' မျက်နှာက ကျွန်မကို စိုက်ကြည့်၍လာခဲ့ပါ သည်။

ကျွန်မ ကျယ်လောင်စွာ ရယ်မောလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်မင်းမှူ' လောက် ယုတ်မာကောက်ကျစ်သော မိန်းမတာ သူတစ်ပါး ပစ္စည်းကိုတောင် သူ့ပစ္စည်းလုပ်ရဲခဲ့သေးတာ။ သူ့ယောကျ်ားပိုက်ဆံကိုကော သူ့ပိုက်ဆံ မလုပ်ဘဲနေမှာလား။

ကျွန်မရယ်တော့ 'ဦးသစ်လွင်' က ကျွန်မကို ငေးကြည့်နေပါသည်။

"မင်း 'ကမ္ဘာ' လား ဟင်"

ကျွန်မ လည်ပင်းတွင် အမြဲဆွဲထားသော ကျောက်စိမ်းလော်ကက်ကလေးကို ထုတ်ပြလိုက်ပါသည်။

ဒီ လော်ကက်ကလေးက ဖေဖေ မသေခင် 'ဦးလေးထွန်း' ကျွန်မကို ဝယ်ပေးခဲ့သော လော်ကက်ကလေးပါ။

"ဒါဆို မင်းငါ့ကို လက်ထပ်ခဲ့တာ ချစ်လို့မဟုတ်ဘူးပေါ့"

ကျွန်မ ခေါင်းခါပြလိုက်ပါသည်။ အချစ်ဆိုတာ ကျွန်မဘဝမှာ ဘယ်တော့မှ ပေါ်ပေါက်လာမှာ မဟုတ်တဲ့အရာပါ။ ကျွန်မစိတ်ထဲမှာ အဖေနဲ့အမေပဲ ရှိသည်။

အဖေနဲ့အမေ စိတ်ဆင်းရဲစွာ သေသွားရတာကိုပဲ ကျွန်မမျက်စေ့ထဲမှာ မြင်ယောင်နေမိပါသည်။

'ဦးလေးထွန်း' လည်း အဖေနဲ့အမေ့လိုပဲ စိတ်ဆင်းရဲစွာ လူ့လောကထဲက ထွက်သွားစေချင်သည်။ ဒါ ကျွန်မ အမြင့်ချင်ဆုံးဆန္ဒမို့လဲ...

"ကျွန်မ ရှင့်ကို ခုလည်း မချစ်ဘူး... နောင်လည်း ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူး"

ကျွန်မရဲ့စကားကြောင့် 'ဦးသစ်လွင်' စိတ်ထိခိုက်စွာ နေရာမှ ထလိုက်တာကို မြင်လိုက်ရပါသည်။

သူ့ဘဝတစ်သက်တာမှာ ပထမ မိန်းမတုန်းကလည်း သူ့ကို နိုင်လိုက်တာ။ ခု ဒုတိယ မိန်းမရပြန်တော့လည်း သူ့ကို ချစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့တာ မဟုတ်ဘူးတဲ့။

သူ ဘာဆက်လုပ်ရမလဲ။

"မင်း သိပ်ရက်စက်တာပဲ"

သူ ကြေကွဲစွာပြောတော့ 'ဦးဦးသာ' က ရယ်မောနေပါသည်။

" 'ဦးလေးထွန်း' တို့ ရက်စက်တာနဲ့စာရင် ကျွန်မရက်စက်တယ်ဆိုတာ အသေးအမွှားလေးပါ"

"မင်းက အသေးအမွှားဆိုပေမယ့် ငါ မင်းကိုချစ်ခဲ့တာ ကြီးကြီးမားမား ချစ်ခဲ့တာ မျှော်လင့်ချက်တွေ အများကြီးကို ထားခဲ့တာ"

"အဲဒါတွေ ကျွန်မ မသိဘူး... ကျွန်မသိတာ 'ဒေါ်မင်းမှူ' ဆိုတဲ့ ရှင့်မိန်းမကြီးကို စိတ်ဆင်းရဲအောင် လုပ်ချင်တာပဲသိတာ"

"သူနဲ့ ငါနဲ့က ကွာရှင်းပြီးခဲ့ပြီပဲ... မင်းဒီလို လုပ်လို့ကော သူခံစားရမယ် ထင်လား"

"ထင်တယ်... ကျွန်မ သူ့ကို ပြောခဲ့တယ်... ကျွန်မ မိဘ ပိုင်ဆိုင်တာတွေကို သူ မတရားယူခဲ့လို့ သူ ပိုင်ဆိုင်တဲ့ ပစ္စည်းအားလုံး ကျွန်မ ပြန်ယူမယ်လို့ ပြောခဲ့တယ်... ရှင်ဟာ သူပိုင်ဆိုင်ခဲ့ဘူးတဲ့ လူတစ်ယောက်ပဲ...သူမခံစားရပဲ မနေပါဘူး... ခံစားရမှာပါ"

ကျွန်မရယ်တော့ 'ဦးသစ်လွင်' က ကျွန်မ မျက်နှာကို ငေးကြည့်နေပါသည်။

စိတ်ထဲမှာလည်း အကြီးအကျယ် ခံစားရပုံပေါ်နေပါသည်။

ကျွန်မ ဂရုမစိုက်ပါ။

ကျွန်မဖြစ်ချင်တာဖြစ်ဖို့ 'ဦးသစ်လွင်' ကို လက်ထပ်ခဲ့တာဆိုတော့ အခု ကျွန်မ ဖြစ်ချင်တာ ဖြစ်ခဲ့ပြီးပြီ။

ကျွန်မကို 'ဦးသစ်လွင်'ကွာရှင်းပေးဖို့ပဲ လိုတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းစာချုပ်ကို ကျွန်မ စားပွဲပေါ်တွင်အတင် 'ဦးသစ်လွင်' က ကျွန်မကို ကြည့်ကာ ခေါင်းခါပါသည်။

"မင်း သိပ်ကို ရက်စက်တတ်တဲ့ မိန်းမပဲ"

"အဲဒီလို ရက်စက်တတ်အောင် 'ဦးသစ်လွင်' တို့ကပဲ သင်ပေးခဲ့ပါတယ်ဆိုရင်ကော"

"ငါ ဘယ်တုန်းကမှ မရက်စက်ခဲ့ဘူး... ငါ အပြစ်လုပ်ခဲ့မိတယ်ဆိုရင်လည်း ငါပေးဆပ်ဖို့ ကြိုးစားခဲ့တယ်... ငါ့မိန်းမယုတ်မာခဲ့တာကိုတော့ ငါသိလည်း မသိခဲ့ဘူး... သိဖို့လည်း မကြိုးစားခဲ့ဘူး"

"အဲဒါ 'ဦးသစ်လွင်' မှားခဲ့တာပေါ့... တကယ်တမ်း ကိုယ့်ကိုယ်ကို အပြစ်မရှိဘူးလို့ ယုံကြည်ရင် ဒီမှာ လက်မှတ်ထိုးလေ"

ကျွန်မ ဘောပင်ကို လှမ်းပေးတော့ 'ဦးသစ်လွင်' က ခေါင်းခါသည်။

"ငါမင်းကို တကယ်ချစ်ခဲ့တာ... လုံးဝ လက်မှတ် မထိုးပေးနိုင်ဘူး"

"ရှင်ချစ်လည်း ကျွန်မကမှ ရှင့်ကို လုံးဝမချစ်ခဲ့တာ... အချစ်မပါဘဲနဲ့တော့ အိမ်ထောင်တစ်ခုကို ကျွန်မ မတည်ဆောက်ပါရစေနဲ့... ကျွန်မကို လက်မှတ်ထိုးပေးပါ"

"မထိုးဘူးကွာ... ဘယ်တော့မှ ထိုးမပေးဘူး"

ပြောပြောဆိုဆို 'ဦးသစ်လွင်' တိုက်ထဲမှ ထွက်ကာ ကားကို အပြင်းမောင်းထွက်သွားပါတော့သည်။

နာရီဝက်ခန့်အကြာ 'ဦးသစ်လွင်' ကားအက်စီးဒင့်ဖြစ်တဲ့ သတင်း ကျွန်မဆီကို ဝင်လာခဲ့ပါသည်။

ကျွန်မ ဆေးရုံကို လိုက်သွားချိန် 'ဦးသစ်လွင်' အသက်မထွက်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တစ်ယောက်ထဲကိုပဲ သီးသန့်စကားပြောချင်တယ်ဆို၍ ကျွန်မ 'ဦးသစ်လွင်' အပါးတွင်အထိုင် 'ဦးသစ်လွင်' က အောက်ပါ စကားများကို ပြောကြားခဲ့ပါသည်။

"မင်းသာ ပန်းတစ်ပွင့်ဖြစ်လို့ ငါက လိပ်ပြာတစ်ကောင် ဖြစ်ခဲ့ရင် မင်းလို ပန်းပွင့်ကို ဘယ်လို လိပ်ပြာမျိုးမှ လာပြီး မယစ်မူးမသာယာမိပါစေနဲ့လို့ ငါကျိန်ခဲ့တယ်... ကုန်ကုန်ပြောမယ်ကွာ မင်းချစ်တဲ့သူနဲ့ မင်းနဲ့ ဘယ်တော့မှ မပေါင်းဆုံပါရစေနဲ့"

ပြောရင်းမှပင် 'ဦးသစ်လွင်' အသက်ထွက်သွားခဲ့ပါသည်။

ကျွန်မ မျက်ဝန်းမှ မျက်ရည်တစ်စက်မှ ထွက်မလာခဲ့ပါ။ အေးစက်သော မျက်ဝန်းများဖြင့်ကျွန်မ 'ဦးသစ်လွင်' ကို ငုတ်တုတ်ထိုင်ကြည့်နေခဲ့မိပါသည်။

ကျွန်မ မချစ်ဘဲ လက်ထပ်ခဲ့သူဆိုတော့ ကျွန်မရင်ထဲမှာ ခံစားချက်ဆိုတာ ရှိမနေခဲ့ပါ။ ဒါပေမယ့် သူမသေခင် ကျွန်မကို စိုက်ကြည့်သွားခဲ့သော မျက်ဝန်းများကိုတော့ ကျွန်မ တကယ်ပဲ ကြောက်လန့်မိပါသည်။

'ဦးသစ်လွင်' ကျိန်သွားသလို ကျွန်မ ဖြစ်မှာလား။

ဟိုးအရင် အချိန်တွေက ကျွန်မ မစိုးရိမ်မိပေမယ့် ခုချိန်မှာ ကျွန်မ စိုးရိမ်စပြုလာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ ရင်ထဲမှာ အချစ်ဆိုတဲ့ မျိုးစေ့လေးက အမြစ်တွယ်နေမိခဲ့ပြီလေ။

ဒီအပင်လေးကို ကျွန်မ မဆုံးရှုံးပါရစေနဲ့ ...

ဒီအပင်လေး ကြီးထွားရှင်သန်လာအောင် ကျွန်မ ပြုစုပျိုးထောင်ပေးပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



# ၂၄

ဘာလိုလိုနှင့်ခုဆို 'မောင်နေမင်း' က ကျွန်မဘဝရဲ့ အရေးပါသော လူတစ်ယောက်ဖြစ်လာခဲ့ပါပြီ။

ကျွန်မရဲ့ အရေးပေးမှု အလိုလိုက်မှုတွေကြောင့် ကားဒရိုင်ဘာဆိုတဲ့ နေရာပြုတ်ကာ ကျွန်မရဲ့ ကိုယ်ရေးအတွင်းရေးမှူးလို ဖြစ်လာခဲ့ပါပြီ။

ကျွန်မရဲ့ ဗင်ကားအဖြူလေးကို 'မောင်နေမင်း' ကို အပိုင်ပေးကာ ကျွန်မ အချိန်မရွေးဆက်သွယ်လို့ ရအောင်လည်း ဟမ်းဖုန်းတစ်လုံး ဝယ်ပေးထားလိုက်ပါသေးသည်။

မနက် မိုးလင်းတာနဲ့ 'မောင်နေမင်း' က ကျွန်မရှေ့ကို ရောက်လာကာ မိုးချုပ်လို့လည်း တစ်ခါတလေ အိမ်မှာ အိပ်ရတဲ့နေ့တွေ ရှိလာခဲ့ပါသည်။

ကျွန်မနေတဲ့ အခန်းရဲ့ ဘေးခန်းကို 'မောင်နေမင်း' အတွက် ပြင်ဆင်ပေးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စပြင်ဆင်ကာစက 'ဒေါ်ဒေါ်အုံး' ရဲ့ မျက်နှာတွင် မလိုလား တဲ့ အရိပ်အယောင်တွေ တွေ့ရသော်လည်း 'ဒေါ်ဒေါ်အုံး' ပြန်ချင် လို့လားဆိုတဲ့ စကားစမိတာနဲ့ 'ဒေါ်ဒေါ်အုံး' ရဲ့ မျက်နှာမှာ မလို လားတဲ့ အသွင်ကို မဆောင်ရဲတော့ပါ။

တကယ်တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေး လောကထဲမှာ မြုတ်နှံထားရတဲ့ ကျွန်မဘဝအတွက် ထွက်ပေါက်ဆိုတာ မရှိသင့် ဘူးလား။

အားလျှင် 'မောင်နေမင်း' ကို စီးပွားရေးပညာသင်တန်းတွေ ဆက်တက်ခိုင်းမည်။ အင်္ဂလိပ်စာ အရေးကော အပြောပါ ကျွမ်း အောင် ဆရာမခေါ်ကာ သင်ပေးသည်။

ကျွန်မနဲ့တွေ့စက ကုတ်ချောင်းချောင်း ကောင်လေးတစ် ယောက်အသွင် 'မောင်နေမင်း' က ခုတော့လည်း ကျွန်မရဲ့ ပေါင်း သင် မြေဆွမှုအောက်မှာ လန်းလန်းဆန်းဆန်း ပွင့်လန်းလို့ လာခဲ့ ပါချေပြီ။

ကျွန်မ ကြည်နူးရပါသည်။

ခုဆို 'မောင်နေမင်း' ကို ကျွန်မရဲ့ 'PARADISE' မှာ မန်နေဂျာ အဖြစ် ရာထူးပေးထားလိုက်ပါသည်။

မနက်ဆို 'မောင်နေမင်း' က ကျွန်မကို ကုမ္ပဏီမှာ ချခဲ့ကာ သူက 'PARADISE' မှာ အပမ်းဖြေသည်။

ဒီအချိန်က ကျွန်မအတွက် အကြည်နူး အသာယာဆုံးသော အချိန်တွေပါပဲ။

တစ်ခါတစ်လေ ကျွန်မ မြို့ပြင်ကို ထွက်ကာ လေညင်းခံ သည်။ တစ်ခါတလေ ကျွန်မ သီချင်းတွေ အော်ဆိုသည်။

သည်အခါ ကျွန်မဘေးမှာ ရပ်ကာ ကျွန်မသည်းငြီးကို ခံပေး သူက 'နေမင်း' ပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'နေမင်း' မမကို ကြည့်ကာ သနားသည်။ သူမ အသက်အရွယ်နှင့် လူကြီးလုပ်နေရတာ သူမအတွက် အချုပ်ချယ် အပိတ်အလှောင်ကို ခံထားရသလိုပါပဲ။

တစ်ခါတစ်လေ ဒီလို စိတ်ထွက်ပေါက်လည်း ရှိစေချင်ပါသည်။

'နေမင်း' နဲ့တွေ့ပြီးနောက်ပိုင်း မမရဲ့ပုံစံက အများကြီး ပြောင်းလွဲသွားခဲ့ပါသည်။

အရင်က အလုပ်ထဲကိုသာ စိတ်နှစ်ထားခဲ့သော မမတစ်ယောက် ခုတော့ ပြင်ပအားလပ်ချိန်လေးတွေကို ပိုပေးလာသည်။

တစ်ခါတစ်လေ ချောင်းသာကို သွားချင်သွားကာ တစ်ခါတစ်လေ စင်ကာပူကို ဈေးဝယ်ထွက်တတ်သည်။ သည်အခါများမှာ မမရဲ့ဘေးမှာ အဖော်က 'နေမင်း' ပါ။

'နေမင်း' မကြာခဏ သည်လိုသွားရတော့ 'လဝန်း' က 'နေမင်း'ကို စကားမပြောတော့ပါ။

"'လဝန်း' ကလည်းကွာ အလုပ်သဘောနဲ့ သွားရတဲ့ဥစ္စာ ဒီလောက်ဖြစ်နေရတာလဲ"

"ဘာ အလုပ်သဘောလဲ... မမ ရှင့်ကို စိတ်ဝင်စားနေတာ လူတိုင်းသိတယ်"

"သူစိတ်ဝင်စားလည်း ကိုယ် 'လဝန်း'ကိုပဲချစ်လို့ စေ့တောင်စေ့စပ်ပြီးခဲ့ပြီပဲ"

"စေ့စပ်တာ ပိုင်တာ မဟုတ်ဘူး... ဆိုင်ပဲဆိုင်သေးတာ... 'လဝန်း' မောင့်ကို ပိုင်ဆိုင်ချင်တာ... လက်လွှတ်ဆုံးရှုံးရမှာ စိုးရိမ်တယ်"

"ဒါဆို မောင်တို့ လက်ထပ်ကြမယ်လေ"

မောင့်ဘက်က သည်လို လိုက်လျောပြန်တော့လည်း 'လဝန်း'



www.burmeseclassic.com

www.burmeseclassic.com



ဘက်က အသင့်မဖြစ်သေးပါ။

ခုတလော အဖေ့ရောဂါ အခြေအနေက ပိုပို ဆိုးဝါးလာသည် မဟုတ်ပါလား။

တစ်လောကတင် အဖေ့ကို ဆေးရုံက ပြန်ခေါ်လာခဲ့ရသည်။

ဒီလို အခြေအနေဆိုးကြီးထဲမှာ 'လဝန်း' မောင့်ကို လက်မထပ်ချင်ပါ။

အမေကတော့ 'နေမင်း' ကိုပဲ ဖိကြိမ်းနေပါသည်။

" 'နေမင်း' နော်... 'လဝန်း' အားငယ်နေချိန်မှာ မင်း အိမ်ကို မှန်မှန် ပြန်လာသင့်တယ်... 'လဝန်း' ဟာ မင်းလက်ထပ်ရမယ့် မိန်းမ"

"အမေကလည်းဗျာ... သားပြန်မလာလို့လား... အလုပ်ရှိရင်တော့ လုပ်ရမှာပေါ့"

"ဘာလဲ... အလုပ်ဆိုတာ အလုပ်ရှင်မိန်းမအတွက် အဖြည့်ခံနေရတာလား"

အမေကတမျောင့်၊ 'လဝန်း' က တမျောင့်ဆိုတော့ 'နေမင်း' အိမ်ကို မပြန်ချင်ပါ။

မမနဲ့နေရတာ ပျော်သည်။ မမက 'နေမင်း' ကို ကလေးတစ်ယောက်လို ကြင်နာသည်။

မမနဲ့နေရလျှင် 'နေမင်း' အဖို့ စိတ်ညစ်စရာဆိုတာ မြူတစ်မှုံပင် မရှိ။

သည်တော့ 'နေမင်း' မမ အိမ်မှာ ပိုနေဖြစ်သည်။

သည်လို နေဖြစ်တာကပဲ အမေနဲ့ မမတို့ကို ပိုပြီး ဆုံဖြစ်သည်လား 'နေမင်း' လည်း မသိတော့ပါ။

ထိုနေ့က မမက ဗိုက်ပြန်အောင့် နေ၍ 'နေမင်း' မအပါးမှာ ရှိနေသော အချိန်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'နေမင်း' က မမ ကို ဆေးရုံသွားစေချင်ပေမယ့် မမက ဆေးရှိတယ်ဆိုကာ ဆေးသောက်ပြီး မှိန်းနေတာကြောင့် 'နေမင်း' စောင့်ပေးနေချိန်ဖြစ်ပါသည်။

ထိုအချိန် ခြံဝမှာ အမေ့အသံ ခပ်စူးစူးကို 'နေမင်း' စ ကြားလိုက်ရတာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၂၆

"ဒီခြံက 'ဒေါ်ဦးဦးသာ' ရဲ့ ခြံလား"

"ဟုတ်ပါတယ်... ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

ခြံစောင့်ရဲ့ မေးသံအဆုံး အမေ့အသံ ကျယ်ကျယ် လောင်လောင် ထွက်လာခဲ့တာ ဖြစ်ပါသည်။

"ကျုပ် 'နေမင်း' ရဲ့အမေပဲ... 'နေမင်း' ကို တွေ့ချင်တယ်"

"အမေ"

'နေမင်း' အပေါ်ထပ်မှ ပြေးဆင်းကာ အမေ့နားကို လျှောက်လာခဲ့ပါသည်။

"အမေ ဘာဖြစ်လို့ လိုက်လာခဲ့တာလဲ"

"လိုက်ရမှာပေါ့... မင်းက ငါ့သားပဲ... ငါမလိုက်လို့ ဖြစ်မလား... ဟိုမှာ ဘာတွေဖြစ်နေပြီလဲ မင်းသိလား..."

"ဘာဖြစ်လို့လဲ အမေ"

" 'လဝန်း' အဖေ အသဲအသန်ဖြစ်လို့ ဆေးရုံတင်လိုက်ရပြီ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ မကောင်းဘူး"

"ဒီမှာလဲ..."

ပြောရင်း 'နေမင်း' အသံ လည်ချောင်းဝမှာ ပျောက်ကွယ်သွားပါသည်။

"လိုက်သွားလိုက်ပါ 'မောင်နေမင်း'... မမ သက်သာပါတယ်"

မမ ဘယ်အချိန်က ကျွန်တော်တို့အပေါ်း ရောက်လာသည် မသိ။

"မမ ဒါ ကျွန်တော့်ရဲ့အမေ 'ဒေါ်မင်းမှူ' ပါ"

ကျွန်မ ခေါင်းညိမ့်ကာ ပြုံးပြလိုက်ပါသည်။

"ကျွန်မ 'ဦးဦးသာ' ပါ... အဒေါ်အိမ်ထဲကို ဝင်ပါအုံးလား"

အဒေါ်ကြီးက ခေါင်းကိုခါကာ ကျွန်မကို စိုက်ကြည့်နေပါသည်။

"ညည်းကို ကျုပ် မြင်ဘူးသလိုပဲ"

ကျွန်မ ပြုံးကာ အဒေါ်ကြီးကို လှမ်းပြောလိုက်ပါသည်။

"အဒေါ်ထင်တာ နေမှာပါ... ကျွန်မကတော့ အဒေါ့်ကိုခုမှ စတွေ့ဖူးတာ"

ပြောင်းဖူးမွေးလို ဆံပင်ဖွာဖွာ၊ စုတ်ပြတ်ညစ်ပေနေသော အဝတ်အစားနှင့် 'ဒေါ်မှူ' ပုံစံက လွန်ခဲ့သော ဆယ့်ငါးနှစ်က ပုံစံနှင့် တခြားစီပါ။

"ရော့ 'မောင်နေမင်း'... မင်း အမေနဲ့လိုက်သွားပြီး လိုအပ်တာ လုပ်ပေးလိုက်ပါ... 'လဝန်း' လေးကိုလည်း မမက မေးတယ်လို့ ပြောပေးပါနော်"

ပြောရင်း မမမျက်နှာက ရှုံ့မဲ့သွား၍ 'နေမင်း' စိုးရိမ်စွာ ဖေးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ဖြစ်ရဲ့လား... ကျွန်တော် ဆေးရုံလိုက်ပို့ပေးရမလား"

"ဖြစ်ပါတယ် 'မောင်နေမင်း' ရယ်... မင်းသာ မင်းအမေနဲ့ အတူ ဆေးရုံကို အမြန်ဆုံး လိုက်သွားလိုက်ပါ"

ပြောပြီးပြီးချင်း ကျွန်မအိမ်ပေါ်ကို ပြန်တက်လာခဲ့လိုက်ပါသည်။

နားထဲမှာတော့ ကျွန်မရဲ့ ဆရာဝန်ပြောသော စကားကိုကြားယောင်နေမိပါသည်။

"ကျွန်တော် 'ဒေါ်ဦးဦးသာ' ရဲ့ ရောဂါကို သဘောမကျဘူး ဆေးတွေလည်း မှန်မှန်သောက်နေရဲ့နဲ့ ဒီလို ပြန်ပြန်ဖြစ်နေတာ အကြောင်းတော့ရှိရမယ်... ကျွန်တော် သေသေချာချာ စစ်ဆေးကြည့်ချင်တယ်"

"ဆရာရယ်... ရိုးရိုးပဲ အစာအိမ်ရောင်တာ နေမှာပါ"

ကျွန်မ ခပ်ပေါ့ပေါ့ဆဆပင် ရယ်မောနေခဲ့မိပေမယ့် ဆရာ့မျက်နှာ တည်နေတာကို ဂရုပြုနေမိခဲ့ပါသည်။

မနက်ဖြန်ဆိုလျှင် ကျွန်မရဲ့ ဆေးစစ်ချက် ရီဇတ်ထွက်တော့မည်။

ကျွန်မ ဘာဖြစ်မှာလဲ။

ကျွန်မအားလုံးကို ခွဲသွားရတော့မှာလား။

ခွဲမသွားခင်လေးမှာ ကျွန်မ 'ဒေါ်မှုံ' ဆိုတဲ့ မိန်းမကြီးကို အနိုင်ယူချင်ပါသေးသည်။

ကျွန်မ ရပ်နေရာမှ နေရာတွင် ချက်ချင်းထိုင်ကာ မျက်နှာကို အရှုံ့...

"ကျုပ် မှတ်မိပြီ... ညည်း ညည်း 'ကမ္ဘာ' မဟုတ်လား"

"မမ ကျွန်တော် ဘာလုပ်ပေးရမလဲ"

'နေမင်း' က ကျွန်မအပါးကို စိုးရိမ်စွာ ပြေးလာကာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို ထွေးပွေ့ဖက်လိုက်ပါသည်။

ကျွန်မ 'နေမင်း' ကို ပြန်ဖက်ရင်း တိုးတိတ်စွာ ပြောလိုက်မိပါသည်။

" မမကိုထားခဲ့ပါ 'မောင်နေမင်း'... မင်းအမေနဲ့ ပြန်လိုက်သွားလိုက်ပါ"

"မသွားဘူး... မမ ဒီလောက်ဖြစ်နေတာ ကျွန်တော် ဘယ်လိုလုပ် သွားလို့ရမှာလဲ... 'ဒေါ်အုံး'... 'ဒေါ်အုံး'"

'နေမင်း' ရဲ့အော်ခေါ်သံအဆုံး 'ဒေါ်အုံး' အိမ်ထဲမှပြေးထွက်လာလေသည်။

"မမကို ကျွန်တော် ဆေးရုံလိုက်ပို့မယ်... လိုအပ်တာတွေလုပ်ပေးပါ"

ပထမ 'ဒေါ်မှူ' ကို အနိုင်ယူချင်စိတ်ဖြင့် ကျွန်မ ဟန်ဆောင်နေတာဖြစ်ပေမယ့် နောက်ပိုင်း ကျွန်မ တကယ် မဟန်နိုင်တော့ပါ။

ကျွန်မ ချစ်သောသူနဲ့ ကျွန်မ တကယ်ပဲ ခွဲခွာရတော့မှာလား။

ဟင့်အင်း ကျွန်မ မခွဲချင်ပါဘူး။

ကျွန်မ နာကျင်နေတဲ့ကြားက 'နေမင်း' ကို အငေး...

"မမ ဘာမှ မပူနဲ့... မမ အနားမှာ ကျွန်တော်ရှိတယ်... ကျွန်တော် မမရောဂါကို ပျောက်အောင်ကုပေးမယ်"

"မင်း အမေကော ... မင်း 'လဝန်း' ဆီ လိုက်သွားလေ"

"မလိုတော့ဘူး မမ... 'လဝန်း' အဖေနားမှာ 'လဝန်း' ရှိနေတာပဲ... မမ အနားမှာ ဘယ်သူမှရှိတာမဟုတ်ဘူး"

" 'နေမင်း' ရယ်"

ဝမ်းသာလွန်းတဲ့စိတ်ဖြင့် ကျွန်မ မျက်ဝန်းတွင် မျက်ရည်များစီးအကျ...



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘယ်သူဖြစ်ဖြစ် ကျွန်တော် မမကိုချစ်တယ်... မမကို ပစ်မထားရက်ဘူး"

"ကျေးဇူးတင်ပါတယ် ကလေးရယ်"

သည်လိုနှင့် ကျွန်မ ဆေးရုံကို ရောက်လာခဲ့ပါသည်။

ကျွန်မ အခြေအနေ တည်ငြိမ်သည်နှင့် 'လဝန်း' ဆီကိုလိုက်သွားဘို့ သတိပေးရပြန်သည်။

" 'လဝန်း' 'မောင်နေမင်း' ကို မျှော်နေမှာပဲ"

'လဝန်း' အံကြိတ်ကာ ရှိုက်ငိုလိုက်ပါသည်။

ခုနလေးတင် အဖေက 'ဒေါ်မှုံ' ကို တိုးတိုးတိတ်တိတ်ကြိတ်မှာသွားခဲ့ပါသည်။

သူဆုံးပြီး တစ်လအကြာမှာ 'လဝန်း' နဲ့ 'နေမင်း' တို့ကို လက်ထပ်ပေးစားလိုက်ပါတဲ့။

သူ့သမီးလေးကို စောင့်ရှောက်ပေးဘို့ 'နေမင်း' ကို မှာခဲ့ပေမယ့် 'နေမင်း' အချိန်မှီ ရောက်မလာခဲ့ပါ။

'နေမင်း' ရောက်လာချိန်မှာတော့ အဖေ လူ့လောကထဲက အပြီးတိုင် ထွက်ခွာသွားခဲ့ပါပြီ။

"ဟင် သားမိုက်... အမေလုပ်တဲ့သူကတော့ တာဝန်ကြေအေးချင်လွန်းလို့ လိုက်ခေါ်ပါတယ်... သူက ဟိုမှာ တာဝန်တွေကြေနေလိုက်တာ... အဲ့ဒီ မိန်းမက မင်းနဲ့ဘာတော်တယ် မှတ်လို့လဲ"

'နေမင်း' အမေဖြစ်သူကို လှမ်းကြည့်လိုက်မိပါသည်။

အမေ့မျက်နှာက ခက်ထန်ကာ ရုပ်ကခါတိုင်းထက်ကို ပိုအိုမင်းနေပါသည်။

"မင်းအဖေ မသေခင် လက်ထပ်သွားခဲ့တဲ့ မင်းရဲ့မိထွေးဆိုတာ အဲ့ဒီမိန်းမပဲ"

'နေမင်း' ဘာစကားမှပင် မပြောနိုင်အောင် ငါးစပ်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



လောင်း ပွင့်သွားခဲ့ရပါသည်။

မမက ဖေဖေ နောက်ထပ်ယူခဲ့သော မိန်းမတဲ့လား။

"ငါလည်း မသက်ာလို့ မင်းအဖေနောက်ဆုံး ရေးလိုက်တဲ့ စာကို လိုက်ရှာရင်း အဲ့ဒီမိန်းမနေတဲ့လိပ်စာကို ရခဲ့တာပဲ... ဒါကြောင့် မွန္တလေးကိုလာထဲက ငါ့ကိုပြောခဲ့တာ... သူ့အဖေပစ္စည်းအားလုံးကို ငါယူခဲ့သလို ငါ့ပစ္စည်းအားလုံးကိုလည်း ပြန်ယူမယ်လို့... တော်တော် အကြံကြီးတဲ့ ကောင်မပဲ... မဖြစ်ဘူး မဖြစ်ဘူး 'လဝန်း' အဖေဆုံးလို့ ရက်လည်တာနဲ့ မင်းတို့ရုံးမှာတက် လက်မှတ်ထိုးလိုက်တော့"

"မဟုတ်တာ အမေရယ်... အမေဖြစ်စေချင်တာ တစ်ခုတည်းနဲ့ လုပ်ရအောင် ပတ်ဝန်းကျင်က ဘာပြောမလဲ"

"အို ငါ မသိဘူး... ငါသိတာ မင်း 'ကမ္ဘာ' လက်ကိုပါမသွားဖို့ဘဲ... ဒီနေ့ကစပြီး မင်း အဲ့ဒီ 'ကမ္ဘာ' ဆိုတဲ့မိန်းမနဲ့ မပတ်သက်နဲ့တော့... အဆက်အသွယ်လည်း မလုပ်နဲ့တော့... ပေးစမ်း... အဲ့ဒီ ဖုန်း"

ပြောရင်းမှ အမေက ဒေါသနဲ့ ဖုန်းကို အဝေးသို့လွှင့်အပစ်

"အမေကလည်း ဘာတွေလုပ်နေတာလဲ... အမေ မကျေနပ်ရင် ဒီပစ္စည်းတွေ မမကို ပြန်ပေးလိုက်ရုံပဲပေါ့... ဘာလွှင့်ပစ်စရာရှိလဲ"

"ငါ အဲ့ဒီ ကောင်မနဲ့ကို မပတ်သက်စေချင်တော့ဘူး"

"အဲ့ဒါဆိုလည်း အမေတို့ပဲ အစတည်းက ကင်းအောင်ရှင်းအောင်နေခဲ့ကြပါလား... ခု သားလက်ထက်ကြကာမှ ကင်းချင်လို့ ရမလား"

"ဒါဆို မင်း အဲ့ဒီကို သွားအုံးမယ်ပေါ့"

"သွားရအုံးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



'လဝန်း' ၏ ဖခင်ကြီး ရက်လည်ပြီးသည်နှင့် 'နေမင်း' မေ ရှိရာ ဆေးရုံကို ထွက်လာခဲ့လိုက်ပါသည်။

မမ တစ်ယောက်တည်း ဘယ်လောက်အားငယ် နေရှာမလဲ။ ဘယ်လောက်များ အထီးကျန်ဆန်နေမလဲ။

မမနဲ့လူကြီးတွေ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ 'နေမင်း' နဲ့ မမကြားမှာ ဘာမှ မဖြစ်ခဲ့ပါ။

'နေမင်း' မမကို ယုံကြည်သလို မမလည်း 'နေမင်း' ကို ယုံကြည်မှာပါပဲ။

'နေမင်း' ရောက်သွားတဲ့အချိန်တွင် မမကို ကုတင်ပေါ်တွင် လှဲလျောင်းရက်သား တွေ့ရပါသည်။

မတွေ့ရတာ ဘယ်လောက်မှ မကြာသေးပေမယ့် မမရဲ့မျက်ကွင်းတွေက ပိုညိုကာ မမရဲ့အသားတွေက ပိုဖျော့တော့သွားသလို 'နေမင်း' ထင်မိပါသည်။

မမ နေမှကောင်းပါရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com


# ၂၇

"မမ"

မမအနားကို တီးတိုးကပ်ကာခေါ်တော့ မမ မျက်လုံးလေးတွေပွင့်လာပါသည်။

" မမ နေလို့ကောင်းရဲ့လား"

တစ်နေ့က ဆရာဝန်ဆီက ရီဇတ်ရပြီးတည်းက ကျွန်မကိုယ့်အခြေအနေကိုယ် သိပြီးပါပြီ။

အူမကြီးကင်ဆာတဲ့။

'နေမင်း' ၏မျက်နှာကို ငေးကြည့်ရင်း 'ဦးသစ်လွင်' ကျိန်ခဲ့တာကို ပြန်သတိရမိပါသည်။

"မင်းသာ ပန်းတစ်ပွင့်ဖြစ်လို့ ငါသာ လိပ်ပြာတစ်ကောင်ဖြစ်ခဲ့ရင် မင်းလိုပန်းပွင့်ကို ဘယ်လိုလိပ်ပြာမျိုးကမှ လာပြီးမခစားမူး မသာယာပါစေနဲ့လို့ ငါ ကျိန်ခဲ့မယ်...

ကုန်ကုန်ပြောမယ်ကွာ... မင်းချစ်တဲ့သူနဲ့မင်းနဲ့ ဘယ်တော့


www.burmeseclassic.com

www.burmeseclassic.com



မှ မပေါင်းဆုံရပါစေနဲ့."

ခု ကျွန်မ ကြုံတွေ့နေရတာ လိပ်ပြာကျိန်စာပါပဲ။

ကျွန်မ လူ့လောကတွင် အလွန်ဆုံးနေရလှ ခြောက်လပေါ့။ ဒါပေမယ့် ဒီလို အခြေအနေကြီးနဲ့ ခြောက်လကြာအောင် ကျွန်မ မနေချင်တော့ပါ။

ကျွန်မ 'မောင်နေမင်း' လက်ကိုဆုပ်ကိုင်ကာ တီးတိုးမေး လိုက်မိပါသည်။

" မမကို စိတ်မဆိုးဘူးလား"

" ဆိုးတယ် "

"မုန်းကော မမုန်းဘူးလား"

"အရမ်းကို မုန်းတာပေါ့"

"ဒါဆို မင်း မမဆီကို ဘာလို့လာခဲ့ရတာလဲကွယ်"

'နေမင်း' လည်း မသိပါ။ ခုချိန် သူ့ရင်ထဲမှာငိုချင်နေတာပဲ သိပါသည်။

"မမ မင်းအမေကို အနိုင်ယူချင်တာနဲ့ မင်းအဖေကို မချစ်ဘဲ နဲ့ လက်ထပ်ခဲ့မိတယ်... ဒီစိတ်နဲ့ မင်းအဖေလည်း ဆုံးပါးသွားခဲ့ ရရှာတယ်"

ပြောရင်း ကျွန်မ မျက်ရည်များ ရစ်ဝဲလာခဲ့ပါသည်။

ဒီအဖြစ်တွေကြောင့်ပဲ 'ဦးသစ်လွင်' ကျွန်မကို ကျိန်စာတိုက် ခဲ့လေသလား။ ဘာပဲဖြစ်ဖြစ် 'နေမင်း' လေးကိုတော့ ကျွန်မ နှစ်နှစ်ကာကာ ချစ်ခဲ့မိပါသည်။

"အခု မင်းဘာလာ လုပ်တာလဲ"

"မမရဲ့ ဖုန်းနဲ့ကားကို လာပြန်အပ်တာပါ... ရှေ့လထဲမှာ 'လဝန်း' နဲ့ ကျွန်တော် ရုံးမှာတက်ပြီး လက်မှတ်ထိုးကြမယ်"

"မင်းအမေရဲ့ အစီအစဉ်တွေပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



'နေမင်း' ဘာမှမပြောဘဲ ခေါင်းငုံ့နေမိပါသည်။

ခုချိန် မမအပေါ်မှာ သူ လိုအပ်နေသလို 'လဝန်း' ရဲ့အပေါ်မှာလည်း 'နေမင်း' မရှိလို့မဖြစ်ပါ။

'ကမ္ဘာ' ရယ်၊ နေရယ်၊ လရယ် ဆိုတာ ကင်းကွာလို့မှ မရစတမ်းပဲလေ။

"ရှေ့လဆို မမ ရှိအုံးမှာပါ... မမ လာဖြစ်အောင်လာခဲ့မယ်လို့ 'လဝန်း' ကို ပြောပြပေးပါ"

"မမက ဘယ်သွားဖို့ စိတ်ကူးထားလို့လဲ"

ကျွန်မရဲ့ အခြေအနေကို 'နေမင်း' မသိစေချင်တော့ပါ။

ကျွန်မရဲ့ နောက်ဆုံးကျန်ရှိနေသေးသော အချိန်တွေကို အေးချမ်းစွာပဲ ဖြတ်ကျော်ချင်ပါသည်။

ဖြစ်နိုင်လျှင် 'နေမင်း' တို့ လက်ထပ်မယ့်နေ့ကိုပဲ ကျွန်မ ကြိုသိချင်ပါသည်။ ဒါကြောင့်လည်း...

"ဖိတ်စာရရင် မမကို ကြိုပေးလို့ရမလား"

"ကျွန်တော်ကိုယ်တိုင် လာပေးပါ့မယ် မမ"

ကျွန်မ ခေါင်းညိမ့်ကာ မျက်လုံးကိုမှိတ်ထား လိုက်မိပါသည်။

ကျွန်မ မျက်လုံးပြန်ဖွင့်လိုက်ချိန်မှာ 'နေမင်း' ကျွန်မ အပါးတွင် မရှိတော့ပါ။ သူ့ကိုယ်စား ကားသော့နဲ့ ဖုန်းလေးတစ်လုံးပဲ ကျန်ရစ်ခဲ့ပါသည်။

ကျွန်မ ကားသော့နဲ့ဖုန်းလေးကို ကိုင်ကြည့်ပြီး မျက်ရည်တွေစီးကျလာခဲ့ပါတော့သည်။

တစ်ခါတုန်းက ကျွန်မ 'ဒေါ်မင်းမှူး' ကို စိန်ခေါ်ခဲ့ဖူးပါသည်။

ကျွန်မ မိဘပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို မတရားယူသွားတဲ့သူမို့ သူပိုင်တဲ့ပစ္စည်းတွေကို ကျွန်မ ပြန်ယူမည်ဟုပါ။

www.burmeseclassic.com

www.burmeseclassic.com



'ဦးသစ်လွင်' ခေါ် 'ဦးလေးထွန်း' ကို ကျွန်မ ယူနိုင်ခဲ့ပေမယ့် 'ရှင်နေမင်း' ဆိုတဲ့ 'ဒေါ်မှုံ' သားကိုတော့ ကျွန်မ ယူနိုင်မည်မထင်တော့ပါ။ဒီအတွက် 'ဒေါ်မှုံ' ကျွန်မကို ဟားတိုက်ကာ ရယ်မောနေမှာလား။

နောက်ဆုံးအချိန်ထိ ကျွန်မ 'ဒေါ်မှုံ' ဆိုတဲ့ မိန်းမကြီးကို မုန်းတီးရွံရှာနေမိပါသေးသည်။

ဒီမိန်းမကြီးလုပ်လို့ ကျွန်မတို့ မိသားစုအားလုံး သေကွဲ၊ကွဲခဲ့ရသည်။

ကျွန်မ အဖေသေတော့ ကျွန်မ အခုလက်ရှိ အသက်ထက်ပင် ငယ်နေသေး၏။ အဖေ့အသက်မှ သုံးဆယ်ပဲရှိပါသေးသည်။ အမေဆိုလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ သေခဲ့ရတာ။

ခု ကျွန်မလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ လူ့လောကကို စွန့်ခွာသွားရတော့မည်။

ဒီအချိန်မှာ ကျွန်မ 'ဒေါ်မှုံ' ကို အနိုင်ယူသွားချင်သေးသည်။

တစ်ချိန်လုံး နိုင်နေခဲ့သူအတွက် ရှုံးရခြင်းရဲ့ ခါးသီးသောအရသာကို ခံစားကြည့်စေချင်သည်။

ကျွန်မ ဘာလုပ်ရမလဲ။

သည်အတွေးကိုအရောက် ကျွန်မကိုယ်မှ ခံစားနေရသောဝေဒနာတွေက လျော့ပါးကာ ကျွန်မကိုယ်က ပေါ့ပါးသွားသလိုထင်မိပါသည်။ကျွန်မတစ်ကိုယ်တည်း ကြည်နူးစွာ ပြုံးလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၉

အနှစ်နှစ်အလလက မျှော်လင့်တောင့်တ ခံစားခဲ့ရသော သားရဲ့ မင်္ဂလာပွဲမို့ 'ဒေါ်မွှံ' အပျော်ကြီးကို ပျော်နေမိပါသည်။

'လဝန်း' လေးရဲ့အဖေဆုံးပြီး တစ်လအကြာတွင် ကျင်းပတဲ့ပွဲမို့ ရပ်ကွက်ကိုအားနာပေမယ့် တစ်ရပ်ကွက်လုံးက 'လဝန်း' လေးအတွက် နားလည်ပေးကြပါသည်။

ဖခင်ဆုံးပါးသွား၍ တစ်ယောက်တည်းအားငယ်စွာ ကျန်နေရစ်ခဲ့သော 'လဝန်း' အတွက် ဘေးနားက မားမားမတ်မတ်ရပ်တည်ပေးမယ့် ယောကျ်ားကောင်းတစ်ယောက် လိုအပ်တာကို အားလုံးက နားလည်ပေးကြပါသည်။

'ဒေါ်မွှံ' မျှော်လင့်သလိုပင် သူမရဲ့ အရည်အသွေးကောင်းလှသော ကျောက်စိမ်းနားကပ်လေးက သိန်းတစ်ရာကျော်လောက်ဧ တာကြောင့် သားအလုပ်အတွက် ကကတစ်စီးဝယ်ပေးလိုက်ကာ

www.burmeseclassic.com



ကျန်သောငွေလေးဖြင့် မင်္ဂလာပွဲကို ကျင်းပဖို့ စီစဉ်နေမိတာဖြစ်ပါသည်။

သားဖြစ်သူ ကကဆွဲနေပြီဆိုတော့လည်း 'လဝန်း' ကိုအလုပ်မဆင်းခိုင်းတော့ပါ။

'ကမ္ဘာ' ဆိုသောမိန်းမနဲ့ သားကိုကော 'လဝန်း' ကိုပါ လုံးဝမပတ်သက်စေချင်တာ 'ဒေါ်မှုံ' ရဲ့ အဓိက ဆန္ဒပါ။

ဘာပဲဖြစ်ဖြစ် ခဏနေလျှင် သားကော 'လဝန်း' ပါ တရားရုံးမှာသွားကာ လက်မှတ်ထိုးကြမည်။

ပြန်လာလျှင် မင်္ဂလာညည့်ခံပွဲကို ခမ်းနားစွာကျင်းပမှာမို့ 'ဒေါ်မှုံ' မျက်နှာတွင် အပြုံးတွေ ဝေနေရပါတော့သည်။

သတို့သားဖြစ်သူ သား 'နေမင်း' က ငွေရောင်ပိုးစစ်လုံချည်ဖြင့် ခန့်ညားသားနားနေသလို သတို့သမီး 'လဝန်း' လေးကလည်း ခဲငွေရောင် ဇာဝမ်းဆက်ဖြင့် လှပကျော့ရှင်းနေပါသည်။

အသားမည်းသော သူမကိုယ်တွင် ရွှေညိုရောင်ဇာအကျီနှင့် ဇင်းမယ်လုံချည် အညိုစုံးကိုဝတ်ထားတာကြောင့် ခါတိုင်းမြင်နေကြရပ်ထက် သူမအသွင်က ခန့်ညားတောက်ပြောင် နေရပါသည်။

တကယ်တော့ ဘဝပေးအခြေအနေ ဆင်းရဲသွား၍သာ သူမဘဝ စုတ်ပြတ်သွားရပေမယ့် တစ်ချိန်က 'မမှုံ' ဆိုတာ မန္တလေးကျောက်လောကတွင် မသိသူ မရှိလောက်အောင် ကျော်ကြားခဲ့သူပဲ မဟုတ်ပါလား။

အိမ်ထောင်ပျက်သွားတော့ စိတ်ညစ်ညစ်ဖြင့် လောင်းကစားဖက်ကာ အရက်ပါစွဲခဲ့ရ၍ သူမ ဘဝပျက်သွားပေမယ့် သားလေးဘဝ ပျက်မသွားတာကိုပဲ ကျေးဇူးတင်ရပါမည်။

"အမေ ခဏနေ ကျွန်တော်တို့ တရားရုံးသွားတော့မယ်... နောက်ပိုင်းကိစ္စ အမေတစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား"

www.burmeseclassic.com



"ဘာလို့ မဖြစ်ရမှာလဲကွယ်... သားတို့သွားလည်း တစ်နေ ရှိ နှစ်နာရီပေါ့... အမေ စီစဉ်နိုင်ပါတယ်"

မင်္ဂလာဧည့်ခံပွဲအတွက် ကြက်လျှာစွန်းဒန်ပေါက်ကိုလည်း အော်ဒါမှာပြီးသားဆိုတော့ ဘာမှသိပ်လုပ်စရာ မကျန်တော့ပါ။

ချဉ်ပေါင်ရွက်ဟင်းချိုအိုးပဲ နွေးထားရမှာမို့ 'ဒေါ်မှုံ' နောက် ဖေးဘက်ကိုဝင်အလာ မဏ္ဍပ်ရှေ့ကို 'ဒေါ်ဦးဦးသာ'၏ မာစီဒီးကား ကြီး ထိုးဆိုက်လာပါသည်။

ကားပေါ်တွင် မမ ပါမလာပါ။ မန်နေဂျာ 'ဦးကျော်မြင့်'သာ ဆင်းလာရင်း 'နေမင်း' ကို လှမ်းပြောပါသည်။

" 'မောင်နေမင်း' ကို 'ဒေါ်ဦးဦးသာ' က ခဏလောက်တွေ့ ချင်လို့ အန်ကယ့်ကို ခေါ်ခိုင်းလိုက်ပါတယ်"

"ကျွန်တော်ခုပဲ တရားရုံးကို သွားတော့မလို့ အန်ကယ်"

"ခဏလေးပါ 'မောင်နေမင်း' ရယ်... သူ အရေးကြီးတာ ပြောစရာရှိလို့တဲ့"

'နေမင်း' အနားတွင် ရပ်လာသော 'လဝန်း' ကို ငဲ့ကြည့် လိုက်မိပါသည်။

'လဝန်း' မျက်နှာမှာလည်း 'နေမင်း' ကို လိုက်မသွားစေချင် တဲ့ဆန္ဒတွေရှိသလို မန်နေဂျာ 'ဦးကျော်မြင့်' ကိုလည်း အားနာတဲ့ စိတ်တွေလည်း ပြည့်နက်နေလေသည်။

"မောင် ဘယ်လိုလုပ်ရမလဲ 'လဝန်း'"

"ခဏပဲဆို လိုက်သွားလိုက်ပါ မောင်ရယ်... 'လဝန်း' စော နေပါ့မယ်"

"ဒါ 'ဒေါ်ဦးဦးသာ' က 'ဒေါ်မင်းမှုံ' ကို ပေးလိုက်တဲ့ လ ဖွဲ့ပါ"

မန်နေဂျာ 'ဦးကျော်မြင့်' လှမ်းပေးသော စာအိတ်ကို 'လဝန်း



www.burmeseclassic.com

www.burmeseclassic.com



ယူရင်း ကားပေါ်တက်သွားတဲ့ မောင့်ကိုငေးကြည့်နေမိပါသည်။

မမ ဘာလုပ် မလို့ပါလိမ့်။

မောင် 'လဝန်း' ဆီကို အချိန်မှီ ပြန်လာနိုင်ပါ့မလား။ အချိန်မမှီခဲ့ရင်ကော 'လဝန်း' ဘာလုပ်ရမှာပါလိမ့်။

'လဝန်း' တွေးနေချိန် နောက်ဖေးက ပြန်ထွက်လာသော 'ဒေါ်မှုံ' မှာလည်း 'လဝန်း' ကို ရုတ်တရက်တွေ့လိုက်ရ၍ အံ့သြသွားခဲ့မိပါသည်။

" သမီး 'လဝန်း' ... သားကော"

" 'ဒေါ်ဦးဦးသာ' တွေ့ချင်တယ်ဆိုလို့ လာခေါ်သွားတယ် အမေ"

"ဘာ"

'ဒေါ်မှုံ' ရင်ထဲ ဒိန်းကနဲနေအောင် ဆောင့်ခုန်သွားခဲ့ပါသည်။

ဒါ 'ကမ္ဘာ' တမင် လာလုပ်သွားတာ မဖြစ်နိုင်ဘူးလား။

"ဒီမှာလည်း အမေ့ကို ပေးဖို့ဆိုပြီး စာတစ်စောင်ပေးသွားသေးတယ်"

"ပေးစမ်း... ပေးစမ်း"

'ဒေါ်မှုံ' 'လဝန်း' လက်ထဲကစာကို ဆွဲလုရင်း ကပျာကယာဖွင့်ပြီး ဖတ်ကြည့်လိုက်ပါသည်။

'အဒေါ်မှုံ

ကမ္ဘာ စားရေးလိုက်ပါတယ်...

ပွဲပြီးသွားပြီထင်လို့ အဒေါ် ဝမ်းသာနေတာလား...

ပွဲက အခုမှစတာပါ...

ကမ္ဘာ'

"အံ့မယ်လေး... 'ကမ္ဘာ' ငါ့ကို ဒုက္ခပေးသွားပြီ... ငါ့သားကို ခေါ်ပေးကြပါ... သားရေ သား"



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်မင်းမှူ' နေရာတွင်ထိုင်ချကာ အော်ဟစ်ပြီး ငိုကြွေးနေချိန် မမ၏ကားပေါ်တွင်ပါလာသော 'နေမင်း' မှာတော့ မန်နေဂျာ 'ဦးကျော်မြင့်' ကို နားမလည်သလို မေးလိုက်ပါသည်။

"မမ ဘယ်မှာလဲ 'ဦးကျော်မြင့်'..."

"မင်းရောက်ရင် တွေ့ရမှာပါ"

ရောက်ရင်ဆိုပေမယ့် ကားက မမရှိရာ တက္ကသိုလ်ရိပ်သာလမ်းကိုလည်း မမောင်းပါ။ မမ ကုမ္ပဏီရှိရာ မြို့ထဲကိုလည်း မမောင်း၊ အင်းလျားလမ်းရှိ ဆိုင်ဘက်ကိုလည်း မကွေ့တာကြောင့် 'နေမင်း' တအံ့တဩအကြည့် ကားက ရန်ကုန်မြို့ပြင်ကို တရိပ်ရိပ်မောင်းနေပါပြီ။

မမ ဘယ်မှာလဲ။ မမ ဘာတွေလုပ်နေတာလဲ။

'နေမင်း' နာရီကို ငုံ့ကြည့်ရင်း ရင်တွေပူလာပါပြီ။ 'လဝန်း' ဘယ်လိုနေမှာလဲ။ အမေကော ဘယ်လောက်များ ခံစားနေရမှာလဲ။

"ခင်ဗျားဗျာ... ဒီနေ့ ကျုပ်ရုံးမှာ လက်မှတ်ထိုးရမယ်ဆိုကာမှ လုပ်ရက်တယ်... ဒါ မမ တမင်လုပ်ခိုင်းတာ မဟုတ်လား"

'နေမင်း' ဒေါသတကြီး အော်ဟစ်လိုက်မိပါသည်။

ဒါကြောင့် အမေက မမနဲ့မပတ်သက်ခိုင်းတာ နေမှာ။ ခု ဘယ်နှယ့် လုပ်ကြမလဲ။

"အခု ခင်ဗျားတို့ ဘယ်သွားနေကြတာလဲ"

" 'ဒေါ်ဦးဦးသာ' ဆီကိုပါ"

"ကျွန်တော် မလိုက်တော့ဘူး... ခင်ဗျားတို့ကား အခုရပ်"

'နေမင်း' ကားတံခါးကိုဖွင့်မည်အပြု မန်နေဂျာ 'ဦးကျော်မြင့်' ကားတံခါးတွေရဲ့လော့ခ်အားလုံးကို ရီမုတ်တ်ကွန်ထရိုးဖြင့် ပိတ်ထားလိုက်ပါသည်။

"ဒါ ခင်ဗျားတို့ မတရားတာဘဲ... ဒီနေ့ ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



'လဝန်း' လက်ထပ်ကြမှာသိရဲ့နဲ့ ဒီလို မတရားလုပ်တာ ကောင်းသလား"

" 'မောင်နေမင်း' စိတ်ကို အေးအေးထားပါကွာ"

"ကျွန်တော် မထားနိုင်ဘူး... ပြီးတော့ 'ဒေါ်ဦးဦးသာ' ကို လည်း လိုက်မတွေ့နိုင်တော့ဘူး"

'နေမင်း' ပြောရင်း ဒေါသတွေထွက်လာခဲ့ပါသည်။ ဒါ အမေပြောသလို 'ဒေါ်ဦးဦးသာ' အမေ့ကို အနိုင်ယူလိုက်တာ မဟုတ်ဘူးလား။

ဒါကြောင့် အမေက ပြောခဲ့တာ။ 'ကမ္ဘာ' ဆိုတဲ့ မိန်းမနဲ့ မပတ်သက်ပါနဲ့လို့။

ဒီမိန်းမ ယုတ်မာတာတွေကို 'နေမင်း' အခုမှသိလိုက်ရသည်။ အဖေကိုယ်တိုင်လည်း ဒီမိန်းမ နှိပ်စက်လို့ ဘယ်လောက်များဒုက္ခရောက်ရှာမလဲ။

"ခင်ဗျားတို့ ရပ်မလား မရပ်ဘူးလား ပြော... မရပ်ရင် ဖြစ်ချင်တာဖြစ် ကျွန်တော် လုပ်ပစ်လိုက်မှာ"

'နေမင်း' ဒေါသဖြင့် ပြောလာတော့ မန်နေဂျာ 'ဦးကျော်မြင့်' က ပြေရာပြေကြောင်း လှည့်ပြောလာပါသည်။

"ခဏနေ 'ဦးဦးသာ' နဲ့တွေ့ရမှာပဲ 'မောင်နေမင်း' ရယ်...မင်း ဘာလို့ ဒီလောက်တောင် လောနေရတာလဲ"

ခဏနေဆိုပေမယ့် ခုပဲ ညနေသုံးနာရီထိုးလုပါပြီ။ သူတို့တွေ ဘယ်ကို သွားနေကြတာလဲ။

"ခင်ဗျားတို့ ဘယ်ကိုသွားနေတာလဲ..."

ကားက ပင်လယ်ကမ်းခြေလို့ နေရာတစ်နေရာကို ဦးတည်နေတာကြောင့် 'နေမင်း' အော်ဟစ်ကာ မေးလိုက်မိပါသည်။

"ဒါ ခင်ဗျားတို့ ချောင်းသာကို သွားနေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာ 'ဦးကျော်မြင့်' က ဘာမှ ပြန်မပြောပါ။

'နေမင်း' မှာသာ ဘာမှမပြောသာတော့သလို ကားပေါ်တွင် စိတ်ပျက်စွာ ပါအလာ လှပသစ်လွင်သော ဘန်ဂလိုလေးတစ်လုံး ရှေ့တွင် ကားကထိုးရပ်လိုက်ပါသည်။

"လာ 'မောင်နေမင်း' "

မန်နေဂျာ 'ဦးကျော်မြင့်' က ခေါ်ပေမယ့် 'နေမင်း' နေရာမှ တစ်ဖဝါးမှပင် မရွေ့ပါ။

သူကဆင်းပြီး ဘာလုပ်ရမှာလဲ။ ဘာမှ လုပ်စရာမရှိသလို 'ဒေါ်ဦးဦးသာ' ကိုလည်း သူ တွေ့စရာမလိုပါ။ သူ 'ဒေါ်ဦးဦးသာ' ရဲ့ အလုပ်သမားလည်း မဟုတ်တော့။

သည်အတွေးဖြင့် သူ ဆက်အထိုင်...

"မင်း 'ဦးဦးသာ' ကို တွေ့ရင် အရမ်းကိုအံ့သြသွားမှာပါ... ခဏလေးပဲဖြစ်ဖြစ် မင်း ဆင်းတွေ့လိုက်ပါ"

"မတွေ့ချင်ပါဘူးဗျာ... သူက ဘာမို့လို့လဲ"

'နေမင်း' နေရာမှာ ဆက်ပြီး ထိုင်နေလိုက်ပါသည်။

ထိုင်ရင်းထိုင်ရင်း သူ 'ဒေါ်ဦးဦးသာ' ကို ဒေါသတွေထွက် လာမိပါသည်။

ဒါ သူနဲ့ 'လဝန်း' ကို 'ဒေါ်ဦးဦးသာ' တမင် ခွဲလိုက်တာ မဟုတ်ဘူးလား။ 'လဝန်း' နဲ့ သူနဲ့ခွဲသလို အမေ့ကိုလည်း စိတ် ဆင်းရဲအောင် တမင် လုပ်လိုက်တာပဲလေ။

အခု အမေ ဘယ်လိုများ ခံစားနေရလေမလဲ။ အဖေ့တုန်းက လည်း အမေ ဒီမိန်းမကို အရှုံးပေးခဲ့ရပြီးပြီပဲ။ အခု သူ့လက်ထက် မှာကော အမေအရှုံးပေးရတော့မှာလား ....

ဘယ်တော့မှ အရှုံးမပေးစေရဘူး။ သူ့ခုပဲ ချောင်းသာက ပြန် ကာ အမေနဲ့ 'လဝန်း' ကို သွားတွေ့ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို မြင်သည်နှင့် အမေလည်း ပြုံးပျော်သွားမှာ သေချာသလို 'လဝန်း' လည်း စိတ်ချမ်းသာသွားမှာ သေချာပါသည်။

သည်အတွေးဖြင့် ကားပေါ်ကအဆင်း ...

"'မောင်နေမင်း' လိုက်ခဲ့ပါ... 'ဒေါ်ဦးဦးသာ' 'မောင်နေမင်း' ကို စောင့်နေပါတယ်"

"မလိုက်ဘူးဗျာ... သူခေါ်တိုင်း လိုက်ရအောင် ကျွန်တော် သူနဲ့ ဘာမှမဆိုင်တော့ဘူး... ကျွန်တော့်ကို 'လဝန်း' ဆီကိုပဲ ပြန်ပို့ပေး"

"ဒီကပြီးတာနဲ့ အန်ကယ်တို့ ပြန်ပို့ပေးဖို့ တာဝန်ယူပါတယ် 'မောင်နေမင်း' ရယ်... ခဏလေးပါ... မင်းစိတ်ချမ်းသာစေရမှာပါ"

မန်နေဂျာ 'ဦးကျော်မြင့်' က အနူးအညွတ် တောင်းဆိုလာသည်ဆိုတော့လည်း 'နေမင်း' ဘာမှ မပြောနိုင်တော့သလို သူတို့ခေါ်ဆောင်ရာနောက်ကို ခေါင်းစိုက်ကျကာ လိုက်လာခဲ့မိပါသည်။

စိတ်ထဲမှာတော့ အရမ်းကို ရှုပ်ထွေးနောက်ကျိနေပါသည်။

မမနဲ့ သူနဲ့ ဘာမှ ပတ်သက်စရာ မရှိတော့ပါ။ သူ့ဘဝက သူ့ဖာသူ အခြေကျနေခဲ့ပြီပဲ။

ဒါကို ရှုပ်ထွေးအောင် ဘာတွေလုပ်အုံးမလို့လဲ။

စိတ်ရှုပ်သော အတွေးများဖြင့် ဘန်ဂလို အခန်းဝကိုအရောက် မန်နေဂျာ 'ဦးကျော်မြင့်' နှင့် သူ့ဒရိုင်ဘာက အခန်းထဲကို လိုက်မဝင်ကြပါ။ အခန်းပြင်မှာ နေရစ်ခဲ့ကြပါသည်။

'နေမင်း' သာ အခန်းထဲကို ဝင်အလာ ....

"လာ 'မောင်နေမင်း' "

'နေမင်း' အရမ်းကို အံ့သြသွားခဲ့ရပါသည်။

ကုတင်ပေါ်မှာ ပက်လက်အနေအထားဖြင့် 'နေမင်း' ကို ဆီး



www.burmeseclassic.com

www.burmeseclassic.com



ကြိုနေတဲ့ မမက 'နေမင်း' အရင်တုန်းက မြင်ခဲ့ဘူးတဲ့ မမ မှာ ဟုတ် သေးရဲ့လား။

ပါးလျားပိန်လှီကာ ဖြူဖျော့ပြီး မျှော်လင့်ချက်ကင်းမဲ့နေသော လူမမာပုံစံမျိုးပါ။

မမ ဘာဖြစ်တာလဲ။

သူနဲ့ မတွေ့ရတာ လပိုင်းပဲရှိသေးသည်။ မမ ဘယ်လို ပြောင်းလွဲသွားတာလဲ။

အံ့ဩလွန်းတာကြောင့် ဘာမှ မပြောနိုင်တော့သလို။ မမကို အငေး မမက မျက်ရည်များကြားမှ ပြုံးကာ 'နေမင်း' ကို ငေးကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၉

ကျွန်မ အခြေအနေကို ကျွန်မသိပါသည်။

ကျွန်မ မကြာခင်မှာ ချစ်ရသူကိုကော မချစ်မနှစ်သက်သူတွေကိုပါ ခွဲခွာကာ ကျွန်မ ဘယ်တော့မှ မပြန်နိုင်သော လမ်းကို လျှောက်လှမ်းရတော့မည် မဟုတ်ပါလား။

ဒီအချိန်မှာ ကျွန်မ ပျော်ပျော်ကြီး နေသွားချင်ပါသည်။

ကျွန်မ ချစ်ရသူကို တဝကြီး ကြည့်သွားချင်ပါသည်။

သည်အတွေးများပါသော မျက်ဝန်းဖြင့် ချစ်သူကိုအငေး ...

"မမ ဘာဖြစ်တာလဲ"

'နေမင်း' က သူမရဲ့လက်ကို ကိုင်ကာ အံ့သြစွာ မေးနေပါသည်။

"မမ မကြာခင် လူ့လောကထဲက ထွက်ခွာရပါတော့မယ်... မသွားခင်လေး မင်းကိုတွေ့ချင်လွန်းလို့ မန်နေဂျာ 'ဦးကျော်ငြိမ်း' ကို အကူအညီတောင်းပြီး ခေါ်ခိုင်းလိုက်ရတာပါ... မင်း မမကို စိတ်ဆိုးနေလား"



www.burmeseclassic.com

www.burmeseclassic.com



'နေမင်း' ဘာမှ မပြောဘဲ ခေါင်းကို ငိုက်စိုက်ချထားပါသည်။

လောကကြီးကို အရှုံးပေးပြီး ထွက်သွားတော့မည့် လူတစ်ယောက်ကို သူ ဖက်ပြိုင်ပြီး ရန်မဖြစ်ချင်ပါ။

"မမ မင်းကို သိပ်ချစ်ပါတယ်... မမဘဝဟာ ခက်ထန်ကြမ်းတမ်းခဲ့လွန်းလို့ အချစ်ဆိုတာကို ဘယ်လိုမှ ထိတွေ့ခံစားလို့ မရခဲ့ပါဘူး... မင်းကိုတော့ မန္တလေးအိမ်မှာတွေ့ပြီးတည်းက မမရင်ထဲမှာ စွဲမြဲခဲ့တယ်... ပြန်တွေ့ခဲ့ရပြန်တော့လည်း သံယောဇဉ်တွေ ပိုခဲ့မိတယ်... ဒါပေမယ့် မမက လိပ်ပြာကျိန်စာ မိနေတဲ့ လူတစ်ယောက်ဆိုတော့ မမရဲ့အချစ်ကို ဖွင့်ပြောခွင့် မသာခဲ့ပါဘူး"

ပြောရင်း မမက မောနေတာမို့ အသက်ကို ခက်ခဲပင်ပမ်းစွာ ရှူနေရတာကြောင့် 'နေမင်း' တားလိုက်မိပါသည်။

"မပြောပါနဲ့တော့ မမ... ကျွန်တော် မမပြောမှာတွေကို နားလည်နေပါတယ်... ဒါပေမယ့် ဖြစ်မှ မဖြစ်နိုင်တော့တာပဲ... ကျွန်တော့်မှာ 'လဝန်း' ရှိနေပြီ"

"မမ သိပါတယ်... သိလို့လည်း မမ မင်းကို အချိန်မီ ခေါ်လိုက်တာပါ"

မမက မောဟိုက်စွာ ပြောရင်း သူမ ကုတင်ဘေးနားရှိ စားပွဲပေါ်မှ ဘဲလ်ကို နှိပ်လိုက်တော့ မန်နေဂျာ 'ဦးကျော်မြင့်' အခန်းထဲကို ဝင်လာပါသည်။

" 'ဦးဦး' လုပ်ခိုင်းတာတွေအားလုံး ပါလာပြီလား 'ဦးကျော်မြင့်' "

"ပါလာပါပြီ 'ဦးဦး' "

'ဦးကျော်မြင့်' သူကိုင်လာသော သားရေအိတ်အပြားကြီးထဲက စာရွက်စာတမ်းတွေကို ထုတ်ပေးပါသည်။

စာရွက်စာတမ်းတွေဆိုတာထက် စာချုပ်စာတမ်းတွေဆို ၄



www.burmeseclassic.com

www.burmeseclassic.com



မှန်မည်ထင်ပါသည်။

မန်နေဂျာ 'ဦးကျော်မြင့်' က တစ်ခုချင်းကို ရှင်းပြနေပါသည်။

"ဒါက တက္ကသိုလ်ရိပ်သာလမ်းက ခြံနဲ့တိုက်နဲ့ ဂရန်တွေပါ 'ဦးဦး'… ဟောဒါက ကုမ္ပဏီတိုက်ခန်းစာချုပ်နဲ့ ကားစာအုပ်တွေပါ… ဒါက အင်းလျားလမ်းက ခြံနဲ့တိုက်ရဲ့ ဂရန်မူရင်းတွေပါ"

ကျွန်မအားလုံးကို ယူကာ 'မောင်နေမင်း' ကို လှမ်းပေးလိုက်ပါသည်။

"ဒါတွေ ပေးချင်လွန်းလို့ မင်းကို မမ ဒီကိုရောက်အောင် ခေါ်လာခိုင်းရတာပါ"

"ကျွန်တော် ဒါတွေယူပြီး ဘာလုပ်ရမှာလဲ မမ"

'နေမင်း' ပါးပေါ် မျက်ရည်များ စီးကျလာခဲ့ရပါသည်။

"ဒါတွေရဖို့အတွက် မမ အရှမ်းကို အပင်ပမ်း ခံခဲ့ရတာ… မချစ်မနှစ်သက်တဲ့သူရဲ့ ရင်ခွင်ထဲကိုလည်း တိုးဝင်ခဲ့ရတယ်… မင်းလေးကိုတော့ မမ ဒီလိုမဖြစ်စေချင်ဘူး… မြင်လည်း မမြင်ရက်ဘူး"

"ခု ကျွန်တော်တို့လည်း ကျွန်တော်တို့ ဖာသာ အဆင်ပြေနေပြီပဲ… မယူပါရစေနဲ့ မမရယ်… ဒါတွေကိုရောင်းပြီး မမ နိုင်ငံခြားမှာ ဆေးသွားကုပါလား"

ဆရာဝန်ပေးတဲ့ ဆေးတွေကိုတောင် ကျွန်မ မသောက်ခဲ့တာကြာပါပြီ။

နိုင်ငံခြားမှာ ဆေးသွားကုတော့လည်း ကျွန်မအသက်ရှင်နေရတာ ဘာအတွက်ဖြစ်မှာလဲ။

ကျွန်မ အသက်ဆက်မရှင်ချင်တော့ပါ။

"မမကို ချစ်ရင် မင်း ဒီစာချုပ်တွေကို လက်ခံပေးပါ"

"ကျွန်တော် မမကို ချစ်ပါတယ်… ဒါပေမယ့် ဒီစာချုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျွန်တော့်ရဲ့စိတ်ကို မချည်နှောင်ပါနဲ့... ကျွန်တော် မမကိုချစ်တာ ဖြူဖြူစင်စင်နဲ့ ချစ်ခဲ့တာပါ"

"မမ သိပါတယ်... ဒါပေမယ့် မမ မင်းကို ဒါတွေပေးတာလည်း ဖြူဖြူစင်စင်နဲ့ ပေးခဲ့တာ... ဒီပစ္စည်းတွေအားလုံးဟာ မင်း အဖေပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းတွေနဲ့ မမရှာဖွေထားခဲ့တာပါ... ဒါတွေကို သားဖြစ်တဲ့မင်းပဲ ပိုင်ဆိုင်ခွင့်ရှိပါတယ်"

"ဒါဆို မမ မိဘတွေအတွက် မမ တာဝန်မကျေတော့ဘူးပေါ့"

မမ ခြောက်သွေ့စွာ ပြုံးနေသည်။

ကျွန်မတာဝန်ကျေခဲ့လို့သာ ဒီပစ္စည်းတွေကို ကျွန်မနာမည်နဲ့ပေါက်အောင် လုပ်ခဲ့ပြီးပြီပဲ။

"မမ မောတယ်... ခဏလောက်မှေးချင်တယ်"

မမက ပြောရင်းတန်းလန်းမှ မျက်လုံးကို မှိတ်ကာ အမောဖြေနေပါသည်။

အသက်ကို ခက်ခဲပင်ပမ်းစွာ ရှူနေရသော မမကို ကြည့်ပြီး 'နေမင်း' စိတ်မကောင်းပါ။

ဒီလိုနဲ့ပဲ မမ လူ့လောကထဲက ထွက်သွားတော့မှာလား။

ညဥ့်လယ်ပိုင်းတွင် မမ ပြန်သတိရလာကာ 'နေမင်း' ကို တိုးတိုးလေးပြောပါသည်။

"လိပ်ပြာလေးတစ်ကောင် မမဆီကို လာနေတယ်"

'နေမင်း' အခန်းထဲကို လှည့်ပတ် ကြည့်လိုက်ပါသည်။ ဘယ်လိပ်ပြာမှ အခန်းထဲကို ဝင်လာတာ မတွေ့ရပါ။

"လိပ်ပြာလေးက အဝါရောင်လေး... အနက်စက်လေးတွေလည်းပါတယ်... မမကို လာခေါ်နေတယ် မမ လိုက်သွားရမလား"

"မမ ဘာတွေ ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မမရဲ့ ကယောင်ကတမ်းပုံစံကိုကြည့်ကာ 'နေမင်း' ငိုချင်လာပါပြီ။

မန်နေဂျာ 'ဦးကျော်မြင့်' ဖုန်းဆက်ခေါ်လိုက်တာကြောင့် မမရဲ့ အထူးကုဆရာဝန်ကြီးလည်း မမအပါးကို ရောက်လာပါပြီ။

စမ်းသပ်ပြီးတော့ ဆရာဝန်ကြီးက ခေါင်းခါပြကာ လူနာနောက်ဆုံးအချိန်ကို ရောက်နေကြောင်း တိုးတိုးပြောပြပါသည်။

'နေမင်း' ပါးပေါ် မျက်ရည်များ စီးကျလာခဲ့ပါသည်။ မမဒီလိုနဲ့ပဲ သွားတော့မှာလား။

"မမ မသွားရဘူး"

'နေမင်း' က ပြောတော့ မမက ခေါင်းခါသည်။

"မမ မသွားလို့ မဖြစ်တော့ဘူး... မမကို ခွင့်လွှတ်ပါ"

"မမ"

'နေမင်း' အသံနက်ကြီးဖြင့် အော်ခေါ်နေဆဲ မမက သူ့ကိုကျောခိုင်းကာ အဝေးကို ပြေးလွင့်သွားခဲ့ပါပြီ။

'နေမင်း' မမကို ထာဝရဆုံးရှုံးခဲ့ရပါပြီ။

မမကို သင်္ဂြိုဟ်ပြီး၍ 'နေမင်း' အိမ်ကို ပြန်လာချိန်တွင် အမေ မရှိတော့ပါ။

'နေမင်း' ထွက်သွားတဲ့ ညမှာပဲ အမေလည်း ဆုံးပါးသွားခဲ့ပြီတဲ့။

'နေမင်း' ပြန်ရောက်တဲ့အချိန်မှာ အမေ့ရဲ့ အလောင်းကိုပဲ မြင်ရပါတော့သည်။

အမေ့ကို အပြစ်တင်ရမှာလား။ မမကို အပြစ်တင်ရမှာလား။ 'နေမင်း' ဝေခွဲ၍ မရတော့ပါ။

လောလောဆယ် နားထဲကြားနေတာက မမရဲ့ အသံတိုးတိုးလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာလေးတစ်ကောင် မမကို လာခေါ်နေသတဲ့။

လိပ်ပြာလေးက အဝါလေးဖြစ်ကာ ကိုယ်ပေါ်တွင် အနက်စက်လေးတွေလည်း ပါသတဲ့။

ဒီလိပ်ပြာလေးကပဲ အမေ့ကိုပါ လာခေါ်သွားခဲ့တာလား။

'နေမင်း' တွေးနေချိန် အဝါရောင် လိပ်ပြာလေးတစ်ကောင် 'နေမင်း' အပါးကို ကပ်လာကာ 'နေမင်း' ရဲ့ ပုခုံးပေါ်မှာ လာနားပါသည်။

'နေမင်း' သေသေချာချာလှမ်းကြည့်လိုက်တော့ လိပ်ပြာလေးရဲ့ ကိုယ်ထည်မှာ အနက်စက်လေးတွေကို လှပစွာ တွေ့လိုက်ရပါသည်။

ရွှင်လန်းချမ်းမြေ့ပါစေ

[illegible]

ဝေငွေဝေအောင်



www.burmeseclassic.com